# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းက သာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၀)


၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက် | ၂၀၁၇ ခုနှစ်၊ မေ ၁၅ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၂၄)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## Belt and Road နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ဖွင့်ပွဲ အခမ်းအနားတက်ရောက်




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် **Belt and Road** နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်

**ပေကျင်း မေ ၁၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ တရုတ်အမျိုးသားကွန်ဗင်းရှင်းစင်တာ (CNCC) ၌ ကျင်းပသည့် Belt and Road နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

One Belt and One Road ညီလာခံဖွင့်ပွဲအခမ်းအနားသို့ ရုရှားသမ္မတ Vladimir Putin၊ တူရကီသမ္မတ Recep Tayyip Erdogan၊ အီတလီဝန်ကြီးချုပ် Paolo Gentiloni၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr.Antonio Guterres ၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)အကြီးအကဲ Christine Lagarde နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့မှ ခေါင်းဆောင်များ တက်ရောက်ကြပြီး ဥရောပနှင့် အရှေ့ဥရောပနိုင်ငံများဖြစ်သည့် ဂရိ၊ ဘယ်လာရုစ်၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ တောင်ကိုရီးယား၊ အီသီယိုပီးယား စသည့်နိုင်ငံများမှ ခေါင်းဆောင်များ တက်ရောက်ကြသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❁


### ကျိုင်းတုံမြို့နယ်၌ အဘယမုဒြာဆင်းတုတော်တည်ဆောက်ပူဇော်ခြင်းနှင့် ဗုဒ္ဓဥယျာဉ်တည်ဆောက်ရန် အလှူငွေပေးအပ်ပွဲကျင်းပ


စာ » ၅


### ဒီလိုအချိန်အခါမျိုးဟာ မြန်မာနိုင်ငံအဖို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်ရာမှာ အလွန်ကြီးမားတဲ့ အခွင့်အလမ်းတစ်ရပ်ဖြစ်ပါတယ်


တွေ့ဆုံမေးမြန်း စာ » ၆



KBZ BANK
STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# တရားဥပဒေစိုးမိုးရေးကို အလေးထား

နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေး ခိုင်မာအားကောင်းမှသာ နိုင်ငံအတွင်းရှိ ပြည်သူများ၏ လူမှုဘဝလုံခြုံစိတ်ချပြီး အေးချမ်းသာယာစွာဖြင့် စိတ်ချမ်းမြေ့စွာနေထိုင်နိုင်မည်ဖြစ်သည်။ တရားဥပဒေစိုးမိုးမှု၊ နယ်မြေအေးချမ်းမှုအားနည်းသောအခါ ပြည်သူများမှာ စိုးရိမ်ထိတ်လန့်မှုများဖြင့် နောက်ကျောမလုံ၊ အသက်မွေးဝမ်းကျောင်းအလုပ် ကောင်းစွာမလုပ်နိုင်သည့်အဖြစ်ကို ရောက်ရသည်။

မြန်မာနိုင်ငံတွင် ရာဇဝတ်မှု မှုခင်းများ ယခင်ထက်စာလျှင် တစ်စတစ်စ ပိုများလာသည်ဟု ဆိုနိုင်သည်။ လူအချို့ ကိုယ်ကျင့်တရားပျက်ပြားခြင်းကြောင့် လည်းကောင်း၊ စားဝတ်နေရေးခက်ခဲသောကြောင့် လည်းကောင်း၊ မကောင်းမှုနယ်ပယ် ကျယ်ပြန့်လွှမ်းမိုးလာသောကြောင့် လည်းကောင်း၊ လောဘ၊ ဒေါသ၊ မောဟတရားများ အားကြီးလာသောကြောင့် လည်းကောင်း ရာဇဝတ်မှုများ များပြားလာရခြင်း အကြောင်းရင်းဟု ဆိုရမည်။

ရှေးရှေးကာလများက မိမိတို့၏နေအိမ်များကို တံခါးဖွင့်ပြီး အိပ်၍ရသည့်အနေအထားများရှိခဲ့သည်ဟု ဆိုပါသည်။ အထူးသဖြင့် ကျေးလက်တောရွာများတွင် ထိုစဉ်ကရှိတတ်သည့် သူခိုးသူဝှက်အန္တရာယ်ကိုပင် စိုးရိမ်စရာမလိုဘဲ တံခါးမရှိ၊ ဓားမရှိ အိပ်နိုင်၊ နေနိုင်ကြပါသည်။ မြို့ပြများတွင် ခိုးဆိုး၊ ခါးပိုက်နှိုက်နှင့်ခိုက်ရန်ဖြစ်ပွားမှုသာ တစ်ခါတစ်ရံရှိတတ်ပြီး အခြားရာဇဝတ်မှုကြီးကြီးမားမားမှာ ဖြစ်ပွားမှုရှားလှသည်။

ယင်းနောက်ပိုင်းတွင် လူသတ်၊ ဓားပြတိုက်၊ ခိုးဆိုး၊ ခါးပိုက်နှိုက်၊ ခိုက်ရန်ဖြစ်ပွားမှု ရာဇဝတ်မှုများ ရှိခဲ့ပါသည်။ သို့သော် ထိုရာဇဝတ်မှုများမှာ ဖြစ်ခဲကြုံခဲပြီး ဖြစ်ပွားလျှင်လည်း အချိန်မီဖမ်းဆီးအရေးယူမှု ပြုနိုင်ခဲ့သည်။ ဒုစရိုက်သမားသည် တရားဥပဒေကိုကြောက်ရွံ့သည်။ လုံခြုံရေးအဖွဲ့အစည်းကိုလည်း ထိတ်လန့်ကြသည်။ ရာဇဝတ်ဘေး ပြေးမလွတ်ဟူသည်မှာ ထိုစဉ်အခါက လက်သုံးစကားဖြစ်ခဲ့သည်။

မျက်မှောက်ကာလတွင် ရာဇဝတ်မှုကြီးကြီးမားမားများ ပိုများလာသည်ကိုတွေ့ရသည်။ အထူးသဖြင့် လူငယ် လူရွယ်အချို့မှာ ကြီးမားသည့် ရာဇဝတ်မှုများတွင် ပါဝင်လာကြပြီး မူးယစ်ဆေးဝါးအမှုများမှာ မြို့တိုင်းလိုလိုတွင် ကျယ်ကျယ်ပြန့်ပြန့် နေရာယူလာသည်ကို တွေ့ရသည်။ ကျေးလက်များတွင် သက်ငယ်မုဒိမ်းမှုများ အဖြစ်များလာပြီး မြို့ပြများတွင် အနုကြမ်းစီးမှုနှင့်အုပ်စုဖွဲ့အကြမ်းဖက်လုပ်ရပ်များ တိုးလာသည်ကို တွေ့ရသည်။

ရပ်ရွာအေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကို တာဝန်ယူကြသောအဖွဲ့အစည်းများအနေဖြင့် မြို့ရွာများအေးချမ်းသာယာရေးအတွက် ဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေသော်လည်း ဒုစရိုက်သမားများမှာ ပန်းပန်လျက်ပင်ရှိသေးသည်။ ဖြစ်ပေါ်ခဲ့သောရာဇဝတ်မှုများအနက် အချို့ကိုထုတ်ဖော်ဖမ်းဆီးရမိခဲ့သော်လည်း ကြီးမားသော ရာဇဝတ်မှုခင်းကြီးအချို့ကို ကာလရှည်ကြာစွာ မဖော်ထုတ်နိုင်ခြင်းကိုလည်း ပြန်လည်သုံးသပ်ဖြေရှင်းဆောင်ရွက်ရန် လိုအပ်လာသည်။

ရာဇဝတ်မှုခင်းများ တိုးလာခြင်းသည် အထက်ဖော်ပြပါအကြောင်းတရားများကြောင့် ဖြစ်လာရသည်မှန်သော်လည်း ရာဇဝတ်မှုခင်းများ လျော့နည်းကျဆင်းလာအောင် မဖြစ်မနေဝိုင်းဝန်းကြံဆ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နယ်မြေဒေသအလိုက် ပြည်သူများ နိုးကြားတက်ကြွစွာဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ လုံခြုံရေး၊ တရားစီရင်ရေးတို့ကို ဟန်ချက်ညီအောင် ဆောင်ရွက်ရေးတို့ ဦးစားပေးဖော်ဆောင်ကြရမည်ဖြစ်သည်။

မဖြစ်သင့်မဖြစ်ထိုက်သော ဖြစ်စဉ်အကြောင်းတရားများတွင် အသိအမြင်နည်းပါးခြင်းသည်လည်း အရင်းခံ အကြောင်းတရားဖြစ်၍ လူငယ်လူရွယ်များနှင့် ပြည်သူများ မှုခင်းအသိပညာပေးရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ရာဇဝတ်မှုမကျူးလွန်ရဲအောင် ကြိုတင်ဟန့်တားခြင်း၊ ဖြစ်ပွားလျှင်လည်း အချိန်နှင့်တစ်ပြေးညီ ရှာဖွေဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းတို့အတွက် တပ်ဖွဲ့အင်အား၊ နည်းပညာစွမ်းအား၊ စုံစမ်းထောက်လှမ်းမှုစွမ်းပကားများ တိုးတက်လာအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှသာလျှင် ပြည်သူများ နေရာဒေသ၊ အချိန်ကာလမရွေး စိတ်အေးချမ်းသာစွာဖြင့် ရပ်တည်နေထိုင်နိုင်မည်ဟု သုံးသပ်ဆင်ခြင်မိပါသည်။ ။




## အငြိမ်းစားလစာများကို မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်သည့် Mobile Payment လုပ်ငန်းဆောင်ရွက်

**နေပြည်တော် မေ ၁၄**

MPT, MECTeL Sim Card အသုံးပြုသူ အငြိမ်းစားများ၏ အငြိမ်းစား လစာများကို မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်သည့် Mobile Payment ဝန်ဆောင်မှုလုပ်ငန်းကို မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ အင်းဝဘဏ်လီမိတက်၊ Myanmar Mobile Money (MMM)တို့အကျိုးတူပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အငြိမ်းစားများသည် မိုဘိုင်းဝန်ဆောင်မှုစနစ် ချိတ်ဆက်ထားပြီး ဘဏ်သို့စဉ်ဆက်မပြတ်ဆောင်ရွက်ရန် Standing Instruction ပေးထားခြင်းဖြင့် ဘဏ်သို့အကြိမ်ကြိမ်လာရောက်ရန်မလိုဘဲ ကိုယ်တိုင်အငြိမ်းစား လစာထုတ်ယူခြင်းဖြစ်ပါက ခြောက်လတစ်ကြိမ်၊ မိသားစုအငြိမ်းစား လစာထုတ်ယူခြင်း ဖြစ်ပါက သုံးလတစ်ကြိမ် လူတွေ့စစ်ဆေးခံကာ နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ် ခရိုင်၊ မြို့နယ်ဘဏ်ခွဲပေါင်း ၂၆၂ ဘဏ်ရှိ Point of Sale (POS) စက်တွင် လည်းကောင်း (သို့မဟုတ်) MMM က ခန့်အပ်ထားသော ပြင်ပအေးဂျင့်များရှိ POS စက်တွင် လည်းကောင်း လွယ်ကူအဆင်ပြေစွာ အငြိမ်းစားလစာထုတ်ယူနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်ပြည်သူများနှင့်တွေ့ဆုံ

**တပ်ကုန်း မေ ၁၄**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်ပြည်သူများ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို မေ ၁၄ ရက် နံနက် ၁၀ နာရီက မြို့နယ်အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်(၅) ဦးမင်းသိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေတို့က ဒေသခံပြည်သူလူထု၏ လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရန် တွေ့ဆုံရခြင်းဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် တပ်ကုန်းမြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်တင့်က ပြည်သူ့လွှတ်တော်ဆိုင်ရာကိစ္စရပ်များနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော မြို့မ(၆) ရပ်ကွက်မှ ဒေသခံ ပြည်သူများ၏ တင်ပြချက်များကို လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**



## ဥပဒေဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်

**သထုံ မေ ၁၄** - မွန်ပြည်နယ် သထုံမြို့နယ် နောင်ဘိုကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျေးလက်နေပြည်သူများ ဥပဒေရေးရာအကြောင်း နားလည်နိုင်စေရန် မြန်မာမီဒီယာရှေ့နေများ ကွန်ရက်မှ မေ ၁၃ ရက်က ဥပဒေဆိုင်ရာအသိပညာပေးသင်တန်းကို လာရောက်ပြုလုပ်ခဲ့သည်။ သင်တန်းတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့က သင်တန်းပြုလုပ်ရခြင်းကို ရှင်းလင်းပြောကြားပြီး မြန်မာမီဒီယာရှေ့နေများကွန်ရက်မှ ဥပဒေပညာရှင်များက ရာဇသတ်ကြီးဥပဒေ၊ မြေယာဥပဒေ၊ ရပ်ကျေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ သက်ဆိုင်ရာဒေသအလိုက် ထုတ်ပြန်ထားသော ဥပဒေများ၊ ပြည်နယ်လွှတ်တော်များက ထုတ်ပြန်ထားသော ဥပဒေများ စသည့်ဥပဒေဆိုင်ရာအသိပညာများကို တစ်ရက်ကြာ ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၄-၅-၂၀၁၇

**ခင်ရတနာ-စုစည်းသည်။**

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၇၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၇၅/၇၀၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၈၅/၇၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၄၈၀ | ·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၂ | ·၂၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ | ·၁၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁၀ |
| တရုတ် | တစ်ယွမ် | ၁၉၇ | ·၃၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၃ | ·၀၀ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွစ်ဇာလန်သမ္မတ၊ သီရိလင်္ကာ၊ ပိုလန်နှင့် မွန်ဂိုလီးယားနိုင်ငံဝန်ကြီးချုပ်တို့ တွေ့ဆုံ

**ပေကျင်း မေ ၁၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွစ်ဇာလန်နိုင်ငံသမ္မတ၊ သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်၊ ပိုလန်နိုင်ငံ ဝန်ကြီးချုပ်နှင့် မွန်ဂိုလီးယားနိုင်ငံ ဝန်ကြီးချုပ်တို့သည် ယနေ့တွင် ပေကျင်းမြို့၌ သီးခြားစီ တွေ့ဆုံသည်။

**ဆွေးနွေး**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွစ်ဇာလန်နိုင်ငံသမ္မတ H.E. Mrs. Doris Leuthard တို့သည် ဒေသစံတော်ချိန် နံနက် ၁၀နာရီခွဲတွင် Intercontinental Hotel ၌ တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Ranil Wickremesinghe တို့ တွေ့ဆုံဆွေးနွေးစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆွစ်ဇာလန်နိုင်ငံသမ္မတ H.E. Mrs. Doris Leuthard အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မွန်ဂိုလီးယားနိုင်ငံဝန်ကြီးချုပ် H.E.Mr. Erdenebat Jargaltulga အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Ranil Wickremesinghe တို့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် အဆိုပါဟိုတယ်၌ ဆက်လက်တွေ့ဆုံပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကဏ္ဍတိုးမြှင့်ဖော်ဆောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးနှင့် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့အတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပိုလန်နိုင်ငံဝန်ကြီးချုပ် H.E.Ms.Beata Szydlo တို့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ပေကျင်းမြို့ရှိ ကျောက်ယုထိုင်နိုင်ငံတော် ဧည့်ဂေဟာ၌လည်းကောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မွန်ဂိုလီးယားနိုင်ငံဝန်ကြီးချုပ် H.E.Mr. Erdenebat Jargaltulga တို့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် အဆိုပါဧည့်ဂေဟာ၌ လည်းကောင်း သီးခြားစီတွေ့ဆုံကြပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကဏ္ဍ တိုးမြှင့်၊ ဖော်ဆောင်ရေး၊ စီးပွားရေးနှင့် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဦးကျော်တင်၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပိုလန်နိုင်ငံဝန်ကြီးချုပ် H.E.Ms.Beata Szydlo တို့ တွေ့ဆုံဆွေးနွေးစဉ်




တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် Belt and Road နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ဖွင့်ပွဲ အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်

❀ ရှေ့ဖုံးမှ

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က အဖွင့်အမှာစကားပြောကြားပြီး ရုရှားသမ္မတ Vladimir Putin ၊ တူရကီသမ္မတ Recep Tayyip Erdogan နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr.Antonio Guterres တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ Great Hall of the People ၌ ကျင်းပသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ပြီး National Centre for the Performing Arts (NCPA) ၌ ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကပြသည့် ပြဇာတ်ကို ကြည့်ရှုအားပေးသည်။

တရုတ်နိုင်ငံသည် ဥရောပနှင့် အာရှနိုင်ငံများအကြား ကုန်းလမ်းနှင့် ရေလမ်း ကုန်သွယ်ရေးလမ်းကို တစ်ဆက်တစ်စပ်တည်းပေါင်းစည်းရန် ရည်ရွယ်ပြီး ကုန်သွယ်ရေးပိုးလမ်းမကြီးကို အခြေခံချဲ့ထွင်ကာ "One Belt and One Road" စီမံချက်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် "One Belt and One Road" မဟာစီမံချက်သည် ပိုးလမ်းမကြီး စီးပွားရေးလမ်းကြောင်းနှင့် ၂၁ ရာစု ရေကြောင်းပိုးလမ်းမကြီးကို ရည်ညွှန်းခေါ်ဆိုထားခြင်းဖြစ်ကြောင်း၊ "One Belt and One Road" မဟာစီမံချက်သည် စီမံချက်ဖြတ်သန်းရာ နိုင်ငံများ၏ စီးပွားရေးစည်ပင်ဝပြောမှုနှင့် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် အကျိုးဖြစ်ထွန်းစေရန်၊ မတူညီသောယဉ်ကျေးမှုများကို ဖလှယ်ရင်း ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးကာ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြည်သူများကို အကျိုးဖြစ်ထွန်းစေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက ဦးဆောင်ဦးရွက်ပြုကာ ကြိုးပမ်းဆောင်ရွက်နေသော မဟာစီမံချက်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း နယူးဇီလန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၁၄**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၈ ရက်မှ ၁၂ ရက်အထိ နယူးဇီလန်နိုင်ငံ၏ နိုင်ငံ့ ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းစဉ်များကို လေ့လာရန် သွားရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် လေ့လာရေးခရီးစဉ်အတွင်း နယူးဇီလန်နိုင်ငံ၏အစိုးရအုပ်ချုပ်မှုပုံစံ၊ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှု၊ နိုင်ငံ့ဝန်ထမ်းရေးရာ ကော်မရှင်၏အခန်းကဏ္ဍနှင့် ပြုပြင်ပြောင်းလဲမှု၊ အီလက်ထရွန်နစ်နည်းပညာအသုံးပြု၍ လေ့လာသင်ယူခြင်း၊ ဗစ်တိုးရီးယားတက္ကသိုလ်မှ အာဆီယံနိုင်ငံများအတွက် ကာလတိုသင်တန်းများပေးခြင်း၊ အဆင့်မြင့်အရာရှိကြီးများ၏ နယူးဇီလန်နိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်မှု၊ နိုင်ငံ့ဝန်ထမ်းရေးရာကော်မရှင်၏ ခေါင်းဆောင်မှု အခန်းကဏ္ဍ၊ နယူးဇီလန်နိုင်ငံဝန်ထမ်းစနစ်တွင် ဖြောင့်မတ်မှန်ကန်စွာဖြင့် ပြည်သူအား ဝန်ဆောင်မှုပေးသည့် လုပ်ငန်းစဉ်များကို လေ့လာကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေနှင့် နည်းဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားရှိသော ဝန်ထမ်းများ ရွေးချယ်ခန့်ထားခြင်း၊ ဝန်ထမ်းရေးရာခံစားပိုင်ခွင့်များ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြဋ္ဌာန်းချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် နယူးဇီလန်နိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းရေးရာ ကော်မရှင်ဥက္ကဋ္ဌနှင့် ဝန်ကြီးအဆင့်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းရွေးချယ်ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်းစသည့် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းဆိုင်ရာတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

## မစ္စတာ ဟက်တာ ကော်န်ဒီအယ်လ်မေးဒါးအား မြန်မာနိုင်ငံဆိုင်ရာ ကျူးဘားသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

**နေပြည်တော် မေ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဟက်တာ ကော်န်ဒီအယ်လ် မေးဒါးအား ခန့်အပ်ရန် ကျူးဘားသမ္မတနိုင်ငံအစိုးရမှ အဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

Mr. Hector Conde Almcida ကို ၁၉၆၃ ခုနှစ်တွင် မွေးဖွားခဲ့ပါသည်။ ၎င်းသည် စပိန်နိုင်ငံ၊ မက်ဒရစ်မြို့ရှိ Carlos III တက္ကသိုလ်မှ ဥရောပသမဂ္ဂဥပဒေဖြင့် မဟာဘွဲ့ကိုရရှိထားသူဖြစ်ပါသည်။ ၁၉၈၇ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ သိပ္ပံ၊ နည်းပညာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန၏ နျူကလီးယားသိပ္ပံရေးရာ အတွင်းရေးမှူးချုပ်ရုံးတွင် အထူးကျွမ်းကျင်အရာရှိအဖြစ်လည်းကောင်း၊ ၁၉၉၅ ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၏ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာနခွဲတွင် ဌာနအကြီးအကဲအဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကျူးဘားသံရုံးတွင် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် သိပ္ပံ / နည်းပညာဆိုင်ရာ ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ သိပ္ပံ၊ နည်းပညာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီး ဌာန၊ နိုင်ငံတကာဆက်ဆံရေးဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်အသီးသီးထမ်းဆောင်ခဲ့ပါသည်။ မစ္စတာ ဟက်တာ ကော်န်ဒီ အယ်လ်မေးဒါးသည် စပိန်ဘာသာစကားအပြင် အင်္ဂလိပ်ဘာသာစကားနှင့် ရုရှားဘာသာစကားတို့ကို တတ်ကျွမ်းသည်။

မစ္စတာ ဟက်တာ ကော်န်ဒီအယ်လ်မေးဒါးသည် ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကျူးဘားသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# ဒေါက်တာလှမောင်ဖောင်ဒေးရှင်းက ဒုတိယအကြိမ် ဘိုးဘွားများအားလှူဒါန်း၊ ထူးချွန်သူများဂုဏ်ပြု

**နေပြည်တော် မေ ၁၄**

နေပြည်တော် ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)၏ ဦးစီးနာယက သံအမတ်ကြီး ဦးလှမောင် (သံအမတ်ကြီး (ငြိမ်း) ဒေါက်တာ လှမောင် ဖောင်ဒေးရှင်း)က ကြီးမှူး၍ ပျဉ်းမနားမြို့တွင်းရှိ အသက် ၈၀ နှင့်အထက် ဘိုးဘွားများအား လှူဒါန်းခြင်းနှင့် ၂၀၁၅/ ၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းကို မေ ၁၄ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့ ဇာတိချက်ကြွေ ပျဉ်းမနားမြို့နယ်အသင်း (ရန်ကုန်)၏ ဦးစီးနာယက သံအမတ်ကြီး (ငြိမ်း)ဒေါက်တာ ဦးလှမောင်က ဂုဏ်ပြုပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ဦးမော်သန်းနှင့် နေပြည်တော် ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့်အောင်တို့က ပီတိစကားများ ပြောကြားခဲ့သည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ဂုဏ်ပြုအခမ်းအနားတွင် အသက် ၈၀ နှင့်အထက် ဘိုးဘွား ၁၂၃ ဦး၊ အသက် ၁၀၀ ပြည့် ဘိုးဘွား နှစ်ဦး စုစုပေါင်း ၁၂၅ ဦးနှင့် ၂၀၁၅/ ၂၀၁၆ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာရ ကျောင်းသား ကျောင်းသူ ၁၇ ဦး၊ လေးဘာသာ ၁၂ ဦး၊ ငါးဘာသာ ခြောက်ဦး၊ ခြောက်ဘာသာ ခုနစ်ဦး စုစုပေါင်း ၄၂ ဦးတို့ကို သံအမတ်ကြီး(ငြိမ်း) ဒေါက်တာ ဦးလှမောင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ကြပြီး ဂုဏ်ပြုခံဘိုးဘွားများကိုယ်စား အငြိမ်းစား တိုင်းပညာရေးမှူး ဦးသိန်းလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ရဲရဲ (ပျဉ်းမနား)**



# ပြည်သူနှင့်အတူ

## ကျိုင်းတုံမြို့နယ်၌ အဘယမုဒြာဆင်းတုတော် တည်ဆောက်ပူဇော်ခြင်းနှင့် ဗုဒ္ဓဥယျာဉ်တည်ဆောက်ရန် အလှူငွေပေးအပ်ပွဲကျင်းပ

**နေပြည်တော် မေ ၁၄**

ကျိုင်းတုံမြို့နယ် ပန်ကွဲကျေးရွာအနီး အဘယမုဒြာဆင်းတုတော် တည်ဆောက်ပူဇော်ခြင်းနှင့် ဗုဒ္ဓဥယျာဉ်တည်ဆောက်ရန်အတွက် ဒုတိယအကြိမ် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို မေ ၁၃ ရက် နံနက် ၉ နာရီက အဆိုပါနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုင်းတုံမြို့သီလဓမ္မကုန်းသာတောရ ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တကောဝိဒက သြဝါဒစကားမြွက်ကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက အလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ကမ္ဘောဇကုမ္ပဏီ၊ Max Myanmar ကုမ္ပဏီ၊ IGE ကုမ္ပဏီ၊ ချမ်းဟိန်းကုမ္ပဏီနှင့် ရွှေသံလွင်ကုမ္ပဏီတို့က လှူဒါန်းသော အလှူငွေများကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ခံသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပသည့် အဘယမုဒြာဆင်းတုတော် တည်ဆောက်ပူဇော်ခြင်းနှင့် ဗုဒ္ဓဥယျာဉ်တည်ဆောက်ရန်အတွက် ဒုတိယအကြိမ် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၈၄၉၇ သိန်းကျော်ဖြစ်ကြောင်း သိရသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် အဘယမုဒြာဆင်းတုတော်ပုံစံငယ်နှင့် တည်ဆောက်ရေးလုပ်ငန်းမှတ်တမ်းဓာတ်ပုံများ၊ ဗုဒ္ဓဥယျာဉ်တည်ဆောက်ရေးလုပ်ငန်းမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြပြီး အဘယမုဒြာ ရုပ်ပွားတော်ကြီး တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်နှင့် ဗုဒ္ဓဥယျာဉ်အတွင်း မုဒြာအစုံဖြင့် ဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်စံပယ်နိုင်ရန် အဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် ပြင်ဆင်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးသည် ကျိုင်းတုံမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည့် ကျိုင်းတုံမြို့ရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော် သံဃာတော်များနှင့် သီလရှင်ကျောင်းတိုက်များမှ သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ကျိုင်းယင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တခေမာစာရ အမှူးပြုသော ဆရာတော် သံဃာတော်များ တက်ရောက်ချီးမြှင့်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းယင်းကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ကျိုင်းယင်းကျောင်းတိုက်ဆရာတော်ထံ လည်းကောင်း၊ တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များထံ လည်းကောင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သံသရာအေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောသလ္လထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ယနေ့လှူဒါန်းမှုတွင် ကျိုင်းတုံမြို့ရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းပေါင်း ၇၄ ကျောင်းအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ဆွမ်းဆန်တော် ၃၁၆ အိတ်၊ ဆီ ၅၀၄ ပိဿာနှင့် အလှူငွေစုစုပေါင်း ငွေကျပ် ၁၆၂ သိန်း လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ်(၁) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးအောင်ကြီးနှင့် ဇနီးတို့ ဦးဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် မေ ၁၄ ရက်က ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ သာသနာ့ပါလဓမ္မရိပ်သာ(မြိတ်)ကျောင်းတိုက်ရှိ ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်**

မင်းမင်းလတ် (ရုပ်ဖေဒ)



**နေပြည်တော် လယ်ဝေးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကောင်းမြတ်နောင် ဦးဆောင်သောအဖွဲ့ စက်သုံးဆီအရောင်းဆိုင်များ မီးလောင်မှုမဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို မေ ၁၃ ရက်က ကွင်းဆင်းစစ်ဆေးစဉ်**

(မြို့နယ် ပြန်/ဆက်)

✻ ကျောဖုံးမှ

ချင်းပြည်နယ်အစိုးရအနေဖြင့် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ မြောက်ပိုင်းနှင့် တောင်ပိုင်းကို ဆက်သွယ်ထားသည့်လမ်းပေါ်ရှိ တံတားများကို တည်ဆောက်လျက်ရှိကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ပြောသည်။

“ကျီခါးမြို့နယ် အင်ဖာလ်မှာဆိုရင် အေးအီးယာန်းနဲ့ ခင်မာန်းရွာကြားမှာ တံတားထိုးပြီး နယ်စပ်ဈေးဖွင့်ဖို့ စီစဉ်ထားတာရှိပါတယ်။ တွန်းဇံမြို့နဲ့ ကျီခါးမြို့ကြားမှာရှိတဲ့ နတ်ဇန်တံတားကို တည်ဆောက်နေဆဲဖြစ်ပါတယ်။ ပေ ၄၀၀ အရှည်ရှိတဲ့ နှာရိန်နဲ့ ရီဇွာကြားဘေ့းနူးတံတား၊ မြစ်ရည်တံတားကို လက်ရှိတည်ဆောက်နေဆဲဖြစ်ပါတယ်။ တွန်းဇံတံတား ပေ ၆၀၊ အိုင်စီတံတား၊ တီးတိန်နဲ့ တွန်းဇံကြားမှာ ဗာလ်ကျင်းတံတားပေ ၆၀ နီးပါးရှိပါတယ်”ဟု ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ဆက်လက်ပြောကြားသည်။

ယခု ပလက်ဝ-ကျီခါးလမ်းအစီအစဉ်နှင့် ပတ်သက်၍ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွေးက ပလက်ဝ-ကျီခါး လမ်းဖော်ဆောင်မည့်ကိစ္စသည် ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ သုံးနှစ်အတွင်း ဆယ့်နှစ်ရာသီသွားလာနိုင်သည့်လမ်းအဆင့်ထိ အဆင့်မြှင့်တင်ပြုပြင်ရန် စီမံချက်ချထားပြီဖြစ်ကြောင်း ပြောသည်။

“ဒီကိစ္စကို ကျွန်တော်တို့ NLD အစိုးရတက်လာကတည်းက စီမံချက် Plan အနေနဲ့ လုပ်ဆောင်ထားတာရှိပြီ။ အဲဒါကြောင့် ပြည်ထောင်စုအစိုးရ နိုင်ငံတော်အကြီးအကဲကလည်း အသိအမှတ်ပြုပြီးတော့ အဲဒါကို သုံးနှစ်အတွင်း အားလုံးဆယ့်နှစ်ရာသီသွားလာနိုင်ဖို့ ဆောင်ရွက်ပေးဖို့ စီမံချက်ချပေးပါတယ်”ဟု ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြောသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုရန်ပုံငွေမှ ဘတ်ဂျက် ငွေကျပ် ၅၇၉၃၈ ဒသမ ၉၃၃ သိန်း ရရှိထားပြီဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပလက်ဝ-ကျီခါး လမ်းဖောက်လုပ်မည့်အစီအစဉ်၏ အစိတ်အပိုင်းအဖြစ် ဟားခါး-မတူပီ-ပလက်ဝ လမ်းနှင့် ဖလမ်း-တီးတိန်-တွန်းဇံ-ကျီခါး လမ်းပိုင်းနှစ်ခုကို အဆင့်မြှင့်တင်ပြုပြင်ခြင်းနှင့် လိုအပ်သည့်တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ်သည် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး ပထဝီအနေအထားအရ တောင်ကုန်းတောင်တန်း၊ တောင်ကြား၊ ချောင်းများနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသဖြစ်သည့်အပြင် ဖွံ့ဖြိုးမှုအနည်းဆုံးဒေသအဖြစ် ရပ်တည်လျက်ရှိသည်။

ယခုကဲ့သို့ ပလက်ဝ-ကျီခါး လမ်းမကြီး ဖော်ဆောင်ပေးရန်စီစဉ်ထားခြင်းသည် ချင်းပြည်နယ်အတွင်း အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများတိုးမြှင့်ဖန်တီးပြီး ဒေသဝမ်းစာဖူလုံရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့အပြင် တစ်မြို့နယ်နှင့်တစ်မြို့နယ် လွယ်ကူစွာအချိန်တိုအတွင်း ကူးလူးသွားလာနိုင်ရေးတို့ကို ဦးတည်ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်သည်။

“ချင်းပြည်နယ်ဟာ ကုလားတန်မြစ်စီမံကိန်းအတွက် အချက်အချာကျတဲ့ဒေသဖြစ်လို့ လမ်းပန်းဆက်သွယ်ရေးကောင်းဖို့ လိုပါတယ်။ ဒေသအတွင်းမှာ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံနဲ့ ဆက်သွယ်မယ့်လမ်းတွေ ပိုများလာရင် ဒေသအလိုက် ပိုပြီးဖွံ့ဖြိုးတိုးတက်လာမှာအမှန်ပါပဲ”ဟု ထန်တလန်မြို့နယ် ဒေသခံပြည်သူတစ်ဦးက ပြောသည်။

အဆိုပါလမ်းကြောင်းမှတစ်ဆင့် ရခိုင်ပြည်နယ် ကုလားတန်မြစ်ကြောင်းဒေသနှင့် အိမ်နီးချင်း အိန္ဒိယနိုင်ငံတို့ကို လွယ်ကူစွာချိတ်ဆက်သွားလာနိုင်မည်ဖြစ်သဖြင့် ဒေသခံပြည်သူများအတွက် ကုန်စည်စီးဆင်းမှုနှင့် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများ လျင်မြန်ချောမွေ့ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

- **ပလက်ဝ-ကျီခါးလမ်း ဖော်ဆောင်မည့်ကိစ္စသည် ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် ဆွေးနွေးခဲ့ပြီးဖြစ်**
- **အဆိုပါလမ်းကို သုံးနှစ်အတွင်း ဆယ့်နှစ်ရာသီ သွားလာနိုင်သည့် လမ်းအဆင့်ထိ အဆင့်မြှင့်တင် ပြုပြင်ရန် စီမံချက်ချထားပြီဖြစ်**

# ဒီလိုအချိန်အခါမျိုးဟာ မြန်မာနိုင်ငံအဖို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်ရာမှာ အလွန်ကြီးမားတဲ့ အခွင့်အလမ်းတစ်ရပ်ဖြစ်ပါတယ်

## (မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်နှင့် တွေ့ဆုံမေးမြန်းခြင်း)

**ဘာသာပြန် - သာစိန်၊ ကျော်ထိုက်စိုး**

**မေ ၁၄ ရက်ထုတ် The Global News Light of Myanmar သတင်းစာတွင် ဖော်ပြပါရှိသည့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အကျင့်ပျက်ခြစားမှု၊ ပညာရေး၊ ငြိမ်းချမ်းရေးအစီအစဉ် စသည်တို့နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်နှင့် တွေ့ဆုံမေးမြန်းခန်းကို ဘာသာပြန်ဆိုဖော်ပြအပ်ပါသည်။**

**မေး ။ ။ အဆွေတော်သံအမတ်ကြီးရဲ့ အတွေ့အကြုံအရ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးမှာ ဘယ်ဟာက အဓိကမောင်းနှင်အားဖြစ်ခဲ့ပါသလဲ။ ဘာကြောင့်လဲဆိုတော့ အခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် မြန်မာ့သမိုင်းကြောင်းနဲ့ နိုင်ငံရေးအခြေအနေတွေဟာ အခြားနိုင်ငံတွေလိုပဲ ထင်ပေါ်လာတာကို တွေ့ရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့အမြင်ကို သိပါရစေ။**

ဖြေ ။ ။ ကျွန်တော့်အနေနဲ့ကတော့ မြန်မာနိုင်ငံမှာလုပ်ဆောင်တဲ့ ပြုပြင်ပြောင်းလဲမှုအတွက် အဓိကမောင်းနှင်အားက မြန်မာပြည်သူတွေပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေး၊ စီးပွားရေးဆိုင်ရာအခွင့်အလမ်းပိုမိုရရှိရေး၊ အဆင့်မြင့်ပညာရေး သင်ယူနိုင်ရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ လူတိုင်းအခွင့်အလမ်းတွေကို ဖော်ဆောင်ပေးနိုင်တဲ့ အစိုးရတစ်ရပ်ရရှိဖို့အတွက် ပြည်သူတွေလိုလားနေတာကို မျက်မြင်ကိုယ်တွေ့ပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီမိုကရေစီနဲ့ လွတ်လပ်မှု အပြည့်အဝ ရရှိရေးနဲ့ စီးပွားရေးဆိုင်ရာအခွင့်အလမ်း၊ ငြိမ်းချမ်းရေးကို ရရှိခံစားနိုင်ရေးတွေဟာ မြန်မာပြည်သူတွေရဲ့ အမှန်တကယ်လိုလားချက်လို့ ထင်ပါတယ်။

**မေး ။ ။ ပြည်ပအကြောင်းခံတွေကလည်း အဓိကမောင်းနှင်အားဖြစ်တယ်လို့ အဆွေတော်အနေနဲ့ ထင်မြင်ယူဆပါသလား။**

ဖြေ ။ ။ ပြည်ပအင်အားတွေကလည်း အထောက်အပံ့ဖြစ်နိုင်ပါတယ်။ သို့သော်လည်း ဘယ်လိုနိုင်ငံမျိုးဖြစ်သင့်တယ်၊ ဘယ်လိုနိုင်ငံမျိုး လိုချင်တယ်ဆိုတာ မြန်မာပြည်သူတွေကပဲ အဆုံးအဖြတ်ပြုရမယ်ထင်ပါတယ်။ အပြောင်းအလဲအတွက် ပြည်သူတွေအားစိုက်လုပ်ဆောင်နေတာကို ကျွန်တော်မြင်ရပါတယ်။ ကျွန်တော်တို့ နိုင်ငံတကာအဖွဲ့အစည်းအနေနဲ့လည်း အဲဒီအပေါ်ကို ကူညီပေးရလို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ သို့သော်လည်းပဲ မြန်မာပြည်သူတွေကတော့ ပိုပြီးအခရာကျတယ်လို့ မြင်ပါတယ်။

**မေး ။ ။ နိုင်ငံရေးအခြေအနေနဲ့ ပတ်သက်ပြီး ယခုအခါ မြန်မာနိုင်ငံဟာ စစ်အစိုးရကနေ အရပ်ဘက်အစိုးရကို အသွင်ကူးပြောင်းနေတဲ့အချိန်ဖြစ်ပါတယ်။ ဒီအသွင်ကူးပြောင်းရေးနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ ။ ။ အဲဒါနဲ့ပတ်သက်ပြီးပြောရရင် လွန်ခဲ့တဲ့နှစ်များကစပြီး မြန်မာနိုင်ငံမှာ အပြုသဘောဆောင်တဲ့ ပြောင်းလဲမှုတွေ သိသာထင်ရှားစွာ တွေ့မြင်ရပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၀၅ ခုနှစ်က မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် ရောက်ရှိခဲ့ပြီး အဲ့ဒီနောက်မှာတော့ ထပ်မံပြီးအကြိမ်ကြိမ်ရောက်ရှိခဲ့ရာမှာ သိသာထင်ရှားတဲ့ အပြောင်းအလဲနဲ့ သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုတွေ တွေ့ရှိခဲ့ရပါတယ်။ အခုချိန်မှာတော့ ပိုပြီးလွတ်လပ်မှုရှိကြပါတယ်။ ရွေးကောက်ခံအစိုးရတစ်ရပ်နဲ့ ဥပဒေပြုတဲ့လွှတ်တော် ပေါ်ပေါက်လာလို့ ပြည်သူလူထုအတွက် အခွင့်အလမ်းများစွာ ဖြစ်ပေါ်ပါတယ်။ သို့သော်လည်း လုပ်ဆောင်စရာများစွာ ကျန်ရှိနေပါတယ်။ ဒီမိုကရေစီအရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ အင်စတီကျူးရှင်းများ ခိုင်မာအားကောင်းလာရေးအတွက် လုပ်ဆောင်ရာမှာ အချိန်များစွာယူရတဲ့အတွက် လုပ်ဆောင်စရာများစွာကျန်ရှိနေတာဖြစ်ပါတယ်။

**မေး ။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ဖို့ နည်းလမ်းနဲ့အချိန်ကာလ အတိုင်းအတာနဲ့ ပတ်သက်ပြီး အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ ။ ။ ဒါကတော့ မြန်မာပြည်သူတွေ ဆုံးဖြတ်ရမယ့်အရာလို့ မြင်ပါတယ်။ ဘယ်အချိန်၊ ဘယ်နည်းလမ်းဆိုတာကတော့ ကျွန်တော်က သော်လည်းကောင်း၊ အခြားနိုင်ငံခြားသားများက သော်လည်းကောင်း ဆုံးဖြတ်လို့ မရပါဘူး။ ပြည်သူတွေဟာ ပြုပြင်ပြောင်းလဲရေးကို တကယ်လိုချင်တာ ကျွန်တော်တို့မြင်နေရပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေး၊ ရေရှည်ငြိမ်းချမ်းရေးနဲ့ တပ်မတော်အပေါ် အရပ်ဘက်အာဏာသက်ရောက်နိုင်ရေးအတွက်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ဖို့လိုပါတယ်။ ဘယ်လိုပြင်ရမယ်၊ ဘယ်အချိန်ပြင်ရမယ်ဆိုတာကတော့ မြန်မာပြည်သူတွေကပဲ ဆုံးဖြတ်လိမ့်မယ်လို့ထင်ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းအနေနဲ့ကတော့ ကူညီပံ့ပိုးမှုသာပြုပြီး ဘယ်လိုပြင်ရမယ်၊ ဘယ်အချိန်ပြင်ရမယ်ဆိုတာကတော့ ပြောမှာမဟုတ်ပါဘူး။

**မေး ။ ။ နိုင်ငံရေး အသွင်ကူးပြောင်းမှုနဲ့ ပြိုင်တူဖြစ်ပေါ်နေတဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ထိုနှစ်ခုဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေလို့ပါပဲ။ စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့ အကြံပြုချက်ကို လိုချင်ပါတယ်။**

ဖြေ ။ ။ နိုင်ငံတိုင်းကတော့ စီးပွားရေးအခွင့်အလမ်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်တဲ့ အစိုးရကို အလိုရှိတယ်လို့ထင်ပါတယ်။ ဒါကြောင့်မို့လို့ အခုအစိုးရဟာ ပြည်သူများစွာအတွက် အခွင့်အလမ်းကို ဖော်ဆောင်နိုင်တဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုကို လုပ်ဆောင်ပေးဖို့ အလွန်အရေးကြီးတယ်လို့ မြင်ပါတယ်။ အဲ့ဒါနဲ့ပတ်သက်လို့လည်း အစိုးရက



အမေရိကန် သံအမတ်ကြီး မစ္စတာ စကော့ မာစီရယ်လ်

လုပ်ဆောင်နေပါတယ်။ ဘဏ္ဍာရေးကဏ္ဍ တောင့်တင်းလာရေးနဲ့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတွေ ရင်းနှီးမြှုပ်နှံလိုတဲ့ ရှင်းလင်းပြတ်သားသော စည်းမျဉ်း၊ စည်းကမ်းတွေ ဖော်ဆောင်ပေးဖို့ရာ အထူးအရေးကြီးပါတယ်။ ထို့အတူ အခြေခံအဆောက်အအုံ၊ လျှပ်စစ်မီးတွေကလည်း အလွန်အရေးကြီးပါတယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှာ အရေးကြီးဆုံးကတော့ တရားဥပဒေစိုးမိုးရေးဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုရှိပါမှ ပြည်သူတွေ မျှမျှတတနဲ့ ဥပဒေအကာအကွယ်ရကြမှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူတွေ မြေယာပိုင်ဆိုင်မှုစနစ်တကျဖြစ်ရေးဟာ အရေးကြီးပါတယ်။ အဲ့ဒီကိစ္စတွေကိုလည်း အစိုးရက ကိုင်တွယ်နေတယ်လို့ ထင်ပါတယ်။

**မေး ။ ။ အဆွေတော်ဟာ ရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ ပတ်သက်ပြီးလည်း အကြံပြုသူတစ်ဦးလို့ သိရပါတယ်။ အခြားနိုင်ငံတွေက အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးသာမက မြန်မာနိုင်ငံကအကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့အတွေ့အကြုံကို သိချင်ပါတယ်။**

ဖြေ ။ ။ တစ်ကမ္ဘာလုံးမှာရှိတဲ့ ပြည်သူတွေ နှစ်သက်မှုမရှိတဲ့အရာတစ်ခုကတော့ အကျင့်ပျက်ခြစားမှုပါပဲ။ ပြည်သူအားလုံးဟာ အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ချင်ကြတယ်။ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးလုပ်ငန်းဟာ ခက်ခဲပြီး တိုက်ဖျက်ချင်တဲ့ဆန္ဒတွေပြင်းပြဖို့ လိုအပ်ပါတယ်။ ရှင်းလင်းပြတ်သားတဲ့ဥပဒေ၊ အဲ့ဒီ ဥပဒေချိုးဖောက်တဲ့သူတွေကို အစိုးရကနေ ထိရောက်တဲ့အရေးယူမှု စတဲ့အရာတွေ များစွာလိုအပ်နေပါတယ်။ အကျင့်ပျက်ခြစားမှုကို ထောက်ပြတဲ့ မီဒီယာနဲ့ လူ့အဖွဲ့အစည်းဆီက ကျယ်လောင်တဲ့အသံတွေ၊ အကျင့်ပျက်မှုကို တိုက်ဖျက်ဖို့ အရပ်ဘက်အဖွဲ့အစည်းနဲ့ ပြည်သူတွေ ပြင်းထန်စွာတောင်းဆိုဖို့ လိုအပ်ပါတယ်။ အစိုးရသစ်အနေနဲ့လည်း အကျင့်ပျက်ခြစားမှုပပျောက်ရေး ပြတ်ပြတ်သားသား လုပ်ဆောင်တာကို တွေ့ရပြီး အပြုသဘောဆောင်တဲ့ လုပ်ဆောင်ချက်တွေရှိလာတဲ့အတွက် အကျင့်ပျက်ခြစားမှုကို ဆက်ပြီးတိုက်ဖျက်သွားမယ်လို့ မျှော်လင့်ရပါတယ်။ မြန်မာနိုင်ငံမှာ အကျင့်ပျက်ခြစားမှုပပျောက်ရေးအတွက် မီဒီယာ၊ အရပ်ဘက်လူ့အဖွဲ့အစည်းနဲ့ အခြားသောအဖွဲ့အစည်းတွေက အရေးပါတဲ့ အခန်းကဏ္ဍကနေ ဆက်လက်ပါဝင်နေမယ်လို့ မျှော်လင့်ရပါတယ်။

**မေး ။ ။ စီးပွားရေးပြုပြင်ပြောင်းလဲမှု ပြီးသွားတဲ့အခါမှာ ပြုပြင်ပြောင်းလဲရေး ခေါင်းဆောင်တွေက အကန့်အသတ်ရှိတဲ့အရင်းအမြစ်တွေကို ဘယ်လိုကိုင်တွယ်ရမလဲ။**

ဖြေ ။ ။ အဲ့ဒါကတော့ ပညာရေးစနစ်နိမ့်ကျသွားစေတဲ့ နှစ် ၅၀ ကြာ စစ်အုပ်ချုပ်ရေးနောက်ပိုင်းမှာ မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်ပါပဲ။ မြန်မာပြည်သူတွေ စွမ်းဆောင်ရည်နဲ့ ဗဟုသုတမြှင့်တင်ပေးဖို့ အများကြီးလိုအပ်တယ်ဆိုတာ အများစုက သဘောတူလက်ခံကြပါတယ်။ ဒါကြောင့်မို့ ပညာရေးပြုပြင်ပြောင်းလဲမှုက အများကြီးလိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာ တွေ့ရတာကတော့ မြန်မာပြည်သူတွေဟာ သင်ယူလိုစိတ်ပြင်းပြတဲ့အချက်ပါပဲ။ ဒါကြောင့်မို့ မြန်မာပြည်သူတွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးမှာ သင်တန်းနဲ့ပညာရေးအတွက် အခွင့်အလမ်းရရှိဖို့ အစိုးရဌာနက ပုဂ္ဂိုလ်များကသာမက အရပ်ဘက်လူ့အဖွဲ့အစည်း၊ မီဒီယာနဲ့ စီးပွားရေးလုပ်ငန်းနယ်ပယ်က လူတွေကိုပါ ဖန်တီးနိုင်စွမ်းရှိဖို့လိုအပ်ပါတယ်။ နောက်တစ်ချက်ကတော့ ရှင်းလင်းပြတ်သားတဲ့ ရည်မှန်းချက်တွေ၊ ဦးစားပေးကိစ္စတွေ၊ သတ်မှတ်နိုင်စွမ်းရှိတဲ့ အရည်အသွေးမြင့်မားတဲ့ ခေါင်းဆောင်မှုလိုအပ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အလေးထားလုပ်ဆောင်မယ့် အရာသုံးခု သို့မဟုတ် လေးခုရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ သင်တို့အနေနဲ့ အကုန်လုံးကို တစ်ပြိုင်နက် မလုပ်ဆောင်နိုင်တဲ့အတွက် ဖြစ်ပါတယ်။

**မေး ။ ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ စစ်ပွဲမှ ငြိမ်းချမ်းရေးသို့ အသွင်ကူးပြောင်းရေးအပေါ် အဆွေတော်ရဲ့ ထင်မြင်ချက်ကို သိချင်ပါတယ်။ လူမျိုးပေါင်းစုံရှိနေတဲ့ နိုင်ငံတစ်နိုင်ငံအဖို့ ဒီမိုကရေစီရရှိရေးမှာ အစွန်းရောက်အမျိုးသားရေးဝါဒနဲ့ မတူကွဲပြားတဲ့ လူမျိုးစုအတွက် ဘယ်လိုမူဝါဒမျိုးက အကျိုးထိရောက်မှုရှိပါသလဲ။**

ဖြေ ။ ။ ဒါကတော့ မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးတဲ့မေးခွန်းတစ်ခုပါ ဒီမေးခွန်းနဲ့ပတ်သက်ပြီး အချက်နှစ်ချက်ပြောချင်ပါတယ်။ (၁)အချက်ကတော့ လုပ်ဆောင်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး မကြာမီကာလမှာ ဒုတိယပင်လုံညီလာခံရှိပါတယ်။ ဒီလိုအချိန်အခါမျိုးဟာ မြန်မာနိုင်ငံအဖို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်ရာမှာ အလွန်ကြီးမားတဲ့ အခွင့်အလမ်းတစ်ရပ်ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ တိုးတက်မှုအချို့ရှိပါတယ်။ သို့သော်လည်း ပါဝင်တဲ့အုပ်စုတွေဟာ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုအားနည်းတဲ့အတွက် သတိထားစောင့်ကြည့်နေကြဆဲပဲရှိကြပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒါဟာ ငြိမ်းချမ်းရေးအတွက် ကြီးမားတဲ့အခွင့်အရေးတစ်ရပ်ဖြစ်တဲ့အတွက် အားလုံးက ပိုပြီးလုံ့လစိုက်အားထုတ်ရမယ့်အချိန်လို့မြင်ပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် မတူကွဲပြားတဲ့ လူ့အဖွဲ့အစည်းတစ်ရပ် အတူတကွညီညီညွတ်ညွတ်နေထိုင်နိုင်ရေးအတွက် ကြိုးပမ်းရာမှာ စိန်ခေါ်မှုတစ်ရပ်နဲ့ ရင်ဆိုင်ရတာပါ။ အဲ့ဒီပြဿနာအတွက် အစိုးရက လုပ်ဆောင်စရာများစွာရှိနေသလို သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးကလည်း စည်းလုံးညီညွတ်မှုရရှိရေး ကြိုးပမ်းလုပ်ဆောင်နေတဲ့သူတွေကို အလေးထားပြီး ပံ့ပိုးကူညီဖို့လိုအပ်ပါတယ်။ ပြည်သူတွေကို စိတ်ဝမ်းကွဲအောင်လုပ်ခြင်းဖြင့် ဘယ်လူ့အဖွဲ့အစည်းကမှ အောင်မြင်မှုမရနိုင်ပါဘူး။ မိမိရဲ့ပြည်သူတွေကို စည်းလုံးညီညွတ်အောင် လုပ်ဆောင်ခြင်းဖြင့်သာ လူ့အဖွဲ့အစည်းတစ်ရပ်အနေနဲ့ အောင်မြင်မှုရမှာဖြစ်ပါတယ်။ ဒါကလည်း အလွန်ခက်ခဲတဲ့အလုပ်ပါ။ မတူကွဲပြားတဲ့ လူမျိုးစုတွေနဲ့ မတူကွဲပြားတဲ့ ဘာသာရေးအုပ်စုတွေကို နားလည်မှုနဲ့ လေးစားသမှုရရှိအောင် ကြိုးပမ်းရာမှာ ဇွဲ၊ လုံ့လ၊ ဝီရိယ များစွာလိုအပ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်ပေါင်း ၂၀၀ ကျော်လွန်သွားပြီးတဲ့အထိ အဲ့ဒါတွေကို လုပ်ဆောင်နေရဆဲဖြစ်ပါတယ်။ ဒီကိစ္စဟာ အချိန်ယူရသော်လည်း မြန်မာနိုင်ငံအနေနဲ့ စတင်လုပ်ဆောင်ဖို့ အကောင်းဆုံးအချိန်လို့ ထင်ပါတယ်။

ပြီးခဲ့တဲ့ ခက်ခဲကြမ်းတမ်းတဲ့အချိန်ကာလတွေအတွင်း မြန်မာပြည်သူတွေ အခွင့်အလမ်းသိပ်မရှိခဲ့တဲ့အချိန်မှာ အခွင့်အလမ်းတွေ ပိုမိုရရှိဖို့၊ ပိုမိုလွတ်လပ်ဖို့နဲ့ သူတို့ရဲ့အိပ်မက်တွေကို ဆက်လက်လုပ်ဆောင်ဖို့ ကျွန်တော်တို့ ပြည်သူတွေဘက်မှာ ရှိခဲ့ပါတယ်။ မကြာသေးမီနှစ်အနည်းငယ်အတွင်း လုပ်ဆောင်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုတွေမှာ အကူအညီပေးဖို့နဲ့ ငြိမ်းချမ်းရေး၊ ကြွယ်ဝချမ်းသာမှု၊ အခွင့်အလမ်းတွေနဲ့ ပိုမိုခိုင်မာတဲ့ ဒီမိုကရေစီတည်ဆောက်ဖို့ ကြိုးစားနေတဲ့ ပြည်သူတွေဘက်မှာ တူညီတဲ့ရည်မှန်းချက်နဲ့ ပံ့ပိုးကူညီရာမှာ အစိုးရနဲ့လက်တွဲလုပ်ဆောင်ဖို့ ကျွန်တော်တို့အတွက် အများကြီးလွယ်ကူလာပါပြီ။ ကျွန်တော်တို့အနေနဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကနေ တရားဥပဒေစိုးမိုးရေး၊ တရားမျှတမှုနဲ့ ကျန်းမာရေးအထိ နှစ်ပေါင်းများစွာကြာ သိသာထင်ရှားတဲ့ အကူအညီ အစီအစဉ်တစ်ရပ် ပံ့ပိုးပေးခဲ့ပါတယ်။ ကျွန်တော်တို့ ဒီအစီအစဉ်ကို ဆက်လက်ဆောင်ရွက်နေပြီး အမေရိကန်ကွန်ဂရက်က မြန်မာနိုင်ငံနဲ့ နယ်ပယ်တွေအားလုံးအတွက် အလွန်ကို ကောင်းမွန်တဲ့အကူအညီပေးရေးအစီအစဉ်တစ်ရပ် ပံ့ပိုးပေးတဲ့ ၂၀၁၇ ခုနှစ် ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်ဥပဒေကြမ်းတစ်ရပ်ကို အတည်ပြုခဲ့ပါတယ်။

*စာမျက်နှာ ၇ သို့*

**လွန်ခဲ့သောနှစ်များကစပြီး မြန်မာနိုင်ငံမှာ အပြုသဘောဆောင်တဲ့ ပြောင်းလဲမှုတွေ သိသာထင်ရှားစွာ တွေ့မြင်ရပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၀၅ ခုနှစ်က မြန်မာနိုင်ငံကို ပထမဆုံးအကြိမ်ရောက်ရှိခဲ့ပြီး အဲ့ဒီနောက်မှာတော့ ထပ်မံပြီး အကြိမ်ကြိမ်ရောက်ရှိခဲ့ရာမှာ သိသာထင်ရှားတဲ့ အပြောင်းအလဲနဲ့ သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုတွေ တွေ့ရှိခဲ့ရပါတယ်။ အခုချိန်မှာတော့ ပိုပြီးလွတ်လပ်မှုရှိကြပါတယ်။**

# ပြည်တွင်းပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိအောင် ရှာဖွေဖော်ထုတ်




နေပြည်တော် မေ ၁၄

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အလုပ်သမားရေးရာဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်က စတင်ကျင်းပခဲ့ပြီး မေ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လက်ရှိ အစိုးရတာဝန်ထမ်းဆောင်သည့် တစ်နှစ်ကျော်ကာလအတွင်း ဒုတိယအကြိမ်ပြုလုပ်သည့် အစည်းအဝေးဖြစ်ပြီး လေးလပတ်အစည်းအဝေး၏ အဓိကရည်ရွယ်ချက်မှာ လိုအပ်ချက်များကို ပြည့်ပြည့်စုံစုံပွင့်ပွင့်လင်းလင်းရှင်းလင်းတင်ပြကြပြီး ဦးစီးဌာနအလိုက် အခက်အခဲများ၊ အတွေ့အကြုံများ၊ လိုလားချက်များကို ဖော်ထုတ်ညှိနှိုင်းခြင်းဖြင့် ဖြည့်ဆည်းပေးခြင်း၊ ကူညီပေးခြင်းများ ပြုလုပ်သွားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ပြည်နယ်ဦးစီးမှူးများနှင့် ဌာနအလိုက်တာဝန်ယူဆောင်ရွက်နေသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများ အောင်မြင်ရေးအတွက် အရည်အချင်း၊ အတွေ့အကြုံများ ဖြည့်ဆည်းရာတွင် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားကြရန် မှာကြားသည်။ ထို့ပြင် အလုပ်သမားရေးရာဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများသည် မိမိတို့ဌာနသည် အလွန်အရေးကြီးပြီး အရေးပါသည့် ဌာနတစ်ခုအဖြစ် အလေးအနက်ထားခံယူပြီး ဝန်ထမ်းများ၏ အခွင့်အရေးနှင့်စွမ်းဆောင်ရည်များကိုလည်း မြှင့်တင်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့ပြင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွင်း ပြည်ထောင်စုဝန်ကြီးက လာမည့်ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန်အတွက် လုပ်ငန်းစဉ်များအနက်မှ အဓိကရည်မှန်းချက်များဖြစ်သည့် ပြည်တွင်းပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိအောင် ရှာဖွေဖော်ထုတ်ပေးရန်၊ ကျွမ်းကျင်လုပ်သား ၅၀၀၀ ခန့် မွေးထုတ်ပေးနိုင်ရန်အတွက် လိုအပ်သည့် စက်ကိရိယာများ ဝယ်ယူပြီး အခြေခံကျွမ်းကျင်မှုသက်မွေးပညာသင်တန်းများ လေ့ကျင့်ပို့ချပေးရန်၊ ကျွမ်းကျင်လုပ်သားများရရှိစေရေးအတွက် သင်တန်းကျောင်းများ ထပ်မံတိုးချဲ့ဖွင့်လှစ်ရန်၊ ပြည်ပသို့ အလုပ်သမားစေလွှတ်လျက်ရှိသည့် နိုင်ငံများအလိုက် Pre-Departure သင်တန်းများဖွင့်လှစ်နိုင်ရေး၊ မန္တလေးမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ Migrant Workers Reporting Counter ဖွင့်လှစ်နိုင်ရေး၊ အရှေ့အလယ်ပိုင်းဒေသ၊ ယူအေအီး၊ ကာတာနှင့် တရုတ်နိုင်ငံ(ထိုင်ပေ)သို့ အလုပ်သမားစေလွှတ်နိုင်ရန်အတွက် ဆောင်ရွက်ရေး၊ အာမခံအလုပ်သမားများကို ပိုမိုထိရောက်စွာ ကုသစောင့်ရှောက်နိုင်ရန် ပုဂ္ဂလိကကျန်းမာရေးဝန်ဆောင်မှုကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ပေးရန်၊ လူမှုဖူလုံရေးဆေးရုံကြီးများအား နိုင်ငံတကာအဆင့်မီဆေးရုံကြီးများ ဖြစ်ပေါ်လာစေရေး ဆောင်ရွက်ရန်၊ ဆေးခန်း၊ ဆေးဌာနများတိုးချဲ့ဖွင့်လှစ်ရန်နှင့် ဆေးဌာနဝန်ထမ်းများ တိုးချဲ့ခန့်ထားရေး ဆောင်ရွက်ရန်၊ အလုပ်သမားရေးရာ ဥပဒေလုပ်ထုံးလုပ်နည်းများကို အသိပညာပေးဆွေးနွေးမှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် ရည်မှန်းထားကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၏ တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံများက ရှင်းလင်းတင်ပြခြင်း၊ လူမှုဖူလုံရေးအဖွဲ့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံများက ရှင်းလင်းတင်ပြခြင်းတို့ ပြုလုပ်ခဲ့ကြကာ မေ ၁၅ ရက်တွင် ဒုတိယနေ့အဖြစ် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံများက ရှင်းလင်းတင်ပြသွားမည်ဖြစ်ပြီး အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန၏ တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံများကလည်း လုပ်ငန်းလိုအပ်ချက်များ၊ အခက်အခဲများနှင့် တိုးတက်မှုအနေအထားတို့ကို တင်ပြပေးသွားရန်ရှိကြောင်း သိရသည်။

**ခင်ရတနာ**

---

*စာမျက်နှာ ၆ မှ*

ဒါကြောင့်မို့ ကျွန်တော်တို့အကူအညီတွေက ပညာပေးတဲ့အစီအစဉ်တွေ၊ အပြန်အလှန်လည်ပတ်ရေးအစီအစဉ်တွေနဲ့ ခက်ခဲတဲ့ကိစ္စရပ်တွေကို ကူညီဖြေရှင်းပေးနိုင်တဲ့ သံတမန်ပိုင်းဆိုင်ရာကူညီမှုအဖြစ် ဆက်လက်ရှိနေပါတယ်။ ဒီအကူအညီပေးရေးအစီအစဉ်တွေက သမ္မတ အိုဘားမားလက်ထက်မှာ ရှိခဲ့သလို သမ္မတထရန့် လက်ထက်မှာလည်း အတူတူပါပဲ။ ဒီမိတ်ဖက်ဆောင်ရွက်မှုကို ဆက်လက်လုပ်ဆောင်ဖို့ ကျွန်တော်တို့ သန္နိဋ္ဌာန်ချထားသလို ပြီးခဲ့တဲ့နှစ်က ကြေညာခဲ့တဲ့ အမေရိကန်-မြန်မာ မိတ်ဖက်ဆောင်ရွက်မှုအသစ်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ အလွန်ကိုစိတ်လှုပ်ရှားနေပါတယ်။ ကျွန်တော်တို့ အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံရဲ့ အလွန်ကိုကောင်းမွန်တဲ့ မိတ်ဆွေကောင်း မိတ်ဖက်နိုင်ငံတစ်ခုအဖြစ် ဆက်လက်ဆောင်ရွက်သွားမှာပါ။

**မေး။ ။ သမ္မတအိုဘားမားလက်ထက်မှာ မြန်မာနိုင်ငံကို နှစ်ကြိမ်လာရောက်ခဲ့သလို နှစ်နိုင်ငံဆက်ဆံရေးက အလွန်ကိုရင်းနှီးပြီး နွေးထွေးခဲ့ပါတယ်။ အခု သမ္မတထရန့် အာဏာရရှိလာပြီးတဲ့နောက် မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အမေရိကန်ပြည်ထောင်စုရဲ့ နိုင်ငံခြားရေးမူဝါဒက ဘယ်လိုလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံရဲ့ပြုပြင်ပြောင်းလဲရေးနဲ့ အသွင်ကူးပြောင်းရေးကို ပံ့ပိုးကူညီဖို့နဲ့ ပြီးခဲ့တဲ့နှစ်က ကြေညာခဲ့တဲ့ အမေရိကန်-မြန်မာ မိတ်ဖက်ဆောင်ရွက်မှုအသစ် ဆက်လက်လုပ်ဆောင်ရာမှာအပါအဝင် အလွန်ကိုနီးကပ်တဲ့ဆက်ဆံရေးတစ်ရပ် ဆက်လက်တည်ဆောက်ဖို့ အမေရိကန်ပြည်ထောင်စုရဲ့ ခိုင်မာတဲ့ကတိကဝတ်ကို အစိုးရသစ်က ပြတ်ပြတ်သားသား ထပ်လောင်းအတည်ပြုခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်း ဝါရှင်တန်ကို သွားရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီး တေလာဆင်၊ အခြားတာဝန်ရှိသူတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ ဝါရှင်တန်ကနေ ကျွန်တော့်ထံပေးပို့ခဲ့တဲ့ တူညီတဲ့မှာကြားချက်ကို မြန်မာ ခေါင်းဆောင်တွေထံ ပေးပို့ခဲ့ပါတယ်။ ဒါကြောင့်မို့ ပြီးခဲ့တဲ့ နှစ်အနည်းငယ်အတွင်း လုပ်ဆောင်ခဲ့တဲ့ လုပ်ငန်းတွေအားလုံးကို ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်နေသလို မိတ်ဖက်နိုင်ငံကောင်းတစ်နိုင်ငံဖြစ်ဖို့ ကြိုးစားနေပါတယ်။ ဒီမနက်မှာပဲ စီးပွားရေးဘက်ကနေကြည့်မယ်ဆိုရင် အလွန်ကို စိတ်လှုပ်ရှားစရာကောင်းတဲ့ Uber တက္ကစီဝန်ဆောင်မှုလုပ်ငန်းဖွင့်ပွဲကို ကျွန်တော်တက်ရောက်ခဲ့ပါတယ်။ ဒီလနှောင်းပိုင်းမှာ ပထမဆုံးအသုတ် Peace Corps စေတနာ့ဝန်ထမ်းတွေရဲ့ တရားဝင်ကျမ်းသစ္စာကျိန်ဆိုမှုကို ပြုလုပ်သွားမှာဖြစ်ပါတယ်။

**မေး။ ။ ဒုတိယမေးခွန်းကတော့ အမေရိကန်သမ္မတဟောင်း လက်ထက်နဲ့ ၂၀၁၁ ခုနှစ်မှာ သမ္မတဦးသိန်းစိန် လက်ထက်အတွင်း မြန်မာနိုင်ငံက စီးပွားရေးနဲ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုလမ်းကြောင်းပေါ်မှာရှိခဲ့ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ဖို့ ကျွန်တော်တို့ အကောင်းဆုံးကြိုးစားခဲ့ပါတယ်။ ပြုပြင်ပြောင်းလဲရေးကို နိုင်ငံရေးနဲ့စီးပွားရေးမှာ ရှေ့သွားနောက်လိုက်ညီညီ လုပ်ဆောင်နိုင်ခဲ့တယ်လို့ ထင်ပါတယ်။ အလွန်လည်း ခက်ခဲတဲ့အလုပ်တစ်ခုဖြစ်ပါတယ်။ အဲ့ဒီကာလမှာ အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံကို ပံ့ပိုးကူညီပေးခဲ့တဲ့ အကူအညီအမျိုးအစား အထူးသဖြင့် USAID ရဲ့အကူအညီတွေနဲ့ ပတ်သက်ပြီးတော့ အနည်းငယ်ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ USAID က ၂၀၀၈ ခုနှစ် မေလအတွင်းဖြစ်ပွားခဲ့တဲ့ နာဂစ်မုန်တိုင်းဖြစ်ပွားချိန်မှာ အကူအညီပေးမှုစတင်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေတဲ့ မြန်မာနိုင်ငံကို ကူညီပေးဖို့ကြိုးစားနေတဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့အစည်းတစ်ခု ဖြစ်လာခဲ့တယ်လို့ ကျွန်တော်ထင်ပါတယ်။ ၂၀၁၁-၂၀၁၂ ဝန်းကျင် မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲရေးတွေစတင်ခဲ့ချိန်မှာ USAID အစီအစဉ်အပြည့်အဝပေးအပ်ဖို့ ကျွန်တော်တို့စတင်ခဲ့ပါတယ်။ ၂၀၁၂ခုနှစ်မှာ USAID က မြန်မာနိုင်ငံမှာ ရုံးခွဲဖွင့်လှစ်ခဲ့ပြီးတော့ နယ်ပယ်သုံးခု သို့မဟုတ် လေးခုမှာ အလေးပေးလုပ်ဆောင်ခဲ့ပါတယ်။ နယ်ပယ်တစ်ခုကတော့ စီးပွားရေးနယ်ပယ်ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက အလွန်ကိုအရေးပါတယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။ စီးပွားရေးမူဝါဒအကူအညီ အထူးသဖြင့် တောင်သူလယ်သမားတွေနဲ့ လယ်ယာစိုက်ပျိုးရေးမူဝါဒကို အကူအညီဖြစ်စေတဲ့ စိုက်ပျိုးရေးကဏ္ဍမှာ အလေးပေးခဲ့တဲ့အတွက် စီးပွားရေးနယ်ပယ်က အလွန်ကိုအရေးပါတဲ့ နယ်ပယ်တစ်ခုဖြစ်ခဲ့ပါတယ်။ နောက်ထပ်နယ်ပယ်တစ်ခုကတော့ ကျယ်ပြောတဲ့ ဒီမိုကရေစီစနစ်နဲ့ အုပ်ချုပ်ရေးအစီအစဉ်တွေဖြစ်ပြီးတော့ လွှတ်တော်တွင်း စွမ်းဆောင်ရည်တိုးတက်အောင် ကြိုးစားကူညီပေးနေသလို လွတ်လပ်တဲ့မီဒီယာတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ တခြားမတူညီတဲ့ နယ်ပယ်တွေမှာ ပံ့ပိုးကူညီဖို့ လုပ်ဆောင်နေပါတယ်။

တတိယနယ်ပယ်ကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပံ့ပိုးကူညီဖို့ ကျွန်တော်တို့လုပ်ဆောင်နေပါတယ်။ အဲ့ဒီလုပ်ဆောင်ချက်တွေအနက် တချို့ကတော့ သံတမန်ရေးရာဖြစ်ပြီး တချို့ကတော့ ပညာရေးကဏ္ဍမှာ အကူအညီတွေ ပိုမိုပေးအပ်ခြင်းဖြစ်ပါတယ်။ ဖက်ဒရယ်ဝါဒနဲ့ပတ်သက်လို့ ဖက်ဒရယ်ဝါဒဘယ်လိုလဲဆိုတာ ရှင်းပြဖို့ ကျွန်တော်တို့ နှီးနှောဖလှယ်ပွဲတွေ ကျင်းပနေပါတယ်။ တရားဥပဒေစိုးမိုးရေးကိုလည်း ကျွန်တော်တို့ လုပ်ဆောင်နေသလို ကျန်းမာရေးနယ်ပယ်မှာလည်း ကောင်းမွန်တဲ့အစီအစဉ်တစ်ရပ် ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ ငှက်ဖျားရောဂါတိုက်ဖျက်ရေးနဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးမှာလည်း ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က သားဖွားဆရာမတွေအတွက်ပြုလုပ်တဲ့ အစီအစဉ်တစ်ခုကို ကျန်းမာရေးဝန်ကြီးနဲ့အတူ ကျွန်တော်တက်ရောက်ခဲ့ပါတယ်။ ကျွန်တော်တို့ လုပ်ဆောင်နေတဲ့အရာတွေထဲမှာ ဥပမာတစ်ခုကတော့ သားဖွားဆရာမတွေရဲ့ လေ့ကျင့်ရေး သင်တန်းတိုးတက်လာစေဖို့ဖြစ်ပါတယ်။ ဒီနယ်ပယ်တွေကတော့ ကျွန်တော်တို့ လုပ်ဆောင်နေတဲ့၊ ဆက်လက်လုပ်ဆောင်မယ့် နယ်ပယ်တွေပဲဖြစ်ပါတယ်။

**မေး ။ ။ ဒီအစီအစဉ်အကောင်အထည်ဖော်စဉ်အတွင်း နယ်ပယ်သုံးခုရှိတယ်လို့ ကျွန်တော်သိရပါတယ်။ အဲ့ဒီနယ်ပယ်တွေထဲမှာ ဘယ်နယ်ပယ်က မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေကို အကူအညီဖြစ်စေသလဲ။ အခြေခံအချက်ကတော့ ပညာတတ်မြောက်တဲ့ နိုင်ငံသားတွေဖြစ်ပြီး နိုင်ငံသားတွေဟာ ဗဟုသုတ ရှိရမယ်။ ပညာတတ်မြောက်မှ နောက်ဆုံးရသတင်းအချက်အလက်တွေကို သိရှိရမှာဖြစ်ပါတယ်။ အခြားအချက်ကတော့ နိုင်ငံ့သားကောင်းတစ်ယောက်အနေနဲ့ သူတို့ရဲ့ရပိုင်ခွင့်တွေအကြောင်း မပြောကြားဘဲ သူတို့ရဲ့ တာဝန်ဝတ္တရားတွေအကြောင်း ပြောကြားခြင်းဖြစ်ပါတယ်။ ဒီမိုကရေစီသမ္မတနိုင်ငံတစ်ခုတည်ထောင်တဲ့ အတိတ်ကာလသမိုင်းကနေ သင်ယူနိုင်ခဲ့မယ်ဆိုရင် မြန်မာနိုင်ငံအနေနဲ့ အကျိုးကျေးဇူးများစွာရရှိလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။**

**တတိယအချက်ကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်ပါတယ်။ အဆွေတော်သိတဲ့အတိုင်းပဲ။ တိုင်းရင်းသားလူမျိုးစုတွေအားလုံးက သူတို့ရဲ့တာဝန်ဝတ္တရားတွေအပြင် ဖက်ဒရယ်အစိုးရတစ်ရပ်အောက်မှာ သူတို့ဘာရရှိမယ်ဆိုတာ မသိသရွေ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မအောင်မြင်နိုင်ပါဘူး။ ဒီပြဿနာအတွက် ကျွန်တော်မြင်မိတဲ့ အဓိကအချက်ကတော့ သဘာဝအရင်းအမြစ်တွေ ဒါမှမဟုတ် တိုင်းဒေသကြီးနဲ့ပြည်နယ်တစ်ခုစီရဲ့ထွက်ကုန်တွေကို ဘယ်လိုခွဲဝေကြမလဲ။ ပြီးတော့ တိုင်းပြည်ရဲ့ ကြွယ်ဝချမ်းသာမှုကို ဘယ်လိုအညီအမျှ ခွဲဝေကျမလဲဆိုတာပါပဲ။ ကချင်ပြည်နယ်မှာ ဘာတွေပဲထွက်ထွက်၊ ကရင်ပြည်နယ်မှာ ဘာတွေပဲထုတ်ထုတ် အဲ့ဒီဟာတွေက ဖက်ဒရယ်အစိုးရဆီကို ရောက်သွားသင့်ပြီး တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးဆီကို ပြန်လည်ခွဲဝေပေးသင့်ပါတယ်။ ဒီအတွေ့အကြုံတွေကနေ အကျိုးကျေးဇူး များစွာဖြစ်ထွန်းမယ်လို့ ကျွန်တော်ထင်ပါတယ်။**

ဖြေ။ ။ ကျေးဇူးတင်ပါတယ်။ ဒီမေးခွန်းအပေါ်မှာ ကျွန်တော်မှတ်ချက်ပေးနိုင်တာကတော့ နောက်ဆုံးအချက်ပဲ ဖြစ်ပါတယ်။ ခင်ဗျားပြောတာမှန်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် တည်ဆောက်ဖို့ဆိုတာ ပြည်သူအများစုနဲ့တိုင်းရင်းသားအုပ်စုတွေအားလုံးအတွက် အလွန်ကိုအရေးကြီးပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက်လည်း မရှိမဖြစ်လိုအပ်ပါတယ်။ ကျွန်တော်တို့ အသုံးပြုခဲ့တဲ့နည်းလမ်းက အမေရိကန်ပြည်ထောင်စုရဲ့ စံနမူနာ (Model) ပေးဖို့မဟုတ်ဘဲ ဘာပြုလုပ်သင့်တယ်ဆိုတာ ပြောဖို့ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲ့ဒီနည်းလမ်းက မြန်မာနိုင်ငံရဲ့အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ထားလို့ပါ။ ကျွန်တော်တို့ အခုဆိုရင် အမေရိကန်ပြည်ထောင်စုမှာ အဖွဲ့တစ်ဖွဲ့ဖွဲ့စည်းထားပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ဖက်ဒရယ်မူဝါဒတည်ဆောက်ရေးမှာ ပါဝင်နေတဲ့ လူ ၁၅ ဦးပါတဲ့ အဖွဲ့တစ်ဖွဲ့ကို ကျွန်တော်တို့စေလွှတ်ခဲ့ပါတယ်။ အဲ့ဒီအဖွဲ့ဟာ လွှတ်တော်ကိုယ်စားလှယ်တွေ၊ အစိုးရတာဝန်ရှိသူတွေ၊ တပ်မတော်၊ အရပ်ဘက်အဖွဲ့အစည်းနဲ့ ဖက်ဒရယ်စနစ်ကို ကျွန်တော်တို့ ဘယ်လိုကျင့်သုံးခဲ့တယ်ဆိုတာကို ပုံတူကူးချဖို့မဟုတ်ဘဲ အကြံဉာဏ်တွေရရှိကာ တိတိကျကျ လေ့လာဖို့နှစ်ပတ်ကြာအစီအစဉ်တစ်ရပ်ကို သွားရောက်ခဲ့တဲ့ သတင်းစာဆရာတစ်ယောက် သို့မဟုတ် နှစ်ယောက်ပါဝင်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါကြောင့်မိုလို့ ဒီလိုစေလွှတ်မှုတွေကို ပုံမှန်ပြုလုပ်သွားဖို့နဲ့ ဆက်လက်ဆောင်ရွက်ဖို့ မျှော်လင့်ပါတယ်။ ပညာရေးကဏ္ဍမှာ ပြောင်းလဲရမယ့်နောက်တစ်ချက်ကတော့ ပညာတတ်မြောက်တဲ့ပြည်သူတစ်ရပ် အလွန်ကိုအရေးကြီးတယ်ဆိုတာ မှန်ပါတယ်။

ပညာရေးအစီအစဉ်မှာ တိုင်းပြည်အချို့ရဲ့ ကြီးမားစွာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နေမှုက အဲ့ဒီနယ်ပယ်မှာ အာရုံစိုက်စေခဲ့ပါတယ်။ ဒီလိုကြိုးပမ်းအားထုတ်မှုတွေကို ပုံတူမကူးချင်ပေမယ့် အကြံပေးနိုင်ဖို့သာမက အဆင့်မြင့်ပညာရေးအစီအစဉ်အချို့ တိုးချဲ့ဖို့လုပ်ဆောင်နေပါတယ်။ Fulbright Scholarships လို ပညာတော်သင်ဆုတွေကို ပညာရေးနယ်ပယ်မှာ ပံ့ပိုးပေးဖို့ ကြိုးပမ်းနေပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လုပ်ဆောင်နေတာကတော့ USAID အစီအစဉ်မဟုတ်ဘဲ အမေရိကန်သံရုံးကနေတစ်ဆင့် ဆောင်ရွက်နေတဲ့ iPACE (Institute for Political and Civil Engagement) လို့ခေါ်တဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်။ အဲ့ဒီအစီအစဉ်က အခြေခံအားဖြင့် အမေရိကန်စင်တာနဲ့ မန္တလေးမြို့မှာ ကျွန်တော်တို့ဆောင်ရွက်နေတဲ့ အင်္ဂလိပ်ဘာသာစကားနဲ့ ပြည်သူနဲ့ဆိုင်တဲ့လေ့ကျင့်ရေးပေါင်းစပ်ထားတဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်။ ဒီအစီအစဉ်က အလွန်ကိုကောင်းမွန်တဲ့အစီအစဉ်တစ်ခုဖြစ်ပြီး တစ်နိုင်ငံလုံးက ပြည်သူတွေကို တက်ရောက်စေပါတယ်။ မြန်မာပြည်သူတွေကလည်း ဒီအစီအစဉ်ကို အမှန်တကယ်ကြိုက်နှစ်သက်ပုံပေါ်ပြီး သူတို့နှစ်သက်တဲ့အတွက် ကျွန်တော်တို့လည်း အမှန်တကယ်ပျော်ရွှင်ရပါတယ်။ ဒီနှစ်နှောင်းပိုင်းမှာ အမေရိကန်စင်တာသစ်ကို ကျွန်တော်တို့ ထပ်မံဖွင့်လှစ်မှာဖြစ်လို့ ကျွန်တော်တို့ အဲ့ဒီလို အစီအစဉ်တွေ ပိုမိုတိုးချဲ့လုပ်ဆောင်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ။

# မောင်တောခရိုင်ပြည်သူ့ဆေးရုံ၌ ခေတ်မီခွဲစိတ်ခန်းသစ်ကြီး မကြာမီဖွင့်လှစ်မည်

မောင်တော မေ ၁၄

**ရခိုင်ပြည်နယ် မောင်တောမြို့ရှိ မောင်တောခရိုင် ပြည်သူ့ဆေးရုံကြီး၌ ခေတ်မီခွဲစိတ်ခန်းသစ်ကြီးကို လာမည့် ဇွန်လထဲတွင် စတင်ဖွင့်လှစ်ကာ ကျန်းမာရေးအထောက်အကူပြု လုပ်ငန်းများအား လုပ်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း ခရိုင်ပြည်သူ့ဆေးရုံမှ သိရသည်။**

"ဒီဆေးရုံမှာတော့ လတ်တလော အထူးဖြစ်တဲ့ ရောဂါရှင်တွေမရှိပါဘူး။ ပုံမှန်ဖျားနာတာလောက်ရယ်။ ကလေး မွေးဖွားတာရယ်၊ ကလေးပန်းနာရင်ကျပ်၊ ငှက်ဖျား၊ တီဘီစတဲ့ ရောဂါလောက်ပဲ အနည်းငယ် တက်နေတာရှိပါတယ်။ ကျွန်တော်တို့ ဆရာဝန်တွေ လူနာတိုင်းကို လူမျိုးမရွေး၊ ဘာသာမရွေးတန်းတူပဲ ကျန်းမာရေးပိုင်းဆိုင်ရာ ကူညီစောင့်ရှောက်ပေးပါတယ်။ နိုင်ငံတော်က ကူညီထောက်ပံ့ပေးထားတဲ့ ဆေးရယ်၊ တချို့ NGO တွေက လှူဒါန်းထားတဲ့ ဆေးတွေနဲ့ အတတ်နိုင်ဆုံး လူနာရှင် ကုန်ကျစရိတ်သက်သာအောင် ဆောင်ရွက်ပေးပါတယ်။ ကျွန်တော်တို့ဆီမှာ မရှိတဲ့ဆေးဆိုရင်တော့ လူနာရှင်ကို ပြောပြီးဝယ်ခိုင်းရတာပေါ့။ ကျွန်တော်တို့ တတ်နိုင်တဲ့ဘက်ကတော့ ဘက်လိုက်မှုမရှိဘဲ တန်းတူကူညီစောင့်ရှောက်ပေးပါတယ်"ဟု ခရိုင်ပြည်သူ့ဆေးရုံမှ ခွဲစိတ်အထူးကုဆရာဝန် ဒေါက်တာစိုးအောင်သန်းက ပြောသည်။



မောင်တောခရိုင်ပြည်သူ့ဆေးရုံးမှ ဆရာဝန်များက လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်

မောင်တောခရိုင် ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ်ကြီးနှင့်အတူ လက်ထောက်ဆရာဝန်ငါးဦး၊ ခွဲစိတ်အထူးကု၊ မေ့ဆေးအထူးကု၊ သမားတော်၊ သားဖွားမီးယပ်စသည်ဖြင့် ကဏ္ဍအလိုက် အထူးကုဆရာဝန်များနှင့် သူနာပြုဆရာမ ၂၀ ဝန်းကျင်ဖြင့် နေ့စဉ် ၂၄ နာရီ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိသည်။

ထို့ပြင် မောင်တောခရိုင်အတွင်း အလယ်သံကျော်၊ ကြိမ်ချောင်းနှင့် အောင်သပြေ တိုက်နယ်ဆေးရုံတို့ရှိပြီး မြို့သူကြီး၊ မြင်းလွတ်၊ ငါးခူရစသည့် ကျေးလက်ကျန်းမာရေးဌာန ငါးခုရှိကြောင်းလည်း သိရသည်။

ယခုအခါ မောင်တောခရိုင် ပြည်သူ့ဆေးရုံသို့ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက ခေတ်မီအဆင့်မြင့်ခွဲစိတ်ခန်းသုံးပစ္စည်းများနှင့် မီးစက်အပါအဝင် လှူဒါန်းထားရှိရာ အဆိုပါ ခေတ်မီခွဲစိတ်ခန်းသစ်ကို လာမည့်ဇွန်လအတွင်း ဖွင့်လှစ်ပေးနိုင်မည်ဖြစ်ရာ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်တာများကို လုပ်ဆောင်ပေးနိုင်တော့မည်ဖြစ်သည်။



ဒေါက်တာစိုးအောင်သန်း
မောင်တောခရိုင်ပြည်သူ့ဆေးရုံ
(ခွဲစိတ်အထူးကု)

သီတဂူဆရာတော်အနေဖြင့် မောင်တောဆေးရုံသို့ ခေတ်မီခွဲစိတ်ခန်းသုံးပစ္စည်းများဖြစ်သည့် မေ့ဆေးစက်၊ ခွဲစိတ်ခန်း၊ မီးစက်၊ ခေတ်မီအီလက်ထရွန်နစ် ခွဲစိတ်ကိရိယာပစ္စည်းတို့ကို လှူဒါန်းထားပြီး လတ်တလောတွင် အဆောက်အအုံပိုင်းဆိုင်ရာ ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်လျက်ရှိသည်။

မောင်တောခရိုင် ပြည်သူ့ဆေးရုံတွင် ကလေးမီးဖွားရန် အတွင်းလူနာအဖြစ် တက်ရောက်နေသော ဘူးသီးတောင်မြို့မှ လူနာတစ်ဦးက "ကျွန်မက ဘူးသီးတောင်ဆေးရုံက ပြောင်းလာတာပါ။ ဒီမှာ နှစ်ရက်ပဲရှိပါသေးတယ်။ ဆရာဝန်ကြီးကတော့ ခွဲစိတ်ရမယ်ပြောတယ်။ ဘယ်နေ့ ခွဲစိတ်မလဲတော့ မသိသေးဘူး။ ဒီဆေးရုံမှာ ဆရာဝန်တွေရော၊ ဆရာမတွေကပါ လာကြည့်ကြပါတယ်။ မနက် ၉ နာရီဆိုရင် ဆရာဝန်တွေ ကိုယ်စီလာပြီးတော့ စမ်းသပ်ကြတယ်။ ဘူးသီးတောင်ဆေးရုံသွားတက်တော့ လိုအပ်လို့ ခွဲစိတ်ရမယ်ဆိုရင် အဆင်ပြေအောင်ဆိုပြီး ဒီမောင်တောဆေးရုံကို လွှဲပြောင်းပေးလိုက်တာပါ၊ အခု အဆင်ပြေပါတယ်" ဟု ပြောသည်။

မောင်တောခရိုင် ပြည်သူ့ဆေးရုံသည် ယခင် ခုတင် ၅၀ ဆံ့ ဆေးရုံအဖြစ် သတ်မှတ်ခဲ့သော်လည်း တက်ရောက်ကုသမှုခံယူသူများနေသဖြင့် မကြာမီ ခုတင် ၁၀၀ ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်ရန် စီစဉ်လျက်ရှိသကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ဝန်ထမ်းများအတွက်လည်း လေးထပ်ဝန်ထမ်း အိမ်ရာအဆောက်အအုံသစ်ကို ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် စတင်အကောင်အထည်ဖော် တည်ဆောက်တော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**

# မောင်တောခရိုင်တွင်းရှိ ကျေးရွာငါးရွာတွင် ရေချိုငါးမွေးကန်များကို ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် စတင်တူးဖော်

မောင်တော မေ ၁၄

**မောင်တောခရိုင်အတွင်း ကျေးလက်နေပြည်သူများ ရေချိုငါးစားသုံးမှုဖူလုံစေရေးအတွက် ယခုနှစ်အတွင်း ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ကျေးရွာငါးရွာတွင် ရေချိုငါးမွေးကန်များကို စတင် တူးဖော်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။**

"ကျွန်တော်တို့ ဌာနအနေနဲ့ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတာ ရှိပါတယ်။ အထူးသဖြင့် ဒီမောင်တောမှာ ရေငန်ပုစွန်ကို အဓိက မွေးမြူပါတယ်။ အခုတော့ ရေချိုငါးရှားတဲ့အတွက် တစ်ရွာတစ်ကေန္ဒန်း ပြည်နယ်အစိုးရဘတ်ဂျက်ငွေနဲ့ ရေချိုငါးမွေးကန်တွေကို စတင်တူးဖော်နေပါပြီ။ မကြာမီ ရေချိုငါးမွေးမြူရေးလုပ်ငန်းကို ဒီမောင်တောဒေသမှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်တော့မှာပါ။ ဒီမှာ ရေချိုငါးသားပေါက်စခန်း စတည်တာလည်း တစ်နှစ်ကျော်ကျော်သာရှိပေမယ့် ခုဆိုတော်တော်လေးအောင်မြင်ပါတယ်။ တစ်ရွာတစ်ကေန္ဒန်း စတင်မွေးမြူတဲ့အခါမှာ ကျွန်တော်တို့ ဌာနအနေနဲ့ ရေချိုငါးသားပေါက်တွေကို အခမဲ့ပေးမယ်၊ နည်းပညာပေးမယ်။ ကျေးရွာတစ်ရွာမှာ အဲဒီငါးကန်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ပြည်သူငါးဦးကို သင်တန်းတွေပေးမယ်၊ သူတို့က တစ်ဆင့် ဆင့်ပွားသင်တန်း ပြန်လည်ပို့ချမယ်ဆိုရင် ဒီမောင်တောဒေသမှာ သုံးနှစ်အတွင်း ရေချိုငါးမွေးမြူရေးက သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာမှာပါ"ဟု ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးထွန်းတင် (ဒုတိယညွှန်ကြားရေးမှူး)က ပြောသည်။



ဦးထွန်းတင်
ခရိုင်ငါးလုပ်ငန်းဦးစီးဌာန
(ဒုတိယညွှန်ကြားရေးမှူး)

မောင်တောခရိုင်အတွင်း ဒေသခံကျေးရွာ ၈၂ ရွာရှိရာ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ကျေးရွာတိုင်းကျေးရွာတိုင်း ရေချိုငါးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ယခုနှစ်မှစတင်ကာ ကျေးရွာငါးရွာဖြစ်သည့် ခရေမြိုင်၊ ရွှေဇဟိုလ်၊ နန်းရာကိုင်း၊ မြို့သစ်နှင့် ဥဒေါင်းရွာတို့ကို တစ်ရွာတစ်ကေန္ဒန်းစီဖြင့် တူးဖော်ပေးလျက်ရှိရာ လတ်တလော ခရေမြိုင်ကျေးရွာနှင့် ရွှေဇဟိုလ်ကျေးရွာတို့တွင် ငါးကန်တူးဖော်မှုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ မျှားမကြာမီ မိုးဦးကာလ ဇူလိုင်တွင် ရေချိုငါးမွေးမြူရေးလုပ်ငန်းများကို စတင်မွေးမြူနိုင်တော့မည်ဖြစ်သည်။ ယခုနှစ်တွင် အဆိုပါကျေးရွာငါးရွာ၌သာ ရေချိုငါးမွေးမြူနိုင်ရန်တူးဖော်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော်လည်း နောက်နှစ်များတွင် ဘတ်ဂျက်ရရှိမှုပေါ်မူတည်၍ ကျေးရွာငါးရွာမှ ၁၀ ရွာအထိ တိုးချဲ့လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"ဒီဒေသမှာ ငါးရှားတော့ စားနပ်ရိက္ခာဖူလုံစေချင်တယ်။ မောင်တောဒေသ ကျေးလက်နေပြည်သူလူထု ငါးစားသုံးမှုဖူလုံအောင် ရေချိုငါးမွေးမြူရေးစခန်းတွေကို စတင်လုပ်ဆောင်တာပါ။ ဒါက ဌာနအနေနဲ့ စံပြအဖြစ် လုပ်ပြတာ။ နောင်မှာ လုပ်ငန်းရှင်တွေ စိတ်ဝင်စားလာရင် သူတို့ဆက်လုပ်လာမှာပါ။ အဲဒီကျရင် ရေချိုငါးမွေးမြူရေးလုပ်ငန်းက ရန်ကုန်တိုင်းဒေသကြီးတို့၊ ဧရာဝတီတိုင်းဒေသကြီးတို့လို သိသိသာသာ တိုးပွားလာမှာဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းတင်က မောင်တောခရိုင်အတွင်း ရေချိုငါးမွေးမြူရေး စတင်လုပ်ဆောင်မှုနှင့် ပတ်သက်၍ သုံးသပ်ပြောကြားသည်။

မောင်တောရေချိုငါးမွေးမြူရေးစခန်းတွင် ယခုအခါ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ထိုင်းငါးခုံးမ၊ ငါးတန်နှင့် ငါးသိုင်းခေါင်းပွတို့ကို မွေးမြူမျိုးပွားလျက်ရှိပြီး ယခုနှစ်အတွင်း ငါးသားပေါက်များပိုမိုထုတ်လုပ်နိုင်ရေး ငါးကန်ဧကများ ထပ်မံတိုးချဲ့မွေးမြူနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကာ အဆင့်မြင့်ငါးမျိုးစိတ်များကိုလည်း သားပေါက်မွေးမြူနိုင်ရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**



မောင်တောခရိုင်အတွင်းရှိ ပထမဆုံး ငါးသားဖောက်စခန်းတွင် မွေးမြူထားသည့် မျိုးငါးများကို တွေ့ရစဉ်




ခရေမြိုင်ရွာမှ ရေချိုငါးမွေးမြူရေးကန်ကို စက်ယန္တရားအသုံးပြု၍ တူးဖော်နေသည်ကို တွေ့ရစဉ်

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် မေ ၁၄-** နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ (မိုး/၈လ)

## ရေရှားပါးသည့်ကျေးရွာများသို့ ရေလှူဒါန်း

**အမ်း မေ ၁၄**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် လက်ခွါဒွေအုပ်စု၊ လက်ခွါဒွေ ကျေးရွာရှိ ဒေသခံပြည်သူများ နွေရာသီသောက်သုံးရေရှားပါးမှု ကြုံတွေ့နေရသည်။

အဆိုပါ ရေရှားပါးသည့်ကျေးရွာသို့ မေ ၁၄ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်နှင့် ဝန်ထမ်းများ၊ စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောရွှေမောင်၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးအောင်သန်းဌေးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးမှူး ဦးအောင်ဆန်းယု၊ အခွန်ဦးစီးဌာန ဦးစီးအရာရှိဦးစံဌေးတို့ စုပေါင်း၍ အဆိုပါ လက်ခွါဒွေကျေးရွာရှိ အိမ်ခြေ ၁၂၈ အိမ်၊ အိမ်ထောင်စု ၁၆၂ စု၊ လူဦးရေ ၆၆၅ ဦး အတွက် သောက်သုံးရေဂါလန် ၁၉၀၀ အား ကျေးရွာ အရောက် ပေးအပ်လှူဒါန်းခဲ့သည်။

မြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသည့် ကျေးရွာများမှ ကျေးလက်နေပြည်သူများအတွက် ဆက်လက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် ( ပြန်/ဆက်)**

## မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က မုဒုံမြို့တွင် ပြည်သူလူထုနှင့် တွေ့ဆုံ

**မုဒုံ မေ ၁၄**

မုဒုံမြို့ ရွှေဟင်္သာခန်းမ၌ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိနှင့်အဖွဲ့ဝင်များသည် မေ ၁၄ ရက် နံနက် ၁၀ နာရီက ပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအနေဖြင့် လမ်းခင်းခြင်းလုပ်ငန်းများကို အဓိက လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မုဒုံမြို့ ရပ်ကွက်အတွင်းရှိ လမ်းများ၊ ကျေးရွာ ရပ်ကွက်အတွင်းရှိ လမ်းများ ကွန်ကရစ်လမ်းခင်းပါက ဘိလပ်မြေအပြည့် အဝပေးမည်ဖြစ်ပြီး ကတ္တရာလမ်းခင်းပါကလည်း ကတ္တရာအပြည့်အဝပေးသွားမည်ဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာ နေပြည်သူများအနေဖြင့် အစိုးရနှင့် ပြည်သူတစ်ယောက်တစ်ဝက် လမ်းခင်းလျှင်လည်း ချက်ချင်းလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ လမ်းများ ခင်းရာတွင် လမ်းနှင့်မလွတ်သော ကျူးကျော်ဆိုင်ခန်းများရှိပါက မိမိတို့၏အသိစိတ်ဖြင့် ဖယ်ရှားပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ပြည်နယ်အစိုးရအနေဖြင့် ပညာရေးဌာနအတွက် ၉ ဒသမ ၃ ဘီလီယံသုံးစွဲထားပြီး ကျန်းမာရေးဌာန၌လည်း ကလေးတစ်သိန်း အရှင်မွေးလျှင် မိခင် ၂၂၈ ဦး သေဆုံးရသည်ကို တွေ့ရသည့်အတွက် ကျန်းမာရေးဌာနကိုလည်း အဓိက ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တရားမဝင်မြေကွက်များရ၍ ရောင်းစားနေသည်ကို ပြည်သူများက တိတိကျကျတိုင်ကြားလာပါက စစ်ဆေး အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်အစိုးရသို့ ပြည်သူများက တိုင်ကြားစာများ၊ အသနားခံစာများဖြင့် တိုင်ကြားအသနားခံလာပါက ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းပေးလျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုများကို အတတ်နိုင်ဆုံးရှောင်ရှားပြီ ပြည်သူ၏လိုအပ်ချက်များကို အပြည့်အဝဆောင်ရွက် ပေးကြစေလိုကြောင်း ပြောကြားပြီး တက်ရောက်လာသောပြည်သူများ၏ မေးမြန်းချက်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **မုဒုံ-မောင်မောင်**

## မြန်မာ့နိုင်ငံရေးဆွေးနွေးပွဲ စုစုပေါင်း ၄၀၀ ကျော် တက်ရောက်

**ရန်ကုန် မေ ၁၄**

မြန်မာ့နိုင်ငံရေးလောကသားများ၊ နိုင်ငံရေးစိတ်ဝင်စားသူများ အများအပြားပါဝင်သော မြန်မာ့နိုင်ငံရေးဆွေးနွေးပွဲတစ်ရပ်ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပတ်(စ်)ရှိုင်ရယ်ဟိုတယ်၌ ကျင်းပသည်။**(ယာပုံ)**




အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဟောင်း ဦးရဲထွဋ်၊ ၈၈ ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးကိုကိုကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အမတ် ဦးနေဘုန်းလတ်တို့က လက်ရှိဖြစ်ပေါ်နေသော မြန်မာ့နိုင်ငံရေးအပြောင်းအလဲတို့နှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ရှေးဦးစွာ ဦးရဲထွဋ်က လွှတ်တော်တွင် တပ်မတော်အခန်းကဏ္ဍပါဝင်ပတ်သက်နေရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ လက်ရှိအစိုးရသည် လူထုယုံကြည်ထောက်ခံမှု ရရှိခဲ့ပြီး ပြည်သူများက အစိုးရထံမှ မျှော်လင့်ချက်များစွာထားရှိခဲ့ကြောင်း၊ လာမည့်သုံးနှစ်ကျော်ကာလအတွင်း လက်ရှိအစိုးရအနေဖြင့် ပြည်သူများ၏ လိုလားချက်များကို ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ ပထမအရေးကြီးဆုံးအချက်သည် စီးပွားရေးကောင်းမွန်ရန်ဖြစ်ကြောင်း၊ ဒုတိယအနေဖြင့် ငြိမ်းချမ်းရေးဖြစ်ကြောင်း၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် သဟဇာတဖြစ်သော လူ့အသိုက်အဝန်းတည်ဆောက်ရန်လည်း အရေးကြီးကြောင်း၊ ယင်းအချက်သုံးချက်ကို ဆောင်ရွက်နိုင်မည်ဆိုလျှင် ၂၀၂၀ ပြည့်နှစ်တွင် ပိုမိုကောင်းမွန်သော မြန်မာ့ဒီမိုကရေစီ အပြောင်းအလဲကို တွေ့မြင်ရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသွားခဲ့သည်။

အလားတူ ဦးနေဘုန်းလတ်ကလည်း လက်ရှိအစိုးရအနေဖြင့် Evolution တဖြည်းဖြည်း ပြောင်းလဲမှုဖြစ်စဉ်အတိုင်း ပြောင်းလဲနေခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ပြောင်းလဲမှုဖြစ်စဉ်တွင် စိတ်ရှည်သည်းခံကြရန်လည်း လိုအပ်ပါကြောင်း၊ အာဏာသုံးရပ်တွင် လွှတ်တော်သည် လွှတ်တော်အလုပ်ကို လုပ်ရပါကြောင်း၊ YBS ကိစ္စ လွှတ်တော်တွင် ဆွေးနွေးခြင်းသည် လွှတ်တော်က အစိုးရကို တိုက်ခိုက်နေခြင်းမဟုတ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

တစ်ဖန် ဦးကိုကိုကြီးကလည်း ဝင်ငွေတိုးတက်လာခြင်းမရှိဘဲ ကုန်ဈေးနှုန်းတက်နေခြင်းသည် ပြဿနာဖြစ်လာနိုင်ကြောင်း၊ လူမှုစီးပွားရေးပြောင်းလဲရေးအတွက် မှန်ကန်တိကျသော စီးပွားရေးကိန်းဂဏန်းများ ကောက်ယူသင့်ကြောင်း၊ လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးသင့်ကြောင်း၊ နိုင်ငံရေးစကားလုံးများဖြင့် ငြင်းခုံနေခြင်းထက် အောက်ခြေလူတန်းစား စီးပွားရေးအဆင်ပြေအောင် ဆောင်ရွက်သင့်ကြောင်းစသည်ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။ အခမ်းအနားသို့ နိုင်ငံရေးစိတ်ဝင်စားသူများအပြင် မီဒီယာအသီးသီးမှ တာဝန်ခံများ၊ သတင်းထောက်များအပါအဝင် စုစုပေါင်း ၄၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## အရင်းအနှီးများပြီး အထွက်နှုန်းလျော့နည်းလာသဖြင့် ရေနံလုပ်ငန်းကိုမှီခိုနေသူများ မော်သစ်မျှော်နေ

**မင်းလှ မေ ၁၄**

ယခုနှစ်ပိုင်းအတွင်း ရေနံအထွက်နှုန်း လျော့နည်းကျဆင်းလာသဖြင့် မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ရေနံမ၊ ဓာတ်ကုန်း၊ ငနောင်မုန်းဒေသများရှိ ရေနံလက်ယက်တွင်းတိမ်တူးဖော်ရေးလုပ်ငန်း (ရေနံမော်)များကို မှီခိုလုပ်ကိုင်စားသောက်နေသူများမှာ အခက်အခဲများကြုံနေရပြီး မော်သစ်ပေါ်ရန် မျှော်လင့်နေရကြောင်း ဒေသခံများထံမှ သိရသည်။

အဆိုပါရေနံမော်များ၏ ရေနံထွက်ရှိမှုမှာ ၂၀၁၆ ခုနှစ်က တစ်ရက်လျှင် ပီပါ ၂၀၀၀ ခန့်ထွက်ရှိနေရာမှ ယခုနှစ်ပိုင်းအတွင်း တစ်ရက်လျှင် ပီပါ ၈၀၀ ခန့်အထိ သိသိသာသာ လျော့နည်းကျဆင်းလာနေကြောင်း ဆီခြံပိုင်ရှင်တစ်ဦးဖြစ်သူ ဦးကျော်စွာဝင်းက ပြောသည်။

“ရေနံမ၊ ဓာတ်ကုန်းဒေသမှာ ရေနံဝယ်ရောင်းလုပ်ကိုင်တဲ့ ဆီခြံ ၂၀ ခန့်ရှိပါတယ်။ အထွက်နှုန်းအလွန်ကျနေတော့ ဝယ်ရောင်းသမားတွေလည်း အဆင်မပြေဘူး။ ရေနံမော်စည်ကားမှုအပေါ်လိုက်ပြီး ရွှေ့ပြောင်းလုပ်ကိုင်းစားသောက်ကြရတဲ့ ဈေးသည်တွေမှာလည်း ရေနံအထွက်များပြီး လူစည်ကားမှ အရောင်းအဝယ်ကောင်းတယ်။ လုပ်သားတွေလည်း ငွေရှောင်တယ်။ အခုအခြေအနေအရ ဒီဒေသကလူတွေကတော့ မော်သစ်ပေါ်ဖို့ပဲ မျှော်လင့်နေကြတာ”ဟု ၎င်းက ဆိုသည်။

ရေနံကျင်းတစ်ကျင်း၏ ကုန်ကျစရိတ်ခန့်မှန်းတန်ဖိုးမှာ ကျင်းတစ်ကျင်းတူး၍ တစ်ပီပါမှ နှစ်ပီပါထိ ထွက်ရှိလျှင် မြေရှင်ခ ၁၀ သိန်း၊ ငါးပီပါခန့်ထွက်ရှိလျှင် ၂၅ သိန်းခန့်နှင့် အဖို့စားစနစ်ဖြင့်လုပ်လျှင် ငါးစု တစ်စု၊ ခြောက်စု တစ်စုတို့ကို ယာခင်းပိုင်ရှင်အား ပေးချေရကြောင်း၊ စက်လှည့်လုပ်သားခ တစ်ပေလျှင် ၁၂၀၀ ခန့်နှုန်းဖြင့် ပေအနက်အပေါ်မူတည်၍ တစ်ကျင်းလျှင် ငွေကျပ် ၁၀ သိန်းမှ ၂၅သိန်းထိ ပေးရကြောင်း၊ ရေနှင့်မြေပြိုမှုကာကွယ်ရန် သံပိုက်ထိုးခြင်းအတွက် နှစ်လက်မသံပိုက် 22Kg ပေ ၂၀ တစ်လုံးလျှင်ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၀သိန်းမှ ၁၈ သိန်းကြား၊ သံပိုက်ဂဟေဆက်ခ တစ်ဆက်လျှင် ငွေကျပ် ၃၀၀၀ဖြင့် ငွေကျပ် နှစ်သိန်းခန့်၊ ဆီခပ်ရန်အတွက် စက်ကလပ်ခုံကြိုးစုံ ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျမှုရှိကြောင်း၊ ဆီခပ်လုပ်သားတစ်ဦးလျှင် လစာငွေကျပ် ၁၈၀၀၀၀ ပေးရပြီး ဆီထွက်ရှိမှုအပေါ်မူတည်ကာ တစ်ဦးမှနှစ်ဦးထိ ခန့်ထားရကြောင်း တွင်းပိုင်ရှင်များထံမှ သိရသည်။

“ရေနံမော် တစ်မော်ပေါ်ဖို့အတွက် ရှေ့ကနေ လူမိုက်နှင်းတောတိုး စမ်းတွင်းတူးရတာပါ။ အရင်းအနှီးတွေလည်းများ၊ ဆီထွက်နှုန်းတွေလည်းကျနေတော့ အရဲစွန့်ပြီး မတူးရဲသေးဘူး”ဟု ရေနံလက်ယက်တွင်းတူးသူ ဦးသိန်းဝင်းက ပြောသည်။

ရေနံလက်ယက်တွင်းတိမ်လုပ်ငန်းများကို ရေနံမဒေသ၌၂၀၀၄ ခုနှစ်မှ စတင်ကာ လက်ထောင်းကြိုးဆွဲစနစ်ဖြင့် စတင်တူးဖော်ခဲ့ကြကာ ၂၀၁၅ ခုနှစ်ခန့်တွင် စက်ကလပ်ခုံ၊ လက်လှည့် Water Jet ဂျက်တို့ကို အသုံးပြုလာကြကြောင်း၊ ၂၀၀၆ ခုနှစ်မှ ယနေ့အချိန်ထိ ကရောင်းစက်(ခေါ်) ရေလုံးစက်များဖြင့် တူးဖော်မှုများရှိနေပြီး အဆိုပါရေနံမော်များတွင် မြန်မာနိုင်ငံအနှံ့အပြားမှ ရေနံတွင်းတူး၊ ဆီကယ်ရီတိုက်၊ ဆီခပ်၊ တွင်ကုန်ဂဟေဆက်နှင့် ပိုက်ဆက်ပိုက်နုတ် လုပ်ငန်းလုပ်ကိုင်သူများ၊ ဈေးသည် မိသားစုများ မှီခိုနေကြကြောင်း သိရသည်။

“မြေအောက်သယံဇာတဆိုတော့ တွင်းတူးတဲ့အတွေ့အကြုံပေါ်မူတည်ပြီး ခန့်မှန်းတူးကြရတဲ့အတွက် ကံတရားအပေါ် မူတည်ကာ အောင်မြင်သူရှိသလို အရှုံးနဲ့ရင်ဆိုင်ပြီး လှည့်ပြန်သွားရတဲ့သူတွေလည်း အများကြီးပေါ့”ဟု ရေနံလက်ယက်တွင်းတူးသူတစ်ဦးက ဆိုသည်။

ဒေသအတွင်း ရေနံချက်ဖို့ မရှိသေးသည့်အတွက် လက်ယက်တွင်းတိမ်လုပ်ငန်းမှထွက်ရှိလာသော ရေနံစိမ်းများကို တစ်စီးလျှင် ပီပါ ၈၀ မှ ၁၆၀ ထိ ဝင်ဆံ့သော ဆီဘောက်ဆာယာဉ်များဖြင့် မုံရွာမြို့ ကျောက္ကာရေနံချက်ဖို့များ တိုင်းဒေသကြီးအစိုးရ၏ ရေနံသယ်ယူခွင့်မျှောစာဖြင့် ပို့ဆောင်ကြရကြောင်း၊ ရေနံစိမ်းတစ်ပီပါလျှင် ကုန်သွယ်ခွန် ငွေကျပ် ၁၆၅၀၊ စည်းကြပ်ခွန် ငွေကျပ် ၂၀၀၊ တိုင်းဒေသကြီးဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၃၀၀၀၊ စုစုပေါင်း ငွေကျပ် ၄၈၅၀ အခွန်ပေးဆောင်လုပ်ကိုင်ကြကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။

“ဒေသအတွက်၊ တိုင်းပြည်အတွက် အခွန်တွေအများကြီးဆောင်နိုင်လို့ ဂုဏ်ယူကျေနပ်မိပါတယ်။ ဘယ်တော့မှ အခွန်မရှောင်ပါဘူး။ ကျွန်တော်တို့ ဒေသလေးမီးလင်းရေးကိုလည်း တာဝန်ရှိသူများက ကူညီပေးကြပါတယ်။ ခုကတော့ အထွက်နှုန်းကျလို့ မော်သစ်မျှော်တဲ့သူတွေ အများကြီးရှိပေမယ့် ကိုယ့်တာဝန်ကိုယ်ကျေအောင် ထမ်းကြမှာပါ။ ရေနံချက်ဖိုတွေပေါ်လာလို့ တန်ဖိုးမြင့်ထုတ်ကုန်တွေဖြစ်လာရင်လည်း အကျိုးအမြတ်တွေ ပိုရလာမယ်ထင်ပါတယ်”ဟု ရေနံမရွာ ဆီခြံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အစိုးရသစ်လက်ထက်တွင် ၂၀၁၆ခုနှစ် ဇွန် ၂ ရက်မှ ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ၁၀ လတာကာလအတွင်း ရေနံစိမ်း ၄၇၃၁၈၅ စည်အတွက် ငွေကျပ်သန်းပေါင်း ၁၄၀၀ ကျော် (ငွေကျပ် ၁၄၁၉၅၅၅၀၀၀) ကို တိုင်းဒေသကြီးဖွံ့ဖြိုးရေး ရန်ပုံငွေအဖြစ် ကောက်ခံရရှိခဲ့ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

**ဇေယျာတု(မကွေး)**



မင်းလှမြို့နယ်ရှိ ရေနံမော်လုပ်ကွက်တစ်ခုကို တွေ့ရစဉ်

# ခေတ်သစ်ပိုးလမ်းမကြီးတစ်လျှောက်လွတ်လပ်သောကုန်သွယ်ရေးဖော်ဆောင်နိုင်ရန်တရုတ်က ကန်ဒေါ်လာ ၁၂၄ ဘီလီယံမတည်

**ပေကျင်း မေ ၁၄**

ငြိမ်းချမ်းပြီး တည်ငြိမ်သော ပတ်ဝန်းကျင်တစ်ခုဖြစ်ပေါ်ရေးနှင့် လွတ်လပ်စွာကုန်သွယ်ရေးတို့ကို ဖော်ဆောင်နိုင်ရန် ခေတ်သစ်ပိုးလမ်းမကြီး စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၂၄ ဘီလီယံမတည် ထည့်ဝင်သွားမည်ဖြစ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က မေ ၁၄ ရက်တွင် ပြောကြားခဲ့ရုံသာမက ယခင် ပုံစံများဖြစ်သည့် နိုင်ငံအချင်းချင်း အားပြိုင်ချင်းကိုလည်း စွန့်လွှတ်ရန် တိုက်တွန်းလိုက်သည်။

ရှေးဟောင်း ပိုးလမ်းမ လမ်းကြောင်းတစ်လျှောက် ငြိမ်းချမ်းမှုတွေနဲ့ ရှင်သန်နေသော်လည်း စစ်ပွဲများကြောင့် ငြိမ်းချမ်းမှုတွေ မှေးမှိန်ခဲ့ရကြောင်း၊ ထို့ကြောင့်ခေတ်သစ်ပိုးလမ်းမ အစပျိုး အကောင်အထည်ဖော်ရန် ငြိမ်းချမ်းပြီး တည်ငြိမ်သော ပတ်ဝန်းကျင် အခြေအနေတစ်ရပ်လိုအပ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က တရုတ်နိုင်ငံ ပေကျင်းမြို့၌ နှစ်ရက်ကြာကျင်းပမည့် ခေတ်သစ်ပိုးလမ်းမကြီး ဖိုရမ်အဖွင့်မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံအချင်းချင်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ ဂုဏ်သိက္ခာ၊ နယ်မြေပိုင်ဆိုင်မှု၊ တစ်နိုင်ငံချင်းစီ၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်း၊ လူမှုရေးစနစ်များနှင့် အဓိကကျသည့် အကျိုးစီးပွားများစသည့် အရေးကိစ္စများအပေါ်တွင် အပြန်အလှန်လေးစားရမည် ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ခေတ်သစ်ပိုးလမ်းမကြီး အကောင်အထည်ဖော်ရာတွင် စီးပွားရေးပေါင်းစည်းမှုတွေအရ အောင်မြင်မှုရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဖွံ့ဖြိုး တိုးတက်မှုတွေဖြစ်ပေါ်လာအောင် အချင်းချင်းချိတ်ဆက်ပြီး ရရှိလာတဲ့ အကျိုးအမြတ်တွေကို မျှဝေခံစားကြရမည်ဖြစ်ကြောင်း ၎င်းကထပ်မံတိုက်တွန်းပြောကြားလိုက်သည်။

တရုတ်သမ္မတရှီကျင့်ဖျင်က ကမ္ဘာကြီးအား ဖွံ့ဖြိုးမှုများလမ်းဖွင့်ပေးသော အခြေအနေများကို ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ထို့အပြင် တရားမျှတသော၊ အကျိုးသင့်အကြောင်းသင့်ဖြစ်သော၊ ပွင့်လင်းမြင်သာသော ကမ္ဘာ့စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ စည်းမျဉ်းများ တည်ဆောက်ရာတွင် တွန်းအား ပေးရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ကုန်သွယ်ရေးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အကောင်းဆုံးသော မောင်းနှင်အားဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။


**(ရိုက်တာ)**



# အဖွဲ့အစည်းများအတွင်း သဘောထားကွဲလွဲမှုကို ကျော်လွှားရမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတပြောကြား

ပါရီ မေ ၁၄

**ပြင်သစ်သမ္မတအဖြစ်မကြာသေးမီက ရွေးကောက်တင်မြှောက်ခြင်းခံရသော အမ်နုမန်နျူရယ် မက်ခရွန်က ပြင်သစ်သမ္မတမဲဆွယ်စည်းရုံးရေးကာလတွင် တွေ့မြင်ခဲ့ရသည့် လူ့အဖွဲ့အစည်းများအချင်းချင်း ညီညွတ်ခြင်းမရှိသည့်ပြဿနာကို ရင်ဆိုင်ကျော်လွှားရမည်ဖြစ်ကြောင်းနှင့် အင်အားတောင့်တင်းသော ပြင်သစ်နိုင်ငံတစ်ခုထူထောင်နိုင်ရေးအတွက် ကြိုးစားရမည်ဖြစ်ကြောင်း ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောလိုက်ကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ယနေ့တွင်ဖော်ပြထားသည်။**



မေ ၇ ရက်က ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြင်သစ်နိုင်ငံ၏ အသက်အငယ်ဆုံး သမ္မတဖြစ်လာသည့် အသက် ၃၉ နှစ်သာရှိသေးသော မက်ခရွန်က အဖွဲ့အစည်းများ အတွင်း ဖြစ်ပေါ်နေသော သဘောထားကွဲလွဲမှုများကို ရင်ဆိုင်ကျော်လွှားရမည်ဖြစ်ကြောင်း ပြောခဲ့သည်။ ကမ္ဘာကြီးနှင့် ဥရောပသည် အင်အားတောင့်တင်းခိုင်မာသော ပြင်သစ်နိုင်ငံတော်ကြီးကို အလိုရှိကြောင်း လွတ်လပ်မှုနှင့် စည်းလုံးညီညွတ်မှုကို လိုလားသောမက်ခရွန်က ပြောကြားခဲ့သည်။

ထို့အပြင် ၎င်း၏လက်ထက်တွင် အလုပ်သမားဈေးကွက်သည် ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း၊ ကုမ္ပဏီများအတွက် စီးပွားရေးပူးပေါင်းလုပ်ဆောင်နိုင်သည့် အခြေအနေများကို ဖန်တီးပေးမည်ဖြစ်ကြောင်းနှင့် လမ်းသစ်ထွင်စူးစမ်းလုပ်ဆောင်ခြင်းသည် ၎င်း၏ နှလုံးသားထဲတွင် ကိန်းဝပ်နေသည့် ဆန္ဒပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(ရိုက်တာ)**

## အက်ဖ်ဘီအိုင်ညွှန်ကြားရေးမှူးသစ်ခန့်အပ်ရေး လုပ်ဆောင်နေကြောင်း ထရန့်ပြောကြား



**ဝါရှင်တန်ဒီစီ မေ ၁၄**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မေ ၁၄ ရက်က အက်ဖ်ဘီအိုင်ညွှန်ကြားရေးမှူးသစ်ကို ခန့်အပ်နိုင်ရေး လျင်မြန်စွာဆောင်ရွက်နေကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

နိုင်ငံခြားခရီးစဉ်မထွက်ခွာခင် အက်ဖ်ဘီအိုင်ကို ဦးဆောင်ရန် ဂျိမ်းကိုမေးနေရာတွင် မည်သူကသင့်တော်မည်ဆိုသည်ကို ဆုံးဖြတ်ချက်ချနိုင်ရန် လုပ်ဆောင်နေကြောင်း ထရန့်က ပြောကြားခဲ့သည်။

အက်ဖ်ဘီအိုင်ညွှန်ကြားရေးမှူးခန့်အပ်နိုင်ရေးမှာ အလျင်အမြန်လုပ်ဆောင်ရမည့် ကိစ္စဖြစ်သည်ဟု ၎င်းအနေဖြင့် ထင်မြင်ကြောင်း ထရန့်က ပြောခဲ့သည်။ အဆိုပါနေရာကိုရွေးချယ်ရေးမှာ အားလုံးကလူတော်များ၊ နာမည်ကြီးသူများဖြစ်သောကြောင့် မည်သူ့ကို ရွေးချယ်ရမည်ဆိုသည်နှင့်ပတ်သက်ပြီး ဝေခွဲမရဖြစ်နေကြောင်း ၎င်းက ပြောခဲ့သည်။ သို့သော် လေးစား၊ နာမည်ကြီး၊ အရည်အချင်းရှိသူကို အက်ဖ်ဘီအိုင်အတွက် ရွေးချယ်ရမည်ဖြစ်ကြောင်း၊ အက်ဖ်ဘီအိုင်က အဆိုပါလူမျိုးများကို အမှန်တကယ်လိုအပ်ကြောင်း ပြောခဲ့သည်။ **(ရိုက်တာ)**

# နျူကလီးယားအစီအစဉ်ဖျက်သိမ်းရေးနိုင်ငံတကာက ဖိအားပေးနေသည့်ကြားက မြောက်ကိုရီးယားဒုံးကျည်စမ်းသပ်မှုထပ်မံပြုလုပ်

**ပြုံယမ်း မေ ၁၄**

မြောက်ကိုရီးယားနိုင်ငံနှင့် သင့်လျော်သော အချိန်တွင် ဆွေးနွေးမှုပြုလုပ်မည်ဟု ယခင်ပြိုင်ဘက်ဟောင်း တောင်ကိုရီးယားနိုင်ငံ၏ သမ္မတသစ်ကပြောကြားပြီး သိပ်မကြာခင်အချိန်အတွင်း မြောက်ကိုရီးယားနိုင်ငံအနေဖြင့်လည်း ၎င်း၏နျူကလီးယားအစီအစဉ်ဖျက်သိမ်းရေးကို နိုင်ငံတကာကဖိအားပေးနေသည့်ကြားမှ မေ ၁၄ ရက်တွင် နျူကလီးယားဒုံးကျည်စမ်းသပ်မှုတစ်ခုလုပ်ဆောင်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အမေရိကန်ပစိဖိတ်ကွပ်ကဲရေးဌာနမှ မြောက်ကိုရီးယားနိုင်ငံက ပစ်လွှတ်လိုက်သော ဒုံးကျည်အမျိုးအစားကို ခွဲခြားမှုပြုလုပ်နေကြောင်း၊ သို့သော်လည်း အဆိုပါ ဒုံးကျည်သည် နိုင်ငံဖြတ်ကျော်ဒုံးကျည်အမျိုးအစားတစ်ခု မဖြစ်နိုင်ကြောင်း ပြောခဲ့သည်။ ဂျပန်ကာကွယ်ရေးဝန်ကြီးတိုမိုမီက မြောက်ကိုရီးယားတို့ ပစ်လွှတ်လိုက်သော ဒုံးကျည်သည် ယခင်ပစ်လွှတ်ခဲ့ဖူးသည့် ဒုံးကျည်အမျိုးအစားမျိုးမဟုတ်ဘဲ ဒုံးကျည်သစ် အမျိုးအစားတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါဒုံးကျည်သည် အမြင့် ကီလိုမီတာ ၂၀၀၀ ကျော်အထိ ရောက်အောင် ပစ်ခတ်နိုင်ကြောင်းသိရသည်။ မြောက်ကိုရီးယားသည် လွန်ခဲ့သော ဖေဖော်ဝါရီလက စမ်းသပ်ပစ်လွှတ်ခဲ့သော ဒုံးကျည်ထက် ယခုဒုံးကျည်သည် ပိုမိုကွာဝေးသော အကွာအဝေးအထိရောက်အောင် ပစ်ခတ်နိုင်ကြောင်းသိရသည်။ မြောက်ကိုရီးယားသည် အမေရိကန်နိုင်ငံအထိ ပစ်ခတ်နိုင်မည့် နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည် အဆင့်ထိ ရောက်အောင် ပြုလုပ်မည်ဟု ကြွေးကြော်ထားသည်။ အဆိုပါကိစ္စမျိုးဖြစ်ခွင့်မပေးနိုင်ကြောင်း အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်က ပြောခဲ့သည်။ မြောက်ကိုရီးယားတို့ ပစ်လွှတ်လိုက်သော ဒုံးကျည်သည် မြောက်ကိုရီးယားအရှေ့ဘက်ကမ်းရိုးတန်းနှင့် ဂျပန်နိုင်ငံအကြား ပင်လယ်ပြင်သို့မကျခင် မိနစ် ၃၀ ခန့်ပျံသန်းခဲ့ကြောင်း ဂျပန်နိုင်ငံက ပြောကြားခဲ့သည်။

အဆိုပါပစ်လွှတ်စမ်းသပ်ခြင်းသည် ရုရှားမြေပေါ်သို့ကျရောက်ခဲ့မည်ဆိုပါက ရုရှားတို့ကလည်းကျေနပ် မည်မထင်ကြောင်း အမေရိကန်က ပြောခဲ့သည်။ ထိုသို့ပြုလုပ်ခဲ့ခြင်းကြောင့် မြောက်ကိုရီးယားကို နိုင်ငံတကာက ပိုမိုပိတ်ဆို့မှုများပြုလုပ်ရန် လိုအပ်ကြောင်း အမေရိကန်က ထပ်မံပြောကြားလိုက်သည်။

**(ရိုက်တာ)**



# သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ဒေသခံများခိုလှုံရန် အဆောက်အအုံများတည်ဆောက်ပြီးဖြစ်



**ဖျာပုံ မေ ၁၄**

နှစ်စဉ်မိုးရာသီတွင် ရေကြီးရေလျှံခြင်း၊ မုန်တိုင်းအန္တရာယ်များ အလွယ်တကူ ကျရောက်တတ်သည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ သဘာဝဘေးအန္တရာယ်များ ရုတ်တရက်ကျရောက်လာပါက ဒေသခံပြည်သူများ အလွယ်တကူ ခိုလှုံနိုင်ရေးအတွက် မုန်တိုင်းဒဏ်ခံ Cyclone Shelter များ(**အပေါ်ပုံ**) တည်ဆောက်ထားရာ၅၅ လုံး တည်ဆောက်ထားပြီးဖြစ်ကြောင်း တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ဌာနအနေနဲ့ သဘာဝဘေးဒဏ်တွေကာကွယ်ဖို့တည်ဆောက်ပြီး Cyclone Shelter တွေကို ပြုပြင်ထိန်းသိမ်းခြင်းတွေ ဆောင်ရွက်နေသလို တစ်ဖက်မှာလည်း အသစ်တွေ ထပ်မံတည်ဆောက်နေတာတွေရှိပါတယ်။ ဆက်လက်တည်ဆောက်ပေးဖို့ လျာထားချက်တွေအပြင် ဒေသခံပြည်သူတွေရဲ့ လိုအပ်ချက်တင်ပြထားတဲ့ အပိုင်းတွေလည်း ရှိနေပါတယ်"ဟု တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးသန်းစိုးက ပြောသည်။

လက်ရှိအချိန်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ သဘာဝဘေးအန္တရာယ်များ ရုတ်တရက်ကျရောက်လာပါက ဒေသခံပြည်သူများ အလွယ်တကူဘေးကင်းစွာ ခိုလှုံနိုင်ရေးအတွက် သာပေါင်းမြို့နယ်နှင့် အိမ်မဲမြို့နယ်တို့တွင် Cyclone Shelter တစ်လုံးစီ ထပ်မံဆောက်လုပ်လျက်ရှိပြီး ဖျာပုံမြို့နယ် ဂေါ်ဒူကျေးရွာနှင့် ဘိုကလေးမြို့နယ် ညောင်ပိတ်ကျေးရွာတို့တွင် တစ်လုံးစီဆောက်လုပ်ရန် တင်ဒါခေါ်ယူထားကြောင်း သိရသည်။

"Cyclone Shelter နဲ့ပတ်သက်၍ ပြောပြရရင် ကျေးရွာလူထုအတွက် ရာသီဥတုဆိုးရွားရင် မိဘသဖွယ်အားကိုးရာဖြစ်နေပါတယ်။ Shelter မရှိခင်က Shelter ရဲ့တန်ဖိုးလည်း မသိဘူး၊ နာဂစ်တုန်းက ကိုယ့်အားကိုယ်ကိုး အစီအစဉ်နဲ့ ကိုယ်ကြုံသလို ရင်ဆိုင်ကာကွယ်ခဲ့ရပါတယ်။ အခုShelter ရှိလာလို့ သဘာဝဘေးကြိုတင်ပညာပေး လေ့ကျင့်မှုတွေလည်း လုပ်ထားကြတယ်။ ဒေသခံတွေမှာ သဘာဝဘေးအသိတွေရှိလာကြပြီး အားရစရာကောင်းပါတယ်။ မိုးလေဝသသတင်းနည်းနည်းထူးတာနဲ့ ဒေသခံတွေ Shelter ပေါ် ရောက်ပြီးသားပဲ၊ သဘာဝဘေးနဲ့ ပတ်သက်လာရင် ဒေသခံတွေက Shelter အပေါ် မဖြစ်မနေအားကိုးတဲ့ အခြေအနေမှာရှိနေပါတယ်"ဟု ဖျာပုံမြို့နယ် တင်ပုလ္လဲကျေးရွာမှ ဒေသခံ ဦးအောင်ဌေးက ပြောသည်။

မုန်တိုင်းဒဏ်ခံနိုင်သည့် Cyclone Shelter များကို ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ကိုးလုံး၊ ဒေးဒရဲမြို့နယ်တွင် ငါးလုံး၊ ဘိုကလေးမြို့နယ်၌ ခုနစ်လုံး၊ လပွတ္တာမြို့နယ်တွင် ၁၇လုံး၊ မော်လမြိုင်ကျွန်းမြို့နယ်တွင် နှစ်လုံး၊ ငပုတောမြို့နယ်တွင် ၁၅ လုံး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ Cyclon Shelter စုစုပေါင်း ၅၅လုံး တည်ဆောက်ထားရှိကြောင်း သိရသည်။

"Shelter အပေါ်မှာ သဘာဝဘေးတည်ငြိမ်နေရင် တခြားစာသင်တာတွေ၊ ရပ်ရေးရွာရေး ပညာပေးအစီအစဉ်တွေ လုပ်လို့ရပါတယ်၊ ဒါလည်း ရပ်ရွာလူထုအပေါ် အကျိုးပြုခြင်းပါပဲ၊ နိုင်ငံတော်က Shelter တွေ ဆောက်ပေးပြီးတဲ့နောက်ပိုင်းမှာ ကိုယ့်ဒေသမှာရှိတဲ့ အဆောက်အအုံကို မပျက်စီးအောင် ဒေသခံတွေက တန်ဖိုးသိသိ တာဝန်ရှိရှိ ဝိုင်းဝန်းထိန်းသိမ်းကြဖို့ လိုပါတယ်။ ပင်လယ်ကမ်းကို ဦးတိုက်နေတဲ့ရွာ၊ လှိုင်းဒဏ် လေဒဏ်ခံရနိုင်တဲ့ ရွာတိုင်းရွာတိုင်းမှာ အားကိုးရမယ့် အဆောက်အအုံ ခိုင်ခိုင်မာမာရှိဖို့ မဖြစ်မနေလိုအပ်ပါတယ်။ ဒီShelter တွေက ပုံမှန်လူ ၅၀၀ ခန့် ခိုလှုံနိုင်တယ်လို့ဆိုပေမယ့် တကယ်ဘေးဖြစ်ပြီဆိုရင် လူ ၅၀၀၀ မက ၅၀၀၀၀ အသက်ကိုလည်း ကယ်နိုင်ပါတယ်။ ကျွန်တော်တို့ လက်တွေ့ပါ၊ တစ်နှစ်က မုန်တိုင်း သတိပေးချက်တွေရှိလာလို့ အဲ့ဒီ Shelter မှာ ရွာဝန်းကျင် ပြည်သူတွေ ညီညီညွတ်ညွတ်နဲ့ စနစ်တကျခိုလှုံကာ နှစ်ညအိပ်ခဲ့ရဖူးပါတယ်။ ဒါကြောင့် ဖြစ်နိုင်ရင် ပင်လယ်ကမ်းနဖူးရွာတွေ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ မြစ်ချောင်းများတဲ့နေရာတွေမှာ နှစ်ရွာလောက်ပေါင်းပြီး ခိုလှုံနိုင်တဲ့အဆောက်အအုံတွေ များများဆောက်ပေးနိုင်ရင် သဘာဝဘေးအတွက် စိတ်ချနိုင်ပါတယ်" ဟု ဒေသခံ ဦးအောင်ဌေးက ဖြည့်စွက်ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ ဆောက်လုပ်ပြီး ဆောက်လုပ်ဆဲ Cyclone Shelter များအပြင် ဒေသခံများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုချက်အရ Cyclone Shelter ၁၀ လုံးခန့် ထပ်မံဆောက်လုပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသသည် နှစ်စဉ်မိုးများပြီး မြစ်ချောင်းများပေါများသည့် ဒေသဖြစ်သည်။ ထို့အပြင် ပင်လယ်ကမ်းရိုးတန်းနှင့် နီးသည့် ဒေသလည်းဖြစ်ပြီး ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကျရောက်စဉ်က အသက်အိုးအိမ်များဆုံးရှုံးမှုများခဲ့သည့် မုန်တိုင်းဒဏ်သင့် ဒေသတစ်ခု ဖြစ်ပေသည်။

**သူဇာနွယ်(ဖျာပုံ)**

# လူမှုကူညီရေးပရဟိတအဖွဲ့များသို့ ရေသယ်ယာဉ်များလှူဒါန်း




**ရန်ကုန် မေ ၁၄**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် ၂၀၁၆ ခုနှစ် အတွင်း ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်အသစ် ၄၄ စီးကို ဝယ်ယူခဲ့ပြီး ရေရှားပါးမှု အခက်အခဲများနှင့် ကြုံတွေ့ရလေ့ရှိသော ဒေသများရှိ ပရဟိတအဖွဲ့အစည်းများသို့ ပိုမိုကျယ်ပြန့်စွာ သောက်သုံးရေများ လှူဒါန်းနိုင်ရန်အတွက် ရေသယ်ယာဉ်အသစ်များကို ပေးအပ်လှူဒါန်းလျက်ရှိရာ မေ ၁၂ ရက်က အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြု ဖွံ့ဖြိုးရေးအသင်း (ရန်ကုန်)သို့ ရေသယ်ယာဉ်အသစ်တစ်စီးနှင့် မေ ၁၁ ရက်က ကျောက်ပန်းတောင်းမြို့နယ် Volunteer Group လူမှုကူညီရေးပရဟိတအဖွဲ့သို့ ရေသယ်ယာဉ်အသစ်တစ်စီး ပေးအပ်လှူဒါန်းခဲ့သည်။

ဖောင်ဒေးရှင်းအနေဖြင့် ယနေ့အချိန်အထိ ရေသယ်ယာဉ်စုစုပေါင်း အစီး ၄၀ ကို အမှန်တကယ် ရေရှားပါးသည့်နေရာများသို့ ရေဖြန့်ဝေပေးရာတွင် အထောက်အကူဖြစ်စေရန် ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလအတွင်း သောက်သုံးရေရှားပါးခက်ခဲသည့်နေရာဒေသများကို စနစ်တကျ စိစစ်ကောက်ယူ၍ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ ဦးဆောင်မှုဖြင့် ရေသယ်ယာဉ်အသစ်များကို ဆက်လက်လှူဒါန်းသွား မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သဲနိုင်ဦး**

# ကနီမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုများကြောင့် မြို့ပေါ်နှင့် ကျေးရွာအချို့တွင် ပျက်စီးဆုံးရှုံးမှုထပ်မံဖြစ်ပွား

**ကနီ မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီ ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် မေ ၁၄ ရက် ညနေ ၄ နာရီကျော်ခန့်က မိုးသီးများကျ၍ မိုးများသည်းထန်စွာရွာပြီး လေပြင်းတိုက်ခတ်မှုများ ထပ်မံဖြစ်ပွားခဲ့မှုကြောင့် ကနီမြို့နှင့် မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် လူနေအိမ်နှင့် စာသင်ကျောင်းဆောင်၊ သာသနိကအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ရာ လူနှင့်တိရစ္ဆာန် ထိခိုက်မှုများရှိ၍ အသေအပျောက်များလည်းရှိရာ ပျက်စီးဆုံးရှုံးမှုများပြားကြောင်းနှင့် လျှပ်စစ်ဓာတ်တိုင်များလည်း ကျိုးကျမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**



# သုံးခွမြို့ရှိ TRI စေတနာကွန်ရက်မှ ဘိုး၊ ဘွားများအား ဆန်နှင့် ပစ္စည်းများလှူဒါန်း

**သုံးခွ မေ ၁၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ရှိ TRI စေတနာကွန်ရက်မှ အဖွဲ့ဝင်များနှင့် စေတနာအလှူရှင် ၈၀၀ ကျော်တို့က တစ်ဦးလျှင် တစ်လငွေကျပ် ၅၀၀ စီ ထည့်ဝင်လှူဒါန်းကြပြီး သီးခြားအလှူရှင်များစုပေါင်း၍ အကူအညီလိုအပ်နေသူများအား ကူညီဆောင်ရွက်ပေးလျက်ရှိရာ အသက်၈၀ နှင့်အထက် နွမ်းပါးဘိုး၊ ဘွား ၁၀၁ ဦးအား လစဉ် ဆန်လေးပြည်စီ ထောက်ပံ့လှူဒါန်းလျက်ရှိသည်။



မေ ၁၄ ရက် နံနက်ပိုင်းက ဘိုး၊ ဘွား ၁၀၁ ဦးအား လစဉ်ထောက်ပံ့သော ဆန်လေးပြည်နှင့်အတူ ကိုရီးယားနိုင်ငံရောက် သုံးခွသားများနှင့်မိတ်ဆွေများက စုပေါင်းလှူဒါန်းသော ကွေကာအုပ်တစ်ပါကင်၊ မုန့်ခြောက်တစ်ထုပ်၊ ဆီတစ်ဘူး၊ ဘဲဥငါးလုံး၊ မြေပဲဆန်တစ်ထုပ်၊ မာမီးခေါက်ဆွဲနှစ်ထုပ်၊ ပဲဝါတစ်ထုပ်၊ ပန်းသီးနှစ်လုံး၊ ငါးသေတ္တာအသေးတစ်ဘူးတို့ကို TRI စေတနာကွန်ရက် အဖွဲ့ဝင်များက မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့်အတူ အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ကျောက်ပန်းတောင်းမြို့နယ် ကျေးရွာအုပ်စုနှစ်ခုတွင် မိုးသက်လေပြင်းကျရောက် လူနေအိမ်အချို့နှင့် စာသင်ကျောင်းဆောင်တစ်ဆောင် အမိုးလန်ပျက်စီး

**ကျောက်ပန်းတောင်း မေ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တောင်ပေါ်ဗလုံကျေးရွာအုပ်စုနှင့် ကျောက်ချောကျေးရွာအုပ်စုတို့တွင် မေ ၁၃ ရက် ညနေပိုင်းက မိုးသည်းထန်စွာရွာပြီး လေပြင်းများတိုက်ခတ်သဖြင့် လူနေအိမ်အချို့နှင့် အမကကျောင်းတစ်ကျောင်းမှ စာသင်ဆောင်တစ်ဆောင် အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ပန်းတောင်းမြို့နယ် ကျောက်ချောကျေးရွာအုပ်စု ကျောက်ချောကျေးရွာတွင် မေ ၁၃ ရက် ညနေ ၄ နာရီခွဲက မိုးသည်းထန်စွာရွာ၍ လေပြင်းများတိုက်ခတ်မှုကြောင့် ဦးဝင်းကြိုင်၏ နှစ်ထပ်အိမ် သွပ် ၁၂ ချပ် အမိုးလန်ပျက်စီးခဲ့ပြီး အဆိုပါကျေးရွာအုပ်စု ကျင်းခေါင်းကျေးရွာတွင် အမကကျောင်းမှ ပေ(၆၀×၃၀)စာသင်ကျောင်းဆောင် သွပ် ၆၄ ချပ် ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့အပြင်ည ၇ နာရီခွဲတွင် တောင်ပေါ်ဗလုံကျေးရွာအုပ်စု တောင်ပေါ်ဗလုံကျေးရွာ၌ မိုးသက်လေပြင်းများကျရောက်မှုကြောင့် ဦးစိုးသိန်း၏ နှစ်ထပ်တိုက်ပေါ်သို့ မန်ကျည်းပင်ပြိုလဲခဲ့ရာ နေအိမ်တစ်ခြမ်း ပျက်စီးခဲ့ကြောင်း သိရပြီး အဆိုပါ မန်ကျည်းပင်ပြိုလဲမှုအခြေအနေအား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလူငယ်များက စုပေါင်းဖယ်ရှားပေးခဲ့ကြောင်းနှင့် ဦးအောင်ကိုလင်း၏ သွပ်မိုး ထရံကာ လူနေအိမ်မှာလည်းသွပ် ၃၂ ချပ် ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းကြောင့် တောင်ပေါ်ဗလုံကျေးရွာတွင် လူနေအိမ်နှစ်လုံးနှင့် ကျောက်ချောကျေးရွာအုပ်စု ကျောက်ချောကျေးရွာတွင် လူနေအိမ်တစ်လုံး၊ ကျင်းခေါင်းကျေးရွာ အမကစာသင်ကျောင်းဆောင် တစ်ဆောင်တို့ အမိုးလန်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရပြီး လူနှင့်တိရစ္ဆာန်ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ခန္တီးရတနာမြေ၌ ကျောက်စိမ်းတူးဖော်ခွင့်လိုင်စင်ရကုမ္ပဏီများနှင့် တရားမဝင်ရှာဖွေသူ(ရေမဆေး)များကြား ပဋိပက္ခမဖြစ်ပွားစေရေး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းစဉ်လေးရပ်ချမှတ်ဆောင်ရွက်သွားမည်

စစ်ကိုင်း မေ ၁၄

**စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးရတနာနယ်မြေတွင် ကျောက်စိမ်း တူးဖော်ခွင့် လိုင်စင်ရကုမ္ပဏီများနှင့် ကျောက်စိမ်းရိုင်း တရားမဝင်ရှာဖွေသူ(ရေမဆေး)များကြား ပဋိပက္ခမဖြစ်ပွားစေရေး အတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းစဉ်လေးရပ် ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်း ဒေသ ကြီးအစိုးရ သတင်းထုတ်ပြန်ရေးအဖွဲ့မှ သိရသည်။**



စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နန်စီပွန် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရတနာနယ်မြေအတွင်းရှိ တရားမဝင်နေထိုင်သူများအား ဥပဒေနှင့်အညီ ရှင်းလင်းဖယ်ရှားသွားမည်ဖြစ်သလို တူးဖော်ခွင့် လိုင်စင်ရ ကုမ္ပဏီများအနေဖြင့် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ စိစစ်နေသည့်ကာလအတွင်း လုပ်ငန်းစဉ်အားလုံးကို ရပ်ဆိုင်းထားရမည်ဖြစ်ကြောင်း သိရသည်။ စွန့်ပစ်မြေစာများ အတွက် နေရာသတ်မှတ်ခြင်းနှင့် ရေမဆေးများအတွက် စည်းကမ်းချက်များကို သတ်မှတ်ပေးမည်ဖြစ်သလို နယ်မြေ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်း ထုတ်ပြန်ရေးအဖွဲ့မှ သိရသည်။

၁၉၉၅ ခု မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပြဋ္ဌာန်းခဲ့ ချိန်မှစ၍ ကျောက်မျက်ကုမ္ပဏီများ ထူထောင်ခွင့်ပြုပြီး ကျောက်မျက်ရတနာများကို တိုင်းရင်းသားလုပ်ငန်းရှင် များအား တူးဖော်ခွင့်ပြုခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ခန္တီးရတနာနယ်မြေအဖြစ် ဧရိယာ ၁၁၆၃ စတုရန်းမိုင်၊ ဧက အားဖြင့် ဧက ၇၄၄၃၂၀ သတ်မှတ်၍ နိုင်ငံတော်မှ ကုမ္ပဏီ များအား ကျောက်စိမ်းတူးဖော်ခွင့်ချထားပေးခဲ့သည်။ နန်စီပွန် လုပ်ကွက်တွင်မော် ၁၆ မော်ရှိပြီး လုပ်ကိုင်ခွင့်ပြုထားသော သက်တမ်းရှိ လုပ်ကွက် ၅၂၀ ၊ သက်တမ်းကုန်လုပ်ကွက် ၂၃၈ ကွက်၊ မကျန်ခလုပ်ကွက်တွင် လုပ်ကိုင်ခွင့်ပြုထားသော သက်တမ်းရှိလုပ်ကွက် ၇၇၁ ကွက်၊ သက်တမ်းကုန်လစ်လပ် လုပ်ကွက် ၁၂၆ ကွက်ရှိပြီး ကုမ္ပဏီ ၃၇ ခုအား ခွင့်ပြုချထား ပေးခဲ့ကြောင်း သိရသည်။

အဆိုပါခွင့်ပြုချထားပေးသည့် လုပ်ကွက်များအနက် ကုမ္ပဏီ ၁၈ ခုသည် လုပ်ကွက် ၉၀ အတွင်း ၂၀၁၆ ခုနှစ်၌ လုပ်ငန်းဆောင်ရွက်ခဲ့ပြီး အဆိုပါ ကျောက်စိမ်းကုမ္ပဏီများ သည် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းတွင် စက်ယန္တရားများ ကိုအသုံးပြု၍ ဟင်းလင်းဖွင့်စနစ်ဖြင့် ပွင့်လင်းရာသီချိန် နိုဝင် ဘာလဆန်းမှ ဧပြီလကုန်အထိ ခြောက်လဆောင်ရွက်ကြရ ကြောင်း သိရသည်။ ၂၀၁၆ ခု ဇွန်၊ ဇူလိုင်လများတွင် မိုးရာသီ ကျရောက်လာသဖြင့် ကုမ္ပဏီ ၁၀ ခုမှ လုပ်ငန်းခေတ္တရပ်နားပြီး ကျန်ကုမ္ပဏီရှစ်ခုသည် နွေကာလတွင် တူးဖော်စုဆောင်း ထားသော ကျောက်မျက်အရိုင်းပါ ကျောက်ကြောမြေစာပုံ များအား ရေပန်းထိုးသန့်စင်နိုင်မှု ဆောင်ရွက်နိုင်ရေးအတွက် ခွင့်ပြုလုပ်ကွက်များအတွင်း ကျောက်ကြောမြေစာများကို သံဆူးကြိုးသွပ်ပြားများဖြင့် ခြံစည်းရိုးကာရံ၍ စုပုံထားရှိ ကြောင်း သိရသည်။

အဆိုပါကုမ္ပဏီရှစ်ခုသည် တူးဖော်စုဆောင်းထားသော ကျောက်မျက်အရိုင်းပါ ကျောက်ကြောမြေစာပုံများအား ရေပန်းထိုးသန့်စင်မှု ဆောင်ရွက်နိုင်ရေးအတွက် ခန္တီးမြို့ရှိ ကျောက်စိမ်းတူးဖော်ရေးဌာနစခန်းရုံးမှတစ်ဆင့် မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် နေပြည် တော်နှင့် အခြားဌာနဆိုင်ရာများသို့ တင်ပြဆောင်ရွက်ခဲ့ ကြောင်း သိရသည်။ ရေပန်းထိုး၍ ကျောက်စိမ်းရှာဖွေရာတွင် လည်း ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် ဆောင်ရွက် ရမည့်အနက် စစ်ကန်အဆင့်ဆင့်လုပ်ငန်းများ တူးဖော်ပြီး လုပ်ကွက်များကို မြေပြန်ညှိပြီး မြေဆီလွှာထိန်းသိမ်းရေး အတွက် အစားထိုးသစ်ပင်များ စိုက်ပျိုးခြင်းလုပ်ငန်းများ နှင့်ကုမ္ပဏီများအနေဖြင့် လုပ်ကိုင်ခွင့်ပြုချက်ပါ စည်းကမ်း ချက်များအတိုင်း တိကျစွာလိုက်နာမှု ရှိ၊ မရှိ စသောအချက်များ ကို သက်ဆိုင်ရာ ကျောက်စိမ်းတူးဖော်ရေးစခန်းရုံးမှ ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခု မေလကုန်မှစတင် ၍ တရားမဝင်ရေမဆေးကျောက် ဥပဒေမဲ့ရှာဖွေသူများက ကုမ္ပဏီများ၏ လုပ်ကွက်များနှင့် သန့်စင်ခြင်းမပြုရသေးသော ကျောက်ကြောမြေစာပုံများပေါ်တွင် ဝင်ရောက်လုယက်ရှာဖွေ ပြုလုပ်မှုများနှင့် အကျိုးဖျက်ဆီးမှုများ ပြုလုပ်လာခဲ့ကြသော ကြောင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ကူညီပေးပါရန် တင်ပြတောင်းဆိုခဲ့ရာ နန်စီပွန်ဒေသသို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့လုံခြုံရေးစစ်ကြောင်းရောက်ခဲ့ပြီး ၂၀၁၇ ခု ဇန်နဝါရီ ၁၉ ရက်ကစတင်၍ တရားမဝင် ကျောက်မျက် ရှာဖွေသူများအား ကျောက်ကြောမြေစာပုံများပေါ်မှ ဖယ်ရှား ရေး စတင်ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျောက်မျက်ရှာဖွေ သူများက တာဝန်ရှိသူများ၏ တာဝန်ဝတ္တရားဆောင်ရွက်မှု များကို လူအုပ်စုဖြင့် ဆန့်ကျင်မှုများပြုလုပ်ခဲ့သဖြင့် ရုန်းရင်း ဆန်ခတ်ဖြစ်ပေါ်မည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် နန်စီပွန်ဒေသ၏ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအခြေအနေကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်တိုင်ဦးစီး၍ အဖွဲ့ဝင်များဖြင့် ကွင်းဆင်းစိစစ် ၍ ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# အမြန်ရေယာဉ်၏လှိုင်းဒဏ်ကြောင့် စစ်တွေမြို့၌ ပဲ့ချိတ်စက်လှေတစ်စင်းနစ်မြုပ်



စက်လှေတိမ်းမှောက်သွားသည့်ရေပြင်အား တွေ့ရစဉ်

**စစ်တွေ မေ ၁၄**

ပုဏ္ဏားကျွန်းမြို့နယ်မှ ယနေ့ နံနက်ပိုင်းက ထွက်ခွာလာသော ပဲ့ချိတ်လှေတစ်စင်းသည် စစ်တွေမြို့နယ် မင်းချောင်း (မင်းကံမြစ်)အတိုင်း မောင်းနှင်လာစဉ် စစ်တွေမြို့မှ ထွက်ခွာလာသော အမြန်ရေယာဉ်တစ်စင်း၏ လှိုင်းဒဏ်ကြောင့် တိမ်းမှောက်သွားကြောင်း သိရသည်။

ပုဏ္ဏားကျွန်းမြို့နယ် စပါးထား ကျေးရွာမှ ဦးအေးငြိမ်းထွန်း မောင်းနှင်လာသော ပဲ့ချိတ်စက်လှေသည် စစ်တွေမြို့သို့ ထွက်ခွာလာစဉ် စစ်တွေမြို့နယ် မင်းချောင်းသို့အရောက် စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ ထွက်ခွာလာသော ရွှေပြည်တန်အမြန်ရေယာဉ်၏ လှိုင်းကြောင့် နံနက် ၇ နာရီခွဲခန့်က တိမ်းမှောက်သွားခဲ့ကြောင်း၊ စက်လှေပေါ်ပါ လူများအား အနီးကျေးရွာမှ လူများက ဝိုင်းဝန်းကယ်ဆယ်ကြ၍ အသက်ဆုံးရှုံးမှုတစ်စုံတစ်ရာ မရှိကြောင်း၊ လက်ကိုင်ဖုန်းသုံးလုံးနှင့် ငွေကျပ် တစ်သိန်းငါးသောင်းငါးထောင် ဆုံးရှုံးသွားကြောင်း ဆက်သွယ်မေးမြန်းချက်များအရ သိရသည်။

"ရွှေပြည်တန် အမြန်ရေယာဉ်က စစ်တွေကနေ ဘူးသီးတောင်ကို သွားပါတယ်။ ကျွန်တော်တို့ မြစ်နားအုပ်စု မင်းလှရွာနားအရောက်မှာ ပုဏ္ဏားကျွန်းမြို့နယ် စပါးထားကျေးရွာက ဦးအေးငြိမ်းထွန်း မောင်းလာတဲ့လှေဟာ အမြန်ရေယာဉ်လှိုင်းကြောင့် တိမ်းမှောက်သွားပါတယ်။ ခရီးသည်ကတော့ လေးဦးပါပါတယ်။ သူတို့က လူကြီးတွေဖြစ်လို့ မှောက်သွားတဲ့ လှေကိုကိုင်ပြီး အကူအညီတောင်းကြတော့ အနီးအနားက ကျွန်တော်တို့ မင်းလှရွာကလူတွေ သွားရောက်ဆယ်ယူကြပါတယ်။ ဖုန်းသုံးလုံးနဲ့ ငွေကျပ် တစ်သိန်းငါးသောင်းငါးထောင်နဲ့ ထီး၊ ဖိနပ်တွေလောက်ပဲ ဆုံးရှုံးသွားပါတယ်။ ဒီလူတွေ ကျွန်တော်တို့အိမ်က အဝတ်အစားကို လဲခိုင်းပြီးတော့ သူတို့နေရပ်ကို ပို့ခိုင်း လိုက်ပါပြီ။ ခုတော့ စစ်တွေက မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေး၊ မီးသတ်တပ်ဖွဲ့က တာဝန်ရှိသူတွေ ရောက်နေကြပြီး လိုအပ်တဲ့စစ်ဆေးမှုတွေကို ယူနေပါတယ်" ဟု မင်းလှကျေးရွာမှ အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က ပြောသည်။

ထို့ပြင် ဤကဲ့သို့ အမြန်ရေယာဉ်များ၏ လှိုင်းဒဏ်ကြောင့် လှေငယ်များ မကြာခဏမှောက်ကြကြောင်း၊ ယခင်နှစ် အနည်းငယ်က ဤမြစ်ထဲတွင်အမြန် ရေယာဉ်ကြောင့် လှေမှောက်၍ ပုဏ္ဏားကျွန်းမြို့နယ်မှ နှစ်ဦး အသက်ဆုံးရှုံးခဲ့ရကြောင်း၊ ဤဒေသသည် မြစ်ချောင်းများပေါများ၍ လှေများကိုအားကိုးကာ ခရီးသွားလာရကြောင်း၊ အမြန်ရေယာဉ်များသည် မြစ်ကျဉ်းများတွင်လည်း အမြန်နှုန်းတင်ပြီး မောင်းကြရာ ဘေးဝဲယာလှိုင်းများ ပြင်းထန်စွာရိုက်ခတ်သဖြင့် လှေငယ်များ တိမ်းမှောက်ရခြင်းဖြစ်ကြောင်း၊ အမြန်ရေယာဉ်များအနေဖြင့်လည်း သတိထားပြီး မောင်းနှင်သင့်ကြောင်း၊ တာဝန်ရှိသူများကလည်း ပြည်သူ့အသက်အိုးအိမ်စည်းစိမ်အတွက် ကြပ်မတ်ပေးသင့်ကြောင်း ၎င်းက ဆက်ပြောသည်။

**သတင်း-ကိုကြီးစော**

**ဓာတ်ပုံ-ဓညစော**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ






**နေပြည်တော် မေ ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၃ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၈၄ စီး၊ သွင်းကုန် ၄၅၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅ စီး၊ သွင်းကုန် ၁၈၃ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၃ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆ ဒသမ ၈၂၄ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၆မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇ ဒသမ ၈၂၄ သန်းခန့်အား ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၃ ရက်က မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ် နှစ်စီးနှင့် Toyota Wish ယာဉ်တစ်စီးကို ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော အမဲခြောက်အိတ် ၁၂၀၊ သတ္တုမှုန့်အိတ် ၄၀ နှင့် Toyota Wish ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၅ သန်းခန့်တို့ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။**(ယာပုံ)**

**(သတင်းစဉ်)**

## မန္တလေး- လားရှိုး -မူဆယ်လမ်းရှိ ပန်စောက်မိန်းကျေးရွာအနီး ကုန်တင်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်

**သီပေါ မေ ၁၄**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် ပန်စောက်မိန်းကျေးရွာအနီး မန္တလေး -လားရှိုး- မူဆယ်သွား ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၁၃၂/၂-၃) ကြား၌ မေ ၁၄ ရက် ညနေ ၃ နာရီ ကျော်က မန္တလေးမှ မူဆယ်ဘက်သို့ ကြက်စာအိတ်များ တင်ဆောင်လာသည့် ယာဉ်မောင်း သန့်စင်ဦး မောင်းနှင်သော ၁၂ ဘီးကုန်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ တိမ်းမှောက်သွားသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် မိုးစက်(ခ) အောင်စိုးတို့မှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြသည်။ အခင်းဖြစ်ပွားရာသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသားများ၊ အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(သီပေါ) တပ်စိတ် ယာဉ်ထိန်းတာဝန်ခံ တပ်ကြပ်ကြီး ဝင်းဇော်လတ်အဖွဲ့တို့က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြပြီး ယာဉ်မောင်းအား သီပေါမြို့မရဲစခန်းက အမှုဖွင့်ထား ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## ရိုက်ပုတ်နှိပ်စက်သော ခင်ပွန်းအား ဇနီးသည်က သံတူရွင်းနှင့်ရိုက်သတ်

**နတ်မောက် မေ ၁၄**

နတ်မောက်မြို့နယ် သမှုန်းပင်(န)ကျေးရွာ၌ မေ ၁၂ ရက် ညက အမျိုးသမီးတစ်ဦးက ၎င်း၏ခင်ပွန်းအား သံတူရွင်းဖြင့် ရိုက်နှက်မှုကြောင့် သေဆုံးခဲ့မှုနှင့် ပတ်သက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးက မေ ၁၃ ရက်တွင် တိုင်ကြားအမှုဖွင့်ခဲ့ကြောင်း နတ်မောက် မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မေ ၁၂ ရက် ညပိုင်းက မကလေးမကြီး (ခ)မသန်းငွေးဝင်း (၂၈နှစ်)သည် ကျေးရွာအုပ်ချုပ်ရေးမှူး နေအိမ်သို့ရောက်ရှိလာပြီး "ကျွန်မ ယောကျ်ား မောင်ငြိမ်း(၃၁နှစ်)က တခြားယောကျ်ားလေးတွေနဲ့ ညတိုင်း ပေးစားပြောဆိုတယ်၊ အရင်ကလည်း ရိုက်ပုတ်နှိပ်စက်တာတွေလုပ်လို့ သံတူရွင်းနဲ့ ရိုက်ခဲ့တယ်။ သေသလား၊ ရှင်သလားမသိဘူး"ဟု လာရောက် ပြောသဖြင့် ဦးအောင် ကျော်ဦးက တစ်ရွာတည်းနေ ဦးမောင်ပု၊ ဦးမှော်ချို၊ ဦးကြည်ခိုင်ဝင်း တို့နှင့်အတူ ရွာအနောက်တောင်ဘက်ရှိ မောင်ငြိမ်း၏ နေအိမ်သို့ သွားရောက်ကြည့်ရှုခဲ့ရာ မောင်ငြိမ်းမှာ ၎င်းနေအိမ်ရှေ့ တလင်းတွင် ညိုမည်းဒဏ်ရာ သုံးချက်ဖြင့် သေဆုံးနေ သည်ကိုတွေ့ရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မကလေးမကြီး(ခ) မသန်းငွေးဝင်း အား အရေးယူပေးရန် နတ်မောက်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားသည်။

**ကျော်ဇေယျ**

## ကော့သောင်း-ခမောက်ကြီးလမ်းပေါ် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**ကော့သောင်း မေ ၁၄**

ကော့သောင်း - ခမောက်ကြီးလမ်းပေါ် ခမောက်ကြီးမြို့သို့အဝင် မိုင်တိုင်အမှတ် ၂၃၀/၇ အနီး မေ ၁၂ ရက် ညနေပိုင်းက လိုက်ထရပ် ယာဉ်တစ်စီး တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

ဇော်အောင် မောင်းနှင်ပြီး မြိတ်မြို့မှ ကော့သောင်းမြို့သို့ ထွက်ခွာလာသည့် လိုက်ထရပ်ယာဉ်အမှတ် YGN-3L /-----သည် ခမောက်ကြီးမြို့ အဝင် မိုင်တိုင်အမှတ် ၂၃၀ မိုင် ၇ ဖာလုံခန့်တွင် ရှေ့မှမောင်းနှင်လာသည့် ပရာဒိုယာဉ် တစ်စီးကို ရှောင်တိမ်းရာမှ မိုးရွာထား သဖြင့် လမ်းချော်ကာ လက်ယာ ဘက်ခြမ်းရှိ ဆီအုန်းစိုက်ခင်းအတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါအမျိုးသမီးနှစ်ဦးနှင့် ကလေးငယ် တစ်ဦးတို့(မစိုးရိမ်ရ) ထိခိုက်ဒဏ်ရာ ရရှိသဖြင့် ခမောက်ကြီးမြို့ပြည်သူ့ဆေးရုံ သို့ တင်ပို့ကုသထားပြီး ယာဉ်မောင်း အား ခမောက်ကြီးရဲစခန်းက အရေးယူ ထားကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## အုတ်တွင်းမြို့နယ်၌ ဆိုင်ကယ်ဖြင့်လမ်းဖြတ်ကူးသည့်မိန်းကလေး ရထားတိုက်၍သေဆုံး

**အုတ်တွင်း မေ ၁၄**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့၊ ဈေးရပ်ကွက်၌ မေ ၁၄ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်က ရထားလမ်းကို ဆိုင်ကယ်ဖြင့်ဖြတ်ကူးသည့် မိန်းကလေး တစ်ဦး ရထားတိုက်မိ၍ သေဆုံးသွား ကြောင်း သတင်းအရ အုတ်တွင်းမြို့မ စခန်းမှူး ဒုရဲမှူး ဇော်လွင် ဦးစီးအဖွဲ့ သွားရောက် စစ်ဆေးခဲ့သည်။

သေဆုံးသူ မဇူးဇူး (၁၅ နှစ်) နဝမ တန်းကျောင်းသူ ဈေးရပ်ကွက် ဝေပုံ ကွင်းကျေးရွာ အုတ်တွင်းမြို့နေသူသည် ၄ဝယ/----HIBOBO ဆိုင်ကယ်ဖြင့် ရထားလမ်းမိုင်တိုင် (၁၆၇/၀) အနီးမှ ရထားလမ်းကိုဖြတ်မောင်းစဉ် ရန်ကုန်- မန္တလေးရထားလမ်းအတိုင်း မြောက်မှ တောင်သို့ စက်ခေါင်းမောင်း မျိုးထိုက်ဦး (၄၇ နှစ်) မောင်းနှင်လာသော စက်ခေါင်း အမှတ် DF - 2083 ရထားနှင့် တိုက်မိပြီး ရရှိသည့်ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့၍ အုတ်တွင်းမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက် ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## မန္တလေး-လားရှိုးလမ်းပိုင်း၌ ခရီးသည်တင်မှန်လုံယာဉ် တိမ်းမှောက်မှုဖြစ်ပွား

**နောင်ချို မေ ၁၄**

ကွတ်ခိုင်မြို့နယ်မှ ဒိုက်ဦးမြို့ ဦးကျောင်းတိုက်သို့ ဦးပဥ္ဇင်းနှစ်ပါး၊ ကိုရင် ၅၄ ပါး တင်ဆောင်ပြီး ယာဉ်မောင်း အောင်စိုး မောင်းနှင်သော ရွှေတောင်မန်းခရီး သည်တင် မှန်လုံယာဉ်သည် နောင်ချိုမြို့ မန္တလေး-လားရှိုးကားလမ်း သဖန်းကိုင်းကျေးရွာ အနီး မိုင်တိုင်အမှတ် ၇၅/၄-၅ ကြားအရောက်၌ အရှိန်မထိန်းနိုင်ဘဲ ကားလမ်းယာဘက် အုတ်ခုံကို ဝင်တိုက်ပြီး တိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ဦးပဥ္ဇင်းတစ်ပါး၊ ကိုရင်ရှစ်ပါးတို့ ဒဏ်ရာ ရရှိသွားသဖြင့် ယာဉ်မောင်း အောင်စိုး (၂၉နှစ်) တာမိုးညဲမြို့နေထိုင်သူကို နောင်ချို မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

## ဆိုင်ကယ်နှင့် ယာဉ် မျက်နှာချင်းဆိုင်တိုက်မိပြီး တစ်ဦးသေဆုံး

**မင်းလှ မေ ၁၄**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် သရက်တပင်ကျေးရွာအုပ်စု ဆင်ပချုပ်ကျေးရွာအနီး သရက်တပင်-စိန်ကန့်လန့်သွားလမ်းမ မိုင်တိုင် အမှတ် (၀/၆ )နှင့် (၀/၇) ကြား၌ မေ ၁၄ ရက် နံနက် ၁၁ နာရီခန့်က ဆိုင်ကယ်နှင့် ထော်လာဂျီယာဉ် မျက်နှာချင်းဆိုင် တိုက်မိပြီး လူတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့သည်။

စိန်ကန့်လန့်ဘက်မှ သရက်တပင်ဘက်သို့ ယာဉ်မောင်း တင်မျိုးနိုင် မောင်းနှင် သော ယာဉ်အမှတ် ၉၄/---- ထော်လာဂျီနှင့် သရက်တပင်ဘက်မှ စိန်ကန့်လန့်ဘက်သို့ မကေခိုင်ဇော် မောင်းနှင်ပြီး နောက်တွင် ဒေါ်ပုမ (၅၃ နှစ်)လိုက်ပါလာသော ၅ဝယ/ ---- CANDA-110 ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်ဝင်တိုက်မိရာ ဒေါ်ပုမသည် နေရာ၌ ပွဲချင်းပြီး သေဆုံးခဲ့ကာ မကေခိုင်ဇော်တွင် (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့သည်။

ယာဉ်တိုက်မှုနှင့်ပတ်သက်၍ မင်းလှမြို့မရဲစခန်းက ယာဉ်မောင်း တင်မျိုးနိုင်နှင့် ကေခိုင်ဇော်တို့ကို အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**



ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးဘေး လားရှိုး အတက် မိုင်တိုင်အမှတ် ၁၈၄(၅-၆)ကြား ပန်ဟတ်ကျေးရွာအနီး၌ မေ ၁၄ ရက်က မူဆယ်မှ မန္တလေးဘက်သို့ ဆင်းလာသော တွဲကားတစ်စီး တိမ်းမှောက်နေသည်ကို တွေ့ရစဉ်
သန့်ဇင်(မူဆယ်)


### ရောင်းမည်
**(စီးပွားရေးလုပ်ရန်/လူနေရန်အလွန်ကောင်း)**

လှိုင်သာယာမြို့နယ်၊ အောင်ဇေယျတံတားအနီးဝန်းကျင်၊ အမှတ်(၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်းနှင့် ဦးဥတ္တမလမ်းထောင့်၊ လမ်းမပေါ်မေးတင်(၂)ကွက်၊ ကျောကပ် (၂)ကွက်၊ စုစုပေါင်း(၄)ကွက်၊ မြေတစ်ကွက် အကျယ်အဝန်း ပေ(၄၀× ၆၀) နှစ်(၆၀)ဂရန်အမည်ပေါက်၊ ရေမီးအစုံ၊ တစ်ထပ် အိမ်တစ်လုံးပါ

**သိန်း(၅၅၀၀) (ညှိနှိုင်း)**

**ဖုန်း-၀၉-၇၈၄၃၂၂၅၇၂၊ ၀၉-၈၇၄၅၅၄၁၇၆**

**အမည်ပြောင်း** ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဘ)ဦးအောင်ကျော်စိုး ၈/စလန(နိုင်)၀၉၄၁၁၄ ၏သား Success ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းတွင် ပညာသင်ကြားနေသော မောင်စိုင်းဇင်လင်းအား မောင်ဇင်လင်းဟု ခေါ်ပါရန်။

### ပြင်ဆင်ဖတ်ရှုပါရန်
၁၄-၅-၂၀၁၇ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၄)တွင် ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါကြော်ငြာတွင် တင်ဒါစည်းကမ်းချက်များ ရှင်းလင်းပွဲအား ၃၁-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)(၁၀:၀၀)နာရီဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ဖခင်အမည်မှန်
ကြို့ပင်ကောက်မြို့ ZENITH ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်းမှ နဝမတန်းအောင်မြင်ပြီးသူ မောင်ကောင်းဆက်နိုင်၊ ကျောင်းဝင်နံပါတ်(၀၄၅)၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစန်းနိုင် ၇/ကပက(နိုင်)၀၅၉၀၉၄ ဖြစ်ပါသည်။

### သားအဖြစ်မှ စွန့်လွှတ်ခြင်း
မောင်တင့်လှိုင် ၁၂/လမန(နိုင်)၁၅၀၉၈၄ သည် မိခင်ကြီး ဒေါ်ညွန့်သိန်းအား စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ဒေါ်ညွန့်သိန်းက သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောက်နောင်၎င်းနှင့် ပတ်သက်ပြီး မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**(မိသားစုအား စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**ဒေါ်ညွန့်သိန်း**
**၁၂/လမန(နိုင်)၀၇၁၇၂၃**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
၁။ ချင်းပြည်နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပြည်နယ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ရန်အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါ ခေါ်ယူမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| ၁။ | မြေလမ်း | (၂၈၄/၄) မိုင် |
| ၂။ | ကျောက်လမ်း | (၂၁/၄) မိုင် |
| ၃။ | ဆိုင်ကယ်လမ်း | (၃/၂) မိုင် |
| ၄။ | လမ်းတာချဲ့ခြင်း | (၇၄/၄) မိုင် |
| ၅။ | ကွန်ကရစ်တံတား | (၉) စင်း |
| ၆။ | သစ်သားတံတား | (၅) စင်း |
| ၇။ | ကားကူးကြိုးတံတား | (၂) စင်း |
| ၈။ | လူကူးကြိုးတံတား | (၅) စင်း |
| ၉။ | ကွန်ကရစ်ရေပြွန် | (၂၅၁) စင်း |
| ၁၀။ | သောက်သုံးရေသွယ်ယူခြင်း | (၃၂) စင်း |
| ၁၁။ | စိုက်ပျိုးရေသွယ်ယူခြင်း | (၄) စင်း |
| ၁၂။ | ဆိုလာမီးရရှိရေးလုပ်ငန်း | (၇၁၇) စုံ |
| ၁၃။ | ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ခြင်း | (၉) ကျောင်း |
| ၁၄။ | ခရစ်ယာန်သာသနာပြုကျောင်း | (၄) ကျောင်း |
| ၁၅။ | ဓမ္မာရုံ/သိမ်ကျောင်း | (၃) ကျောင်း |
| ၁၆။ | တန်ဖိုးနည်းအိမ်ရာ | (၄၃) လုံး |
| ၁၇။ | (၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာ | (၂) လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၅-၅-၂၀၁၇ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး ၁၅-၆-၂၀၁၇ရက် ၁၇:၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။
၃။ တင်ဒါလျှောက်လွှာပုံစံများကို ရောင်းချမည့်လိပ်စာနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ချင်းပြည်နယ်၊ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ အမှတ်(၁)၊ ဂေါက်ကွင်းလမ်း၊ မြို့သစ်ရပ်ကွက်၊ ဟားခါးမြို့ ဖြစ်ပါသည်။
၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၀-၂၁၅၈၅၊ ၀၉-၃၁၄၆၉၆၇၈၊ ၀၉-၄၀၀၅၀၃၉၄၆၊ ၀၉-၄၄၂၀၀၀၈၀၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

### ကိုးဘွဲ့ရ ရိပ်သာ၌ နှစ်ညအိပ် သုံးရက် တရားစခန်း ဖွင့်လှစ်မည်။
နိုင်ငံကျော် မှုကာထိက ကိုးဘွဲ့ရဆရာတော် အရှင် အာစာရာလင်္ကာရ အရှင်သူမြတ် ဦးဆောင်သည့် ကိုးဘွဲ့ရ ဝိပဿနာ တရားစခန်း ရိပ်သာ၌ မြတ်စွာဘုရား၏ ဒေသနာတော်အတိုင်း ----

**၂၀၁၇ - မေလ - ၂၆ - ၂၇ - ၂၈ သောကြာ - စနေ - တနင်္ဂနွေ**

နေ့များတွင် (၂) ညအိပ် (၃) ရက် တရားစခန်းများ ဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ အနေဖြင့် လူကိုယ်တိုင်ဖြစ်စေ , ဖုန်းဖြင့် ဖြစ်စေ , တရင်း ပေးသွင်းနိုင်ပါပြီ။ (အာရုက်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည် လှူဒါန်းလိုသူများလည်း ဆက်သွယ်နိုင်ပါပြီ။)
ကိုးဘွဲ့ရ ဝိပဿနာ တရားစခန်း ရိပ်သာ၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဝထုးလမ်း၊ မြောက်-ဒဂုံ။ ကျောင်းဖုန်း - ၀၉ ၄၄၄ ၇၀၀ ၁၀၅

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
၁။ ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက် လမ်း၊ တံတားနှင့် ရေရရှိရေးလုပ်ငန်းနှင့် ပြည်နယ်ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများအား အောက်ပါရက်များအတိုင်း တင်ဒါခေါ်ယူအပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါစတင်ရောင်းချမည့်ရက် | - ၂၂-၅-၂၀၁၇ရက်(တနင်္လာနေ့) |
| (ခ) | တင်ဒါရောင်းချမှုပိတ်သိမ်းရက် | - ၁၅-၆-၂၀၁၇ရက် (ကြာသပတေးနေ့)(၁၆:၀၀)နာရီ |
| (ဂ) | တင်ဒါ(နောက်ဆုံး)တင်သွင်းရမည့်ရက် | - ၁၆-၆-၂၀၁၇ရက် (သောကြာနေ့)(၁၆:၀၀)နာရီ |
| (ဃ) | တင်ဒါစည်းကမ်းချက်များရှင်းလင်းပွဲ | - ၁၃-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) (၁၀:၀၀) နာရီ |
| | ပြုလုပ်မည့်ရက်/နေရာ | ရှမ်းပြည်နယ်ကျေးလက်ဦးစီးရုံး၊ တောင်ကြီးမြို့ |

၂။ အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်း-၀၈၁-၂၁၂၄၂၅၀၊ ၀၈၁-၂၁၂၄၄၈၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

### ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း
မကွေးခရိုင်၊ မြို့သစ်မြို့၊ ကွက်သစ်ရပ်၊ ဗိုလ်မင်းရောင်လမ်းနေ ဦးလင်းခိုင်၏သမီး မနှင်းယုမေ ၈/အလန(နိုင်)၁၆၇၂၄၅ သည် ၁၁-၂-၂၀၁၇ ရက်မှစ၍ အိမ်ထောင့်တာဝန်များပျက်ကွက်ပြီး မိမိသဘောအလျောက်အိမ်မှ ထွက်သွားသည်မှာ သုံးကြိမ်ရှိပြီးဖြစ်ပါသည်။ မိမိမှ ဆက်လက်မပေါင်းသင်းလိုပါသဖြင့် ၂၂-၄-၂၀၁၇ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူး ဖြေရှင်းပေးမည်ဆိုသောရက်တွင် မဖြေရှင်းဘဲ မိမိသဘောအလျောက်အိမ်မှ ဆင်းသွားပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**မြင့်ဟန်**
**၈/မသန(နိုင်)၀၆၇၅၆၂**

# မန်ချက်စတာယူနိုက်တက်ဘောလုံးအသင်း၏ လေ့ကျင့်ရေးအစီအစဉ်ဖွင့်ပွဲ ပုသိမ်မြို့၌ ကျင်းပ

**ပုသိမ် မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ကမ္ဘာကျော် မန်ချက်စတာယူနိုက်တက်ဘောလုံးအသင်း၏လေ့ကျင့်ရေးအစီအစဉ်(ပုသိမ် )Manchester United Soccer School ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ကျောက်တိုင် ဘောလုံးကွင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီက တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ Manda President မှ တာဝန်ရှိသူတစ်ဦးက ManchesterUnited Soccer School အကြောင်း ရှင်းလင်းပြောကြားပြီး Manda Myanmar President မှ ဦးမြင့်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတစ်ဦးက ဘောလုံးကိုကန်၍ လူငယ်လေ့ကျင့်ရေးအစီအစဉ်ကို ဖွင့်လှစ်ပေးသည်။

ယခုလေ့ကျင့်ရေးအစီအစဉ်တွင် မန်ယူအသင်း၏ ကစားသမားဟောင်း ရွန်နီဂျွန်ဆင်က လူငယ်ကစားသမားအား ဘောလုံးအခြေခံပညာများကို နှစ်ရက်ကြာ သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်

အဆိုပါလေ့ကျင့်ရေးအစီအစဉ်သို့ တိုင်းဒေသကြီးအတွင်းမှလူငယ်ကစားသမား ၁၅၁ ဦးတက်ရောက်သင်ကြားကြမည်ဖြစ်ပြီး Manda Fermentation Japan က အဓိက ပံ့ပိုးကူညီခြင်းဖြစ်ကြောင်းနှင့် မန်ယူအသင်း၏ Nutritional Supplement Partner အဖြစ် တရားဝင်ဆောင်ရွက်နေသည့် ကုမ္ပဏီဖြစ်ကြောင်း သိရသည်။ **မောင်မောင်မြင့် (ပြန်/ ဆက်)**

# လီဗာပူးတို့ ဝက်စ်ဟမ်းကို ဂိုးပြတ်နိုင်ပြီး တတိယနေရာ၌ရပ်တည် ဟားလ်စီးတီးတို့ ပဲလေ့စ်ကိုရှုံးနိမ့်၍ တန်းဆင်းသွားရပြီဖြစ်

ပရီမီယာလိဂ်ပွဲစဉ်(၃၇)ပြိုင်ပွဲများကို မေ ၁၄ ရက်က ယှဉ်ပြိုင်ကစားရာ လီဗာပူးက အဝေးကွင်း၌ ဝက်စ်ဟမ်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဂျာဂင်ကလော့ ဦးဆောင်သည့် လီဗာပူးတို့အနေဖြင့် ယခုနှစ်၌ ချန်ပီယံလိဂ်တစ်နေရာ ဝင်ခွင့်သာမျှော်လင့်ချက်ရှိတော့သဖြင့် ယခုပွဲ၌ အနိုင်ရရှိရေး ကြိုးစားခဲ့ရာ ပွဲချိန် ၃၅ မိနစ်၌ စတာရစ်ကဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်း ၅၇ မိနစ်နှင့် ၆၂ မိနစ်တွင် ကော်တင်ဟိုက နှစ်ဂိုးဆက်တိုက် သွင်းယူကာ စတုတ္ထ ဂိုးကို အိုရီဂီက ၇၆ မိနစ်တွင် သွင်းယူပေးပြီး **(ယာပုံ)**ပွဲအပြီး လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ် အနိုင်ရရှိခဲ့သည်။



**ဟားလ်စီးတီးတို့တန်းဆင်း**

ခရစ္စတယ်ပဲလေ့စ်နှင့် တန်းဆင်းဇုန်မှ ဟားလ်စီးတီးတို့ပွဲတွင် ပဲလေ့စ်တို့က လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ၃၇ ပွဲကစား ၄၁ မှတ်ဖြင့် အဆင့် (၁၃) ၌ ရပ်တည်ပြီး ဟားလ်စီးတီးမှာ ၃၇ ပွဲကစား ၃၄ မှတ်ဖြင့် အဆင့် (၁၈) ၌ ရပ်တည်ကာ တန်းဆင်းသွားရပြီဖြစ်သည်။

စပါးနှင့် မန်ယူတို့ပွဲတွင် စပါးက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ စပါးက ၃၆ ပွဲကစား ရမှတ် ၈၀ ဖြင့် ဒုတိယ၊ မန်ယူက ၃၆ ပွဲကစား ၆၅ မှတ်ဖြင့် ဆဋ္ဌမနေရာ၌ ရပ်တည်ခဲ့သည်။

ယခုတစ်ပတ်ပွဲစဉ်(၃၇)တွင် ယှဉ်ပြိုင်ကစားသည့် အနိုင်အရှုံးရလဒ်များမှာ ဘုန်းမောက်က ဘန်လေကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး မစ်ဒယ်ဘရော့မှာ ဆောက်သမ်တန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည်။ ဆန်းဒါးလန်းမှာလည်း ဆွမ်ဆီးကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရကာ အာဆင်နယ်က စတုတ်ကို လေးဂိုး-တစ်ဂိုးဖြင့် အဝေးကွင်း၌ အနိုင်ရခဲ့သည်။

လီဗာပူးအသင်းမှာ ၃၇ ပွဲကစား ၇၃ မှတ်ဖြင့် တတိယ၊ မန်စီးတီးက ၃၆ ပွဲကစား ၇၂ မှတ်ဖြင့် စတုတ္ထ၊ အာဆင်နယ်က ၃၆ ပွဲကစား ၆၉ မှတ်ဖြင့် ပဉ္စမနေရာ၌ ရပ်တည်နေသည်။

တန်းဆင်းသွားသည့် ကျန်အသင်းများမှာ မစ်ဒယ်ဘရော့က ၃၇ ပွဲ ကစား ၂၈ မှတ် ဖြင့် အဆင့် (၁၉)၊ ဆန်းဒါးလန်းက ၃၆ ပွဲကစား ၂၄ မှတ်ဖြင့် အဆင့် (၂၀) ၌ ရပ်တည်ကာ ပွဲစဉ်မကုန်မီ တန်းဆင်းသွားရပြီဖြစ်သည်။

**သီဟ**

✪ *ကျောဖုံးမှ*

ကွင်းလယ်ကစားသမား ဆီဘန်စတန်က သွင်းယူခဲ့သည်။ မကွေးအသင်းသည် ဒုတိယအကျော့တွင် နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ရသည်။

**ရန်ကုန်အသင်း ရခိုင်ကိုအနိုင်ရ**

YUSC ကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်အသင်းက ၅၂ မိနစ်တွင် အီမာဆင် သွင်းယူသည့်ဂိုးဖြင့် ရခိုင်အသင်းအား အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံရတနာပုံအသင်းမှာမူ ဇွဲကပင်အသင်းကို နှစ်ဂိုးပြတ်အနိုင်ယူပြီး နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့သည်။ ရတနာပုံအတွက် အနိုင်ဂိုးများကို ၄၅+၁ မိနစ်တွင် ရန်ပိုင်၊ ၄၈ မိနစ်တွင် လှိုင်းဘိုဘိုတို့က သွင်းယူခဲ့သည်။ ဟံသာဝတီအသင်းသည် အဝေးကွင်း၌နေပြည်တော်ကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ယူကာ ဇယားအောက်ဆုံးမှ ရုန်းထွက်နိုင်ခဲ့သည်။ ဟံသာဝတီအတွက် ဂိုးများကို ၆ မိနစ်တွင် ချစ်လှအောင်၊ ၁၃၊၂၁၊၂၄ မိနစ်တို့တွင် မာစီယိုတို့က သွင်းယူခဲ့ပြီး နေပြည်တော်အတွက် ချေပဂိုးများကို ၁၈၊ ၆၂ မိနစ်တို့တွင် ဘမ်ဘာ၊ ၃၉ မိနစ်တွင် ရန်ခတို့ကသွင်းယူခဲ့သည်။ Southern အသင်းသည် အိမ်ကွင်း၌ ချင်းယူနိုက်တက်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး နှစ်ပွဲဆက်အနိုင်ရခဲ့သည်။ Southern အတွက် ဂိုးများကို ၁၁ မိနစ်တွင် ဆီမွန်း၊ ၉၄ မိနစ်တွင် တိုဒိုနိုဗစ်တို့က သွင်းယူခဲ့ပြီး ချင်းယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၉၂ မိနစ်တွင် မာဒိုချီက သွင်းယူပေးခဲ့သည်။

ပွဲစဉ် (၁၃)အပြီးတွင် ရန်ကုန်အသင်းက ၃၅ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်က ၂၉ မှတ်၊ ရတနာပုံက ၂၈ မှတ်၊ ဧရာဝတီက ၂၂ မှတ်၊ ရခိုင်က ၁၇ မှတ်၊ Southern ၊ မကွေးနှင့် ဇွဲကပင်တို့က ၁၄ မှတ်စီ၊ ဟံသာဝတီက ၁၁ မှတ်၊ ချင်းယူနိုက်တက်နှင့် GFA တို့က ၁၀ မှတ်စီနှင့် နေပြည်တော်က ကိုးမှတ်ရရှိထားသည်။

## ပရီမီယာလိဂ် တန်းတက်တစ်နေရာအတွက် ယှဉ်ပြိုင်ကြသည့် ဖူလ်ဟမ်နှင့်ရီးဒင်း၊ ဟက်ဒါဖီးလ်နှင့် ရှက်ဖီးပွဲစဉ်များ သရေပွဲဖြစ်

အင်္ဂလန်ချန်ပီယံရှစ် အမှတ်ပေးပြိုင်ပွဲသည် ပြီးခဲ့သည့်အပတ်က ရာဖေးလ် ဘင်နီတက်ဇ်၏ နယူးကာဆယ်အသင်းက အမှတ်ပေးချန်ပီယံဖြစ်ခဲ့မှုနှင့်အတူ ရာသီပိတ်သိမ်းနိုင်ခဲ့သည်။ ချန်ပီယံဖြစ်ရန် ရေပန်းစားနေသော ခရစ္စဟက်တန်၏ ဘရိုက်တန်အသင်းမှာ ရာသီပိတ်ပွဲစဉ်တွင် အက်စ်တွန်ဗီလာနှင့် တစ်ဂိုးစီသရေကျခဲ့သောကြောင့် နယူးကာဆယ်နှင့်တစ်မှတ်အကွာ အဆင့်(၂)ဖြင့်သာကျေနပ်ခဲ့ရပြီး ချန်ပီယံ နယူးကာဆယ်နှင့်အတူ ဘရိုက်တန်အသင်းတို့ ပရီမီယာလိဂ်သို့ တိုက်ရိုက်တက်လှမ်းခွင့်ရရှိခဲ့သည်။

ရီးဒင်းအသင်းက ရာသီပိတ်သိမ်းချိန်တွင် ရမှတ် ၈၅ မှတ်ဖြင့်အဆင့် (၃) နေရာတွင် ရပ်တည်ခဲ့ပြီး ရှက်ဖီးအသင်းကရမှတ် ၈၁ မှတ်ဖြင့် အဆင့် (၄) နေရာတွင် ရပ်တည်ခဲ့သည်။ ဟက်ဒါဖီးလ်ကလည်း ရမှတ် ၈၁ မှတ်ဖြင့်ပင် ဂိုးကွာခြားချက်ကြောင့် အဆင့် (၅) နေရာတွင်ရပ်တည်ခဲ့ရာ အဆင့် (၆) နေရာတွင် ဖူလ်ဟမ်က ရမှတ် ၈၀ ဖြင့် အသီးသီးရပ်တည်ခဲ့သည်။

ပရီမီယာလိဂ်သို့တန်းတက်နိုင်ရန် လက်ကျန်တစ်နေရာအတွက် ရှုံး/ထွက်ပွဲစဉ်ပထမအကျော့အဖြစ် မေ ၁၃ ရက်က ဖူလ်ဟမ်နှင့်ရီးဒင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေဖြစ်ခဲ့ပြီး မေ ၁၄ ရက်တွင် ကစားသည့် ဟက်ဒါဖီးလ်နှင့် ရှက်ဖီးတို့ပွဲမှာလည်း ဂိုးမရှိသရေဖြစ်ခဲ့သည်။ ဒုတိယအကျော့ပွဲစဉ်များကို မေ ၁၇ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရီးဒင်းနှင့် ဖူလ်ဟမ်၊ မေ ၁၈ ရက် (ကြာသပတေးနေ့)တွင် ရှက်ဖီးနှင့် ဟက်ဒါဖီးလ်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပရီမီယာလိဂ်တန်းတက်ခွင့် ဗိုလ်လုပွဲစဉ်ကို မေ ၂၉ ရက်(တနင်္လာနေ့)တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **ဇော်ဇော်**


## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၅ရပ်ကွက်၊ ဟံသာရိပ်မွန်လုံးချင်းအိမ်ရာ၊ အမှတ်-C-7B နေ အငြိမ်းစားအထူးကုဆရာဝန်ကြီး ဒေါက်တာလှရွှေနှင့် ဒေါ်ပြုံးပြုံးကြည် (စာရင်းစစ်၊ငြိမ်း) တို့၏ သားငယ်

**ဒေါက်တာမျိုးသူရ M.B.,B.S (Ygn)**
**Resident Medical Officer**
**Mackay Hospital, Queensland, Australia.**

**နှင့်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တက္ကသိုလ်နယ်မြေ၊ ပုဂံလမ်း၊ အမှတ် ၅ နေ ဦးအောင်ဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တရားရေး၊ ငြိမ်း၊ Vice President/Legal Advisor, KMA Group of Companies)နှင့် ဒေါက်တာဒေါ်ရည်ရည်မော် (ဒုတိယပါမောက္ခချုပ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်) တို့၏ သမီးငယ်

**ဒေါက်တာခိုင်မော်အောင်ဝင်း M.B.,B.S (Ygn)**
**Resident Medical Officer**
**Townsville Hospital, Queensland, Australia.**

တို့သည်နှစ်ဖက်မိဘများ၏ သဘောတူညီချက်အရ Novotel Hotel, Yangon Max, Mandalay Hall တွင် ၁၄-၅-၂၀၁၇ ရက်က ဂုဏ်သရေရှိဆွေမျိုး မိတ်သင်္ဂဟများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပြီး ဖြစ်ပါကြောင်း။

**ဒေါက်တာမျိုးသူရ-ဒေါက်တာခိုင်မော်အောင်ဝင်း**
**နှင့်နှစ်ဖက်သောမိဘများ**

### အမည်ပြောင်း

ကျောက်မဲမြို့ အထက(၂)၊ သတ္တမတန်းမှ (ဘ) ဦးဗိုလ်ဗိုလ်ငြိမ်း ၁၄/ပသန(နိုင်)၁၉၀၀၆၅ ၏သမီး မဆုလဲ့ရတနာ ၁၃/ကမန(နိုင်)၁၅၁၄၆၂အား မသော်တာဟု ပြောင်းလဲခေါ်ပါရန်။

**ဦးဗိုလ်ဗိုလ်ငြိမ်း**

### ဖခင်အမည်မှန်

ကျောက်မဲမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၅)၊ အိမ်အမှတ် ၈/၂၄၅နေ ဒေါ်နန်းရွှေအိမ် ၁၃/ကမန(နိုင်)၁၂၀၀၂၄၏ဖခင်အမည်မှန်မှာ ဦးကေလာဖြစ်ပါကြောင်း။

**ဒေါ်နန်းရွှေအိမ်**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ (၃)ရပ်ကွက်၊ သင်္ဂဟလမ်း၊ အမှတ်(၆၈၇/က)၊ အကျယ်အဝန်း ပေ(၂၀×၆၀)ရှိ မြေကွက်နှင့်ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး နှစ်ထပ်အိမ်၊ လျှပ်စစ်မီတာအပါအဝင် ဆက်စပ်သောအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်သော ဒေါ်နွဲ့နွဲ့ဝင်း ၁၂/ဒဂရ(နိုင်)၀၂၇၁၉၉၊ ဒေါ်ထူးထူးမာ ၁၂/သဃက(နိုင်)၀၃၀၅၉၄၊ ဒေါ်ဇင်မင်းမိုး ၁၂/သဃက(နိုင်)၀၂၅၅၆၉၊ ဒေါ်နိုင်မင်းစိုး ၁၂/သဃက(နိုင်)၀၀၂၄၀၆ တို့ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်ပြည့်မြောက်သောနေ့ကိုနောက်ဆုံးထားပြီး ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မင်းမင်းစိုး**
**အထက်တန်းရှေ့နေ (စဉ်-၄၀၈၄)**
**အမှတ်(၈၄)၊ သစ္စာပန်းလမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၉၅၅၀၅၇၁၀**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၅၁၉၁၆ Kenbo CZI- 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မေဖူး ၅/စကန(နိုင်)၂၅၆၉၀၁ က (ကမ-၃) ပျောက်ဆုံးမိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျုံးကြီးလမ်း၊ အမှတ် ၁၄၂(မြေညီထပ်)နေ ဒေါ်လှလှအေး (LMDW၀၄၃၀၈)နှင့် ဦးဟန်စိန် (LMDW၀၀၆၈၄)တို့ မောင်နှမ (၂)ဦးမှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်တော်၊ ကျွန်မတို့နေထိုင်ပိုင်ဆိုင်သော အထက်ဖော်ပြပါ လိပ်စာရှိ တိုက်ခန်းအား ရောင်းချရန်အတွက်စရန်ငွေရယူထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် အောက်ပါလိပ်စာသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်ကိစ္စအား ပြီးဆုံးသည်တိုင်အောင် တရားဝင်ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လာရောက်ကန့်ကွက်ရမည့်လိပ်စာ**
**ဒေါ်မျိုးမျိုးသိန်း**
**အထက်တန်းရှေ့နေ (စဉ်-၄၀၈၄၇)**
**အမှတ် ၃၈၇(က)၊ ဒေါနလမ်း၊ (၈၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၆၂၀၀၇၀၀၁**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းကျေးရွာ (တောင်ပိုင်း) ခြံအမှတ် (၁၄၁) ဟုခေါ်တွင်သည့် မခွဲမစိပ်ရသေးသော မြေကွက်၏ (၂၈' × ၇၀')အကျယ်အဝန်းရှိ ရွာမြေကို တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသူဖြစ်သည့် ဦးအောင်နိုင်ဌေး (၁၂/ရပသ(နိုင်)၀၁၄၆၂၈) မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကတိစာချုပ်ချုပ်ဆိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်၏ ပိုင်ရေးဆိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာ ကြေညာပါသည့် နေ့မှစ၍ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ခင်မေစိုး ( LL.B. )
အထက်တန်းရှေ့နေ (စဉ်-၃၆၈၀၇)
အမှတ်(၄၄)၊ ၅-လွှာ၊ စိတ္တသုခလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၂၆၃၆၃၁၆၂၉ ၊ ၀၉-၇၈၄၀၁၂၉၁၂

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ယ/၇၃၀၄၈ Honda Dream MC ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး ၁၀/မလမ(နိုင်)၀၃၄၂၉၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန ပြည်နယ်ရုံး၊ (ဘားအံ)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/6581 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် AA/9886 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၇၁၀၈၈ Kenbo 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပိုပို ၅/မမတ(နိုင်)၀၅၃၀၁၂ က (ကမ-၃) ပျောက်ဆုံးမိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

# ကျွန်တော်နဲ့ တက္ကသိုလ်ပညာရေး



ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

ပညာရေးနဲ့ပတ်သက်လာရင် ခေတ်အဆက်ဆက် ပြုပြင်ပြောင်းလဲမှုတွေကို ဖော်ထုတ်ပြီး အကောင်အထည်ဖော်ခဲ့ကြတယ်။ အထူးသဖြင့် ၁၉၆၂ခုနှစ် တော်လှန်ရေးကောင်စီ အာဏာရစဉ်ကစပြီး ယနေ့အထိ ပညာရေးစနစ်ကို ပုံစံအမျိုးမျိုးနဲ့ပြင်ဖို့ ကြိုးစားခဲ့တယ်။ အသိသာဆုံးပြောင်းလဲမှုက ၁၉၆၄ခုနှစ် တက္ကသိုလ်ပညာရေးစနစ်သစ် ဖြစ်တယ်။ ၁၉၂၀ခုနှစ်ကစပြီး တည်ထောင်ခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ဟာ ၁၉၆၀မှာ အရှေ့တောင်အာရှရဲ့ အအောင်မြင်ဆုံး တက္ကသိုလ်အဖြစ်ရပ်တည်လာခဲ့တယ်။ လွတ်လပ်ရေးမရခင်က ရန်ကုန်တက္ကသိုလ်ဟာ အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ်ရဲ့အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့တယ်။ ရန်ကုန်တက္ကသိုလ်ကို အင်္ဂလန်နိုင်ငံရဲ့နာမည်ကြီး အောက်စ်ဖို့ဒ်နဲ့ကိန်းဗရစ်ဒ် တက္ကသိုလ်ပုံစံကိုယူခဲ့တယ်။

ဒီတက္ကသိုလ်တွေဟာ ကောလိပ်တွေနဲ့ ဖွဲ့စည်းထားတာဖြစ်တယ်။ အောက်စ်ဖို့ဒ်တက္ကသိုလ် တက်ရောက်တယ်လို့ ပြောရင် မလုံလောက်ဘဲ မည်သည့်ကောလိပ်မှာ တက်ရောက်တယ်ဆိုတာက အရေးကြီးတယ်။ အမှန်တော့ တက္ကသိုလ်ဆိုတာ အမည်နာမသာရှိပြီး အုပ်ချုပ်ရေးတာဝန်ယူကာ ဘွဲ့နှင်းသဘင်ပွဲတွေကို တာဝန်ယူကျင်းပပေးကြတယ်။ သင်ကြားရေး၊ နေရေး၊ ထိုင်ရေးနှင့် စားသောက်ရေးအစရှိတာတွေကို သက်ဆိုင်ရာ ကောလိပ်တွေက တာဝန်ယူတယ်။ ဗဟိုစာကြည့်တိုက်၊ အားကစားစတာတွေကိုတော့ တက္ကသိုလ်ကပဲ ဦးဆောင်တာ။ ဒီပုံစံကို ရန်ကုန်တက္ကသိုလ်ဖွင့်ခဲ့စဉ် ဆောင်ရွက်ခဲ့တယ်။ ရန်ကုန်တက္ကသိုလ်ကို ယူနီဗာစတီကောလိပ်နဲ့ ဂျပ်ဆင်ကောလိပ်ဆိုပြီး ကောလိပ်နှစ်ခု ဖွဲ့စည်းခဲ့တယ်။ သင်ကြားမှုနဲ့ သုတေသနကိုတော့ မဟာဌာနတွေက တာဝန်ယူခဲ့တယ်။ ဒါကြောင့် ဝိဇ္ဇာမဟာဌာန၊ သိပ္ပံမဟာဌာန၊ အင်ဂျင်နီယာမဟာဌာန၊ ဆေးသိပ္ပံမဟာဌာနတွေကို ဖွဲ့စည်းခဲ့တယ်။ ရန်ကုန်တက္ကသိုလ်ဟာ နာမည်ကြီးလှတဲ့အတွက် အိမ်နီးချင်းနိုင်ငံက ကျောင်းသူ ကျောင်းသားတွေ လာရောက်သင်ယူခဲ့ကြတယ်။ ရန်ကုန်တက္ကသိုလ်ကို အဓိပတိက ဦးစီးတယ်။ လွတ်လပ်ရေးရပြီးချိန်မှာ နိုင်ငံတော်ဝန်ကြီးချုပ်တာဝန်ယူတဲ့သူတွေက အဓိပတိ တာဝန်ယူပြီး နေ့စဉ်လုပ်ရှားမှုကို ဒုတိယအဓိပတိက ဦးစီးစီမံဆောင်ရွက်ခဲ့တယ်။

ရန်ကုန်တက္ကသိုလ်ပုံစံအတိုင်း နောင်တစ်ချိန်မှာ မန္တလေးတက္ကသိုလ်ကို ဖွင့်လှစ်ခဲ့တယ်။ တက္ကသိုလ်တွေနဲ့ တွဲဖက်ပါလာတာက အဆောင်တွေဖြစ်တယ်။ အဆောင်တွေမှာ နယ်ကလာပြီး ပညာသင်ကြားတဲ့သူတွေ နေထိုင်ကြတယ်။ ရန်ကုန်တက္ကသိုလ်မှာ စာပေပညာရေး သာမက အားကစားလှုပ်ရှားမှုတွေကိုလည်း ပြုစုအားပေးခဲ့ပြန်တယ်။ အနုပညာလှုပ်ရှားမှုတွေကိုလည်း လုပ်ခွင့်ပြုခဲ့တယ်။ အရေးကြီးဆုံးကတော့ နိုင်ငံရေးပဲဖြစ်တယ်။ တက္ကသိုလ်ကျောင်းသားနဲ့ နိုင်ငံရေးခွဲခြားလို့ မရနိုင်ဘူး။ လူငယ်တွေနဲ့ တက်ကြွနိုးကြားတဲ့ စိတ်တွေနဲ့ တိုင်းပြည်အပေါ် စေတနာ မေတ္တာစိတ်တွေကြောင့် နိုင်ငံရေးလှုပ်ရှားမှုမှာ ပါဝင်ခဲ့တယ်။ လွတ်လပ်ရေးမရမီကာလ တစ်လျှောက်လုံး ရန်ကုန်တက္ကသိုလ်က ကျောင်းသူ ကျောင်းသားတွေဟာ နိုင်ငံရေးလှုပ်ရှားမှုတွေမှာ တက်တက်ကြွကြွ ပါဝင်ခဲ့တယ်။ အထူးသဖြင့် ကျောင်းသားသမဂ္ဂလှုပ်ရှားမှုတွေမှာ ဦးဆောင်ခဲ့ကြတယ်။

ကျောင်းသားဘဝ နိုင်ငံရေးလှုပ်ရှားခဲ့တဲ့ ကျောင်းသားတွေဟာ လွတ်လပ်ရေး တိုက်ပွဲမှာ ရှေ့တန်းက ပါဝင်ခဲ့ကြတာတွေ့ရတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း တက္ကသိုလ်ကျောင်းသားတွေဟာ နိုင်ငံရေးတွေ ဆက်လက်ပြီးလုပ်ကြတယ်။ တပ်ဦးရဲခေါင် ကျောင်းသားအဖွဲ့အစည်းတွေ ဖွဲ့စည်းကြပြီး မိမိထောက်ခံအားပေးတဲ့ နိုင်ငံရေးပါတီတွေကို ကိုယ်စားပြုခဲ့ကြတယ်။ ၁၉၆၂ခုနှစ် တော်လှန်ရေးကောင်စီ နိုင်ငံ့အာဏာကို မတ်လ ၂ ရက်နေ့မှာ သိမ်းယူခဲ့ပြီး ဇူလိုင် ၇ရက်နေ့မှာတော့ သမိုင်းဝင် တက္ကသိုလ် သမဂ္ဂအဆောက်အအုံကို ဖုံးခွဲဖျက်ဆီးခဲ့တဲ့ ပဋိပက္ခတွေပြင်းထန်ခဲ့တယ်။ မြေပေါ်မြေအောက် နိုင်ငံရေးပါတီတွေရဲ့ လွှမ်းမိုးမှုကြောင့် ကျောင်းသားထုအပေါ် အငြိုးကြီးစွာနဲ့ ဖြိုခွင်းခဲ့တယ်။ ဒါကြောင့်လည်း ၁၉၆၂ ခုနှစ်ကစပြီး ၁၉၈၈ ခုနှစ်အထိ ကျောင်းသားလှုပ်ရှားမှုမျိုးစုံ ပေါ်ပေါက်လာပြီး တက္ကသိုလ်တွေကိုလည်း မကြာခဏ ပိတ်ခဲ့ပြန်တယ်။ ၁၉၆၄ ခုနှစ် ပညာရေးပြုပြင်ပြောင်းလဲမှုဟာ တက္ကသိုလ်ပညာရေးစနစ်ကို အမြစ်ကစပြီး ဖျက်ဆီးခဲ့တယ်။

တစ်ချိန်က တက္ကသိုလ်ဝင်တန်းမှာရတဲ့အမှတ်နဲ့ တက္ကသိုလ်မှာ တက် ရောက်သင်ကြားခွင့်ရတဲ့ ဘာသာရပ်ဟာ သီးခြားစီဖြစ်တယ်။ အမှတ်နည်းပေမယ့် ဆေးပညာကို စိတ်ဝင်စားရင် ဆေးကောလိပ်တက်ခွင့်ရှိတယ်။ အမှတ်များပေမယ့် ဝိဇ္ဇာပညာကို ဝါသနာပါရင် တက်ရောက်ခွင့်ရတယ်။ မိမိရဲ့ဗီဇ၊ ဝါသနာ၊ စိတ်ဝင်စားမှုအပေါ် အခြေခံပြီး ကြိုက်နှစ်သက်တဲ့ ဘာသာရပ်ကို သင်ကြားခွင့်ရခဲ့တယ်။ ဒီစနစ်ကို စနစ်သစ်ပညာရေးက ပြောင်းခဲ့တယ်။ တက္ကသိုလ်ဝင်တန်းမှာ ရခဲ့တဲ့ရမှတ်ကို အခြေပြုပြီး ရွေးချယ်ခွင့်ကို ပိတ်ပင်ခဲ့တယ်။ အမှတ်များမှ ဆေးတက္ကသိုလ်တို့၊ စက်မှုတက္ကသိုလ်တို့ တက်ခွင့်ရတယ်။ ဝါသနာ တို့၊ စိတ်ဝင်စားမှုတို့ကို ထည့်မတွက်တော့ဘူး။ ဒါကြောင့်လည်း ဆေးတက္ကသိုလ်မှာ ခုနစ်နှစ်ကျော်တက်ပြီးမှ ဆရာဝန်မလုပ်တဲ့ သူတွေပေါ်ပေါက်လာခဲ့တယ်။ တစ်ဖက်က တက္ကသိုလ်ဝင်ခွင့်ကို တက္ကသိုလ်ဝင်တန်းရမှတ်တွေနဲ့ ဆုံးဖြတ်ခဲ့ပြီး စောစောက တက္ကသိုလ်ကောလိပ်စနစ်ကို ပြောင်းလဲခဲ့ပြန်တယ်။

စီးပွားရေး တက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ ဆေးတက္ကသိုလ် ဆိုပြီး တက္ကသိုလ်တွေဖွဲ့စည်းခဲ့တယ်။ မြန်မာအခေါ်အဝေါ်က တက္ကသိုလ်ဖြစ်ပေမယ့် အင်္ဂလိပ်အသုံးအနှုန်းကတော့ Institute ဆိုတဲ့ ဝေါဟာရကို သုံးစွဲခဲ့တယ်။ အမှန်တော့ အနောက်နိုင်ငံရဲ့ပုံစံကို ရုရှား၊ အရှေ့ဥရောပပုံစံနဲ့အစားထိုးခဲ့တာဖြစ်တယ်။ အခုလို တက္ကသိုလ်တွေကို ဖွဲ့စည်းလိုက်သလို နောက်တစ်ချိန်မှာ ဒေသကောလိပ်စနစ်ကိုလည်း ဖော်ထုတ်ခဲ့ပြန်တယ်။ အမှန်တော့ ဒေသကောလိပ်ဟာ အမေရိကန်နိုင်ငံမှာ တက္ကသိုလ်ပညာရေးကို ဆုံးခန်းတိုင်မသင်ကြားလိုဘဲ နှစ်နှစ်အထက်တန်းပညာသင်ယူလိုကြတဲ့သူတွေအတွက် ဖော်ထုတ်ထားခဲ့တဲ့ Community Collage (လူထုအခြေပြုကောလိပ်ပုံစံ) ဖြစ်တယ်၊ အဝေးသင်ပညာရေးစနစ်ကိုလည်း ဖော်ထုတ်ခဲ့ပြန်တယ်။

ကျွန်တော်က အင်္ဂလန်နိုင်ငံမှာ ခြောက်နှစ်ကျော် နိုင်ငံခြားပညာတော်သင်အဖြစ် လေ့လာခွင့် ရတာမို့ သူတို့ရဲ့ Open University ကို သိပ်သဘောကျတယ်။ Open University ဟာ ကမ္ဘာကျော်တဲ့ ပညာစနစ်တစ်ခု ဖြစ်တယ်။ တက္ကသိုလ်ပညာရေးကို အကြောင်းကြောင်းကြောင့်အချိန်ပြည့်မတက်ရောက်နိုင်သူတွေအတွက် ရည်ရွယ်ပြီး ဆောင်ရွက်တာ။ နည်းပညာအသုံးပြုပြီး သင်ကြားမှုကို အိမ်တိုင်ရာရောက်လုပ်ပေးနိုင်ခဲ့တယ်။ ရုပ်မြင်သံကြားအစီအစဉ်တွေလည်းရှိပြီး စဉ်ဆက်မပြတ် အနီးကပ်ကြီးကြပ်တဲ့ဆရာမတွေကိုလည်း ခန့်ထားခဲ့တယ်။ ဒီစနစ်ကို အခြေခံကာ အဝေးသင်ပညာရေးစနစ်ကို လုပ်ခဲ့ပေမယ့် လက်တွေ့မှာတော့ တစ်နှစ်မှာအနီးကပ်ပို့ချချက် ၁၀ ရက်နဲ့ စာမေးပွဲတွေဖြေဆိုကြပြီး ဘွဲ့တွေကို ရိုက်ထုတ်ပေးခဲ့ကြတယ်။ နောက်ပိုင်းမှာ အဝေးသင်ဘွဲ့ရတဲ့သူတွေကို အလုပ်မခန့်ဘူးဆိုတာကြားရတော့ စိတ်မကောင်းဖြစ်ခဲ့ရတယ်။ အမှန်တော့ ကျောင်းသားတွေ၊ မိဘတွေရဲ့အပြစ်လုံးဝမဟုတ်ဘဲ စနစ်ကိုဖော်ထုတ်တဲ့သူတွေမှာသာ တာဝန်ရှိတာ အမှန်ပါ။

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှာတော့ တက္ကသိုလ်ပညာရေးကို စနစ်တကျ အကွက်ကျကျ ပြောင်းလဲခဲ့တယ်။ တက္ကသိုလ်ပညာရေးစနစ်ကို ပြန်လည်ဆန်းစစ်ကာ ကျောင်းသားတွေ နိုင်ငံရေးလုပ်ပြီး ဆန္ဒပြတာကို ရင်ဆိုင်ဖြေရှင်းဖို့ ဖြစ်လာရတဲ့အကြောင်းရင်းနှစ်ရပ်ကို ဖော်ထုတ်ခဲ့တယ်။ တစ်ခုက တက္ကသိုလ်တွေဟာ အများပြည်သူတွေ နေထိုင် လှုပ်ရှားရာနေရာတွေနဲ့နီးတယ်။ ဒါကြောင့် ကျောင်းသား အရေးအခင်းဖြစ်ခဲ့ရင် နိုင်ငံရေးဖိအားပေးမှု ပိုပြီးပြင်းထန်လာခဲ့တယ်။ ဒုတိယအချက်က အဆောင်စနစ်ဖြစ်တယ်။ အဆောင်မှာ ကျောင်းသားထု စနစ်တကျစုဝေးနေထိုင်ကြတဲ့အတွက် အရေးအခင်းကို အားပေးတဲ့ယန္တရားတစ်ခုဖြစ်တယ်။ ဒီအခြေခံအချက်နှစ်ချက်ကို သင်ခန်းစာယူပြီး တက္ကသိုလ်တွေကို လူနဲ့ဝေးလံ တဲ့နေရာတွေမှာ ဖွင့်လှစ်ပေးခဲ့တယ်။ အခုဆိုရင် တက္ကသိုလ်အရေအတွက်ဟာ ၁၀၀ ကျော်ကျော်ရှိတယ်။ ရန်ကုန်စီးပွားရေး တက္ကသိုလ်ဆိုရင် ရွာသာကြီးမှာဖွင့်ခဲ့တယ်။ အခုလိုပဲ သွားရေးလာရေးခက်တဲ့နေရာတွေမှာဖွင့်ခဲ့တယ်။ နိုင်ငံခြား တက္ကသိုလ်တွေမှာ အခုလို ဖွင့်လှစ်တာမှန်ပေမယ့် သူတို့မှာ သွားရေးလာရေး သယ်ယူပို့ဆောင်ရေးက အဆင်ပြေ တယ်။ ဒီမှာတော့ နေ့တိုင်း ကျောင်းမှန်မှန်တက်နိုင်ဖို့ အတော်ကြိုးပမ်းရတာ။ ရင်နင့်စရာကောင်းတာက အခုလိုလူနဲ့မနီးတဲ့ နေရာတွေမှာ တက္ကသိုလ်အသစ်တွေဖွင့်ပြီး ရှိရင်းစွဲတက္ကသိုလ်တွေကိုတော့ ပိတ်ခဲ့တယ်။ တစ်ဖက်ကလည်း အဆောင်တွေကို ပိတ်လိုက်တာမို့ နယ်ကကျောင်းသားတွေဟာ အပြင်မှာ ငှားနေကြရတယ်။ လူမှုရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ တစ်ခုတော့ အသိအမှတ်ပြုရမှာက ကျောင်းသားအရေးအခင်းတွေ မဖြစ်တော့ဘူး။ ဒါပေမယ့် တက္ကသိုလ်ရဲ့ ပကတိပုံရိပ် အနှစ်သာရ လုံးဝပျောက်ဆုံးခဲ့ရတယ်။ ကျောင်းသားအရေးအခင်းမဖြစ်တဲ့ ရလဒ်ဟာ အမှန်တော့ မှန်ကန်တဲ့ ပေတံမဟုတ် ပါဘူး။

အစိုးရသစ်လက်ထက်မှာ ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုတွေ၊ အစီအစဉ်တွေလုပ်နေတာကို သိရတယ်။ ခေတ်အဆက်ဆက်ပညာရေး ပြုပြင်ပြောင်းလဲမှုတွေရဲ့သင်ခန်းစာကို သင်ယူလိမ့်မယ်လို့ မျှော်လင့်မိတယ်။ အထူးသဖြင့် တက္ကသိုလ်ပညာရေးစနစ်ကို စဉ်းစားတဲ့နေရာမှာ တစ်ချိန်တုန်းက ကမ္ဘာကျော်ခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ပုံစံကို ပြန်ရောက်အောင် လုပ်မလား။ ဘယ်ပုံစံကိုယူမလဲဆိုတာကို ဆုံးဖြတ်ရမှာသာဖြစ်တယ်။ မိမိရဲ့ ရူပါရုံ ပြတ်ပြတ်သားသားမရှိရင် ခေတ်အဆက်ဆက်လုပ်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှု မျိုးတွေပဲဖြစ်မှာ။ ကမ္ဘာ့အဆင့်အတန်းမီ တက္ကသိုလ်တွေဖြစ်ဖို့ အဆင့်အတန်းကိုသတ်မှတ်တဲ့ ပေတံတွေသိရမယ်။ ဒီပေတံတွေနဲ့ ကိုက်ညီအောင် လုပ်ရမယ်။ နှစ်စဉ်တစ်ကမ္ဘာလုံးမှာရှိတဲ့ တက္ကသိုလ်တွေကို တန်းစီဇယားဆွဲပြီး အဆင့်တွေကို ကြေညာကြတယ်။ အခုလို အဆင့်သတ်မှတ်တဲ့နေရာမှာလည်း ပေတံတွေကို ဖော်ထုတ်ထားတယ်။ ဒီပေတံတွေကို အသုံးပြုပြီး တက္ကသိုလ်တစ်ခုချင်းကို တိုင်းထွာကြတယ်။ အခုဆိုရင် တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဟောင်ကောင်၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံတွေရဲ့ တက္ကသိုလ်တွေဟာ ကမ္ဘာ့အဆင့်မီလာတာတွေ့ရတယ်။ ကိုယ့်ရဲ့ပန်းတိုင်ကို ကနဦးသတ်မှတ်ပြီးမှ ဒီပန်းတိုင်ရောက်အောင် ဘာတွေလုပ်သင့်သလဲ ဆိုတာကို ဆုံးဖြတ်ရမှာ။

တစ်ချိန်တုန်းက ပါမောက္ခ၊ ဌာနမှူးတွေမှာ အာဏာအပြည့်ရှိတယ်။ နိုင်ငံခြားပညာတော်သင်လွှတ်တာကို ပါမောက္ခတစ်ဦးတည်း အဆုံးအဖြတ် ပေးခွင့်ရှိတယ်။ နောက်ပိုင်းမှာ ဝန်ကြီးများအဖွဲ့အထိတက်ပြီး ရွေးချယ်ကြတာတွေ့ရတယ်။ တက္ကသိုလ်ဆိုတာ လွတ်လပ်တဲ့၊ ရှင်သန်တဲ့၊ တက်ကြွတဲ့ လူငယ်တွေကို ပြုစုပျိုးထောင်ပေးတဲ့ နေရာတွေဖြစ်တယ်။ ဆရာ ဆရာမတွေက သင်ပေးတာထက် ရှာဖွေမှုကို အားပေးရမှာဖြစ်တယ်။ မျက်မှောက်ခေတ်မှာ ဖြစ်နေတာတွေကို မျက်ခြည်ပြတ်လို့ မဖြစ်တော့ဘူး။

ဘွဲ့ကြို ဘွဲ့လွန်သင်တန်းတွေ ကို ပုဂ္ဂလိကလုပ်ငန်းများက ဆောင်ရွက်နေကြတယ်။ တချို့ကတော့ အစစ်အမှန်တွေ၊ နိုင်ငံခြားတက္ကသိုလ်အစစ်တွေနဲ့ တွဲဖက်ထားကြတယ်။ တချို့ကတော့ အတုအယောင်တွေ ရိုက်စားကြတာ။ ဘွဲ့တစ်ခုကို လွယ်လွယ်ကူကူ ငွေပေးရင်ရတယ်ဆိုတဲ့ သဘောကို သရုပ်ဖော်နေတာ။ ဒီလိုဆောင်ရွက်နေကြတာ ကို သိရက်နဲ့ ဥပဒေအရ အရေးယူမှု မရှိကြဘူး။ ကာယကံရှင်တွေ မိဘတွေအတွက် အင်မတန်နစ်နာလှတယ်။ နိုင်ငံခြားတက္ကသိုလ်ဆိုပြီး အမည်တပ်ထားပေမယ့် လက်တွေ့မှာ စာတိုက်ပုံးပဲရှိနေတာတွေ့ရတယ်။ လိမ်လည်မှုတွေပေါ့။ မသိတဲ့သူတွေကတော့ အဟုတ်ထင်ကြတာ။ ဒီလိုဖြစ်ရတာလည်း ပညာရေးကို ဖြတ်လမ်းနည်းနဲ့ ရယူချင်ကြတယ်။ ဒါကြောင့်လည်း ဘွဲ့အတုတွေကိုတပ်ကြတာ။ သူများအထင်ကြီးအောင်ဟန်ဆောင်ကြတယ်။

တက္ကသိုလ်ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုကို ဖော်ဆောင်ရာမှာ ဘယ်သူတွေ ပါသင့်သလဲ။ ခေတ်အဆက်ဆက်က ပညာရေးပြုပြင်မှုတွေကို ဘယ်သူတွေက အကြံပြုကြသလဲ။ ဒီမေးခွန်းကို ကျွန်တော် အမြဲတမ်းမေးမိတယ်။ တက္ကသိုလ်ပညာရေးအကြောင်း စဉ်းစားကြတဲ့အခါ ပညာရှင်တွေကို အားကိုးခဲ့ကြတယ်။ သူတို့ဟာ အရေးကြီးပေမယ့် သူတို့နဲ့ မလုံလောက်ဘူး။ ကျောင်းသားတွေ၊ မိဘတွေ၊ အလုပ်ရှင်တွေ ပါဝင်ပတ်သက်သူအားလုံးနဲ့ညှိနိုင်းဖို့ လိုအပ်တယ်။ တစ်ဦးနဲ့တစ်ဦး အမြင်တူကြမှာ မဟုတ်ဘူး။ မတူညီတဲ့ အမြင်တွေ ညှိနှိုင်းဖို့လိုအပ်တယ်။ အရေးကြီးဆုံးအချက်ကတော့ တက္ကသိုလ်ပညာစနစ်နဲ့ပတ်သက်လာရင် ပုံဖော်ချင်တဲ့ ဖြစ်စေချင်တဲ့ ပုံရိပ်ကိုမြင်သာအောင်၊ သိသာအောင်လုပ်ယူရမယ်။ အဓိကကတော့ တက္ကသိုလ်ပညာစနစ်မှာ အရည်အသွေးဟာ အဓိကဖြစ်တယ်။ တက္ကသိုလ်တစ်ခုတည်းသာရှိတာ အားငယ်စရာမဟုတ်သလို တက္ကသိုလ်အများကြီးရှိတာကိုလည်း ဂုဏ်ယူစရာမဟုတ်ဘူး။ တက္ကသိုလ်တစ်ခုရဲ့အရည်အသွေးဟာ ပေတံသုံးခုနဲ့တိုင်းထွာရမှာ သင်ကြားရေးပေတံ၊ သုတေသနပေတံနဲ့ စာပေထုတ်လုပ်မှုပေတံတို့ဖြစ်တယ်။

တက္ကသိုလ်တစ်ခုမှာ စာသင်ယူမှုနဲ့မလုံလောက်ဘူး။ သင်ကြားမှုအတွက် အထောက်အကူဖြစ်စေတဲ့ သုတေသနလုပ်ငန်းတွေရှိရမယ်။ သုတေသနမရှိတဲ့တက္ကသိုလ်ဟာ တက္ကသိုလ်မဟုတ်ဘူး။ တက္ကသိုလ်တွေမှာ စာတမ်းတွေ၊ စာအုပ်တွေထုတ်လုပ်ရမယ်။ အသိတရားတွေကို ဖြန့်ဝေရမယ်။

တက္ကသိုလ်ပညာရေးစနစ်နဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုအတွက် မဟာဗျူဟာ ချမှတ်ရမယ်။ ဦးတည်ချက်တွေ၊ ရည်မှန်းချက်တွေဖော်ထုတ်ရမယ်။ စီမံကိန်းရေးဆွဲမှုကိုတော့ ရှောင်သင့်တယ်။ ကျွန်တော်တို့နိုင်ငံမှာ ဗဟိုချုပ်ကိုင်မှုစနစ်က အမြစ်စွဲနေတယ်။ အရာရာကို စီမံကိန်းရေးဆွဲပြီး လုပ်နိုင်မယ်လို့ ထင်ခဲ့ကြတယ်။ ဒါကြောင့်လည်း အမျိုးသားစီမံကိန်းကို စွဲကိုင်ကြတယ်။ ဒါတွေဟာ စီမံကိန်းစီးပွားရေးစနစ်ရဲ့အမွေဆိုးတွေဖြစ်တယ်။ ၂၁ ရာစုမှာ ဗဟိုချုပ်ကိုင်မှုကို အားကိုးခြင်းထက် တက္ကသိုလ်တစ်ခုချင်းအလိုက် အစီအစဉ်တွေချမှတ်ပြီး ရည်ရွယ်ချက်တွေ၊ ရည်မှန်းချက်တွေပြည့်မီအောင် လုပ်ဆောင်ကြရမှာသာဖြစ်ပါတယ်။

**တက္ကသိုလ်တစ်ခုမှာ စာသင်ယူမှုနဲ့မလုံလောက်ဘူး။ သင်ကြားမှုအတွက် အထောက်အကူဖြစ်စေတဲ့ သုတေသနလုပ်ငန်းတွေရှိရမယ်။ သုတေသနမရှိတဲ့ တက္ကသိုလ်ဟာ တက္ကသိုလ်မဟုတ်ဘူး။ တက္ကသိုလ်တွေမှာ စာတမ်းတွေ၊ စာအုပ်တွေထုတ်လုပ်ရမယ်။ အသိတရားတွေကို ဖြန့်ဝေရမယ်။**

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် မျိုးကောင်းမျိုးသန့်မျိုးစေ့များထုတ်လုပ်ရန်လိုအပ်

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-သိခ်**



စိုက်ပျိုးရေးကဏ္ဍအတွက် အဓိကအရင်းအမြစ်ဖြစ်သည့် သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ တောင်သူများ လွယ်လင့်တကူရရှိရေးသည် အရေးကြီးဆုံးကဏ္ဍတစ်ခုဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်လည်း သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ပေးရန် အဓိက ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာနပိုင်ခြံများတွင် မျိုးသန့်မျိုးစေ့များ နှစ်စဉ်ထုတ်လုပ်ပေးလျက်ရှိပြီး စပါးသီးနှံအနေဖြင့် မှတ်ပုံတင် မျိုးကောင်းမျိုးသန့် (Register Seeds) များတင်းပေါင်း၁၂၀၀၀၀ခန့် ထုတ်ပေးလျက်ရှိကြောင်း မေ ၁၁ ရက်က နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ညောင်ကုန်းကျေးရွာအုပ်စုရှိ စိုက်ပျိုးရေးဌာနပိုင် ဧက ၃၀၀၀စိုက်ကွင်းတွင် ပြုလုပ်သည့် မျိုးစေ့ထုတ်လုပ်ခြင်း ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအေးကိုကိုကပြောသည်။

“စပါးမှာဆိုရင် တောင်သူတွေ တကယ်သုံးနေတာက များသောအားဖြင့် စီးပွားဖြစ် မျိုးသန့်မျိုးစေ့ကို သုံးနေကြတာဖြစ်ပါတယ်။မြန်မာနိုင်ငံမှာ မိုးစပါး ၁၅သန်းလောက်၊နွေစပါး သုံးသန်းလောက်စိုက်နေတဲ့ အနေအထားပေါ်မှာ တစ်ဧကတစ်တင်းနှုန်းနဲ့ တွက်မယ်ဆိုရင် မိုးစပါးဟာ နှစ်စဉ်မျိုးစေ့တစ်တင်းနှုန်းထွက်ရင် တင်းပေါင်း ၁၅သန်းလောက်လိုအပ်နေတာဖြစ်ပါတယ်။ အစိုးရပိုင် ခြံတွေကနေပြီးတော့ ထုတ်ပေးတာချည်းပဲ မလုံလောက်နိုင်ဘူး။စိုက်ပျိုးရေးဦးစီးဌာနပိုင်ခြံတွေက ထုတ်တဲ့မျိုးစေ့သည် မှတ်ပုံတင်မျိုးစေ့တွေကို ပွားများပြီး သုံးနှစ်တစ်ကြိမ်သွေးသစ်လောင်းကာ စိုက်ပျိုးပြီး မျိုးကောင်းမျိုးသန့် မျိုးစေ့တွေ ပွားများမှာဖြစ်ပါတယ်။ အစိုးရဌာနတွေ



ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို

သာမက ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ ကုမ္ပဏီတွေ၊ တောင်သူလယ်သမားအစုအဖွဲ့တွေနဲ့ တောင်သူတစ်ဦးချင်းက မျိုးကောင်းမျိုးသန့်မျိုးစေ့တွေကို ထုတ်လုပ်ပွားများ ထိန်းသိမ်းပြီးတော့ စိုက်ပျိုးတဲ့ ဒီစနစ်ဟာ ထွန်းကားဖို့အရေးကြီးပါတယ်။

“ဒါကြောင့်မို့ ဒီနေ့ပြုလုပ်တဲ့ပွဲမှာ နွေစပါးမှာဆိုရင် တောင်သူတွေကြိုက်တဲ့ ရက် ၉၀ စပါးကို မြန်မာနယူးရောကုမ္ပဏီက တောင်သူတွေနဲ့ အကျိုးတူလယ်ယာစနစ် (Contract Farming System)နဲ့ ဆောင်ရွက်တယ်။ စိုက်ပျိုးရေး ဦးစီးဌာနက ဝန်ထမ်းတွေက မျိုးကောင်းမျိုးသန့် ထုတ်လုပ်တဲ့ နည်းစနစ်တွေကို သီးနှံတစ်ရာသီလုံးမှာ ပူးပေါင်းပြီးတော့ နည်းပညာပိုင်းဆိုင်ရာတွေ ကူညီဆောင်ရွက်ပေးတယ်။ စပါးဆိုရင် မှတ်ပုံတင်မျိုးစေ့ကိုရယူပြီး တောင်သူတွေဆီကို ကုမ္ပဏီကတစ်ဆင့်ပေးတယ်။ ပေးတဲ့အပေါ်မှာ မျိုးစေ့ရယ်၊ မြေဩဇာရယ်၊ထွန်ယက်ရေးကိစ္စတွေကို ကုမ္ပဏီက စိုက်ထုတ်ပြီးကျခံပေးထားတာဖြစ်ပါတယ်။ သီးနှံပေါ်တဲ့အချိန်ကျမှ ကုမ္ပဏီကကျခံပေးထားတဲ့ကုန်ကျစရိတ်တွေကို အတိုးမဲ့နဲ့ပြန်ဆပ်တဲ့အခါမှ ကုမ္ပဏီက အာမခံဈေးစနစ်နဲ့ဝယ်ယူတာဖြစ်ပါတယ်။ အာမခံဈေးစနစ်ဆိုတာကတော့ တောင်သူတွေအတွက် ဈေးကွက်ခိုင်မာတယ်ဆိုတာကို အဓိကဆိုလိုခြင်းဖြစ်ပါတယ်။ တောင်သူနဲ့ ကြိုတင်ညှိနှိုင်းစဉ်ကတည်းကပဲ တောင်သူတွေကို စိုက်ပျိုးရေးဦးစီးဌာနရယ်၊ ကန်ထရိုက်လယ်ယာစနစ်နဲ့ ဆောင်ရွက်မယ့်ကုမ္ပဏီရယ်က ချပြရှင်းလင်းတယ်။ ကုမ္ပဏီက မျိုး၊ မြေဩဇာ၊ ထွန်ယက်ရေးကိစ္စအတွက်ရော စိုက်ပျိုးစရိတ်ရော မျိုးကွဲပယ်နုတ်တဲ့ စရိတ်ပါကျခံပေးမယ်။ သီးနှံထွက်တဲ့အချိန်မှ ကုန်ကျစရိတ်တွေကို နုတ်ပယ်ပြီးတော့ ပြန်လည်ဝယ်ယူတယ်။ ဝယ်ယူတဲ့အခါမှာလည်း အာမခံဈေးစနစ်အရ တင်း ၁၀၀ ကို ငွေကျပ်ခြောက်သိန်းဈေး၊ တစ်တင်းကိုငွေကျပ် ၆၀၀၀ ဈေးနှုန်း နဲ့ ပေးဝယ်မယ်ဆိုတာကို သဘောတူညီချက်ယူပြီးတော့ နှစ်ဖက်စာချုပ်မှာ လက်မှတ်ရေးထိုးပြီး ဆောင်ရွက်စေတာဖြစ်ပါတယ်။ အဲဒီအခါမှာ စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်/ကျေးအုပ်ချုပ်ရေး အဖွဲ့တွေက သက်သေအဖြစ်ရပ်တည်ပေးကြပြီး အားလုံးက စိတ်တူကိုယ်တူ ပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်”ဟု ၎င်းကဆက်လက်ပြောကြားသည်။

အစိုးရဌာနတစ်ခုတည်းနှင့် မျိုးစေ့ထုတ်လုပ်ရန် မဖြစ်နိုင်သေးသည့်အတွက် သီးနှံမျိုးစေ့များကို အဓိကထားထုတ်လုပ်သည့် လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ များစွာရှိသည့် အလျောက် နိုင်ငံတကာနည်းတူ မြန်မာနိုင်ငံတွင်လည်း ယခုနှစ်မှစ၍ မျိုးစေ့ထုတ် လုပ်ငန်းကို စိတ်ဝင်စားသူများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ရန်နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန် သတင်းစာများတွင် ကြေညာထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခုမှ ပုဂ္ဂလိကလုပ်ငန်းရှင် ၄၈ဦးက ဧကပေါင်း ၁၂၄၄၀ကို မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်လိုကြပြီး တောင်သူအစုအဖွဲ့ ၂၄၀မှလည်း ဧကပေါင်း ၁၄၃၂၆ ဧကကို မျိုးထုတ်လိုသည့်အတွက် အားလုံးကိုချပြ၍ သတင်းစာမှလည်း ဖိတ်ခေါ်ထားကြောင်းသိရသည်။

“စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေကလည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဆွေးနွေးပွဲလုပ်ပြီးတဲ့အခါမှာ တောင်သူ တွေအတွက် လိုအပ်တာတွေက ဘာတွေလဲ။ စက်ကိရိယာတွေလိုတယ်။ အရင်းအနှီးတွေလိုတယ်။ ဒါတွေကိုလည်းပဲ လာမယ့်နှစ်လောက်မှာဆိုရင် ဂျပန်ကတစ်ဆင့်ရရှိမယ့် Two Step Loan ကို ဒီမျိုးစေ့ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်တွေ၊ တောင်သူအစုအဖွဲ့တွေကို လိုအပ်တဲ့အရင်းအနှီးတွေ အခြောက်ခံစက်တို့၊ ရိတ်သိမ်းခြွေလှေ့စက်တို့၊ သန့်စင်စက် နောက်ပြီး သိုလှောင်ရုံတွေ၊ တလင်းတွေကို လုပ်နိုင်ဖို့အတွက် နိုင်ငံတော်ကနေပြီး ထောက်ပံ့ပေးမယ့် အစီအစဉ်တွေရေးဆွဲပြီးတော့ ဆောင်ရွက်နေပါတယ်။

“ဒီနေ့ပြုလုပ်တဲ့ ဧက ၃၀၀၀ မှာ နယူးရောကုမ္ပဏီနဲ့စပါးမျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ငန်းစဉ်ဟာ Model တစ်ခုအနေနဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ် ၁၅ ခုက စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေရော မြန်မာနယူးရောကုမ္ပဏီနဲ့ဒီနှစ်နွေစပါးဧက ၁၀၀ မျိုးစေ့ထုတ်ပါတယ်။ လာမယ့်မိုးစပါးမှာလည်း ရောမင်း မျိုးသန့်နဲ့ ဧက ၄၅၀ ထိ စိုက်ပျိုးဖို့ တောင်သူတွေ ညှိနှိုင်းသဘောတူညီချက်ရထားပြီး ဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ကုမ္ပဏီနဲ့တောင်သူတွေလက်တွေ့ဆောင်ရွက်နေတဲ့ စံပြကန်ထရိုက်လယ်ယာစနစ်နဲ့ မျိုးစေ့ထုတ်လုပ်ခြင်းကို တစ်နိုင်ငံလုံးမှာ ဆောင်ရွက်နိုင်ဖို့အတွက် နှိုးဆော်တဲ့ပွဲလည်း ဖြစ်ပါတယ်။ လက်ရှိတိုင်းဒေသကြီးနဲ့ပြည်နယ်ရှစ်ခုမှာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ တောင်သူအစုအဖွဲ့တွေလုပ်မယ့် ဧက ၂၆၀၀၀ ကျော်ကို ဒီနှစ်မှာ ထဲထဲဝင်ဝင် စနစ်တကျနဲ့ စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေနဲ့ ကျန်တဲ့နှီးနွှယ်နေတဲ့ ရေရရှိရေးအတွက်ဆိုရင် ဆည်မြောင်းဦးစီးဌာန၊ ထွန်ယက်ရေးအတွက်ဆိုရင် စက်မှုလယ်ယာဦးစီးဌာနတို့က အားလုံးတက်ညီ လက်ညီနဲ့ ပူးပေါင်းဆောင်ရွက်တာကြောင့် ပုဂ္ဂလိကရယ်၊ တောင်သူရယ်၊ ဌာန ဆိုင်ရာရယ် သုံးဦးသုံးဖလှယ် ဝင်ငွေတိုးတက်ရရှိစေမှာ ဖြစ်ပါတယ်” ဟု ဦးအေးကိုကိုက ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်ရှိသည့် စိုက်ပျိုးရေးဝန်ထမ်းများ သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်သော အထူးကျွမ်းကျင်သည့် မျိုးစေ့ထုတ်ကျွမ်းကျင်ဝန်ထမ်းများ (Subject Matter Specialist) နှင့် ထုတ်လုပ်သည့် တောင်သူအစုအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကိုပါ အားလုံးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဟာ အလွန်အရေးကြီးပါတယ်။ မျိုးစေ့ထုတ်တဲ့နေရာမှာ စိုက်ရုံတင်မကဘဲ စိုက်ပြီးတဲ့နောက် ရိတ်ပြီးတဲ့နောက်မှာ ရိတ်သိမ်းချိန်လွန် နည်းပညာကို လိုက်နာဆောင်ရွက်ဖို့ကလည်း အရေးကြီးပါတယ်။ မျိုးကောင်းမျိုးသန့်မျိုးစေ့တစ်ခုရဖို့ အတွက်သည် စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းပြီးတဲ့အထိမဟုတ်ဘဲ ရိတ်သိမ်းချိန်လွန်နောက်ပိုင်း နည်းပညာတွေကို လိုက်နာဆောင်ရွက်ရမယ့် လုပ်ငန်းတွေ ရှိပါတယ်။ လိုက်နာရမယ့် လုပ်ငန်းစဉ်တွေဟာလည်း နည်းပညာအရ ကျွမ်းကျင်တဲ့သူတွေ၊ လုပ်ငန်းရှင်တွေအပိုင်းကလည်း စိတ်ဝင်တစားဆောင်ရွက်ပေးဖို့ အထူးလိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးဦးစီးဌာနကနေ အဓိက တာဝန်ယူဆောင်ရွက်နေတဲ့ မျိုးစေ့ဥပဒေလုပ်ထုံးလုပ်နည်းဆိုတာ ထုတ်ပြန်ပြီးဖြစ်ပါတယ်။ ဒီမျိုးစေ့ဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီလည်း တောင်သူတွေကို မျိုးစေ့ထုတ်လုပ်ရောင်းချတဲ့ လုပ်ငန်းရှင်တွေ၊ ကုမ္ပဏီတွေကနေပြီးတော့ အာမခံချက်လည်း ပေးရပါတယ်။ အကယ်၍ တစ်ခုခုကြောင့် အပင်မပေါက်ဘူးဆိုရင် ကုမ္ပဏီက အာမခံထားတဲ့အတိုင်း တာဝန်ယူပေးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ရိတ်သိမ်းချိန်လွန် နည်းပညာတွေဟာလည်း မျိုးစေ့ထုတ်လုပ်ငန်းမှာ အင်မတန်အရေးကြီးပါတယ်။ မျိုးစေ့ဥပဒေအရလည်း မျိုးစေ့ထုပ်လုပ်ငန်းအတွက် မှတ်ပုံတင်ရမယ့် ကိစ္စရပ်တွေ၊ လိုင်စင်လုပ်ရမယ့်ကိစ္စရပ်တွေကို သင့်လျော်တဲ့နှုန်းထားနဲ့နိုင်ငံတော်ကနေ ဥပဒေအရ လွှတ်တော်မှာ တင်ပြပြီး ပြဋ္ဌာန်းထားပြီးသားဖြစ်ပါတယ်။

“ဒါကြောင့် နိုင်ငံတကာနဲ့အညီ မြန်မာနိုင်ငံမှာ မျိုးကောင်း၊ မျိုးသန့်မျိုးစေ့ထုတ်လုပ်ဖို့အတွက် မျိုးစေ့ဥပဒေ နည်းဥပဒေတွေရှိပြီးသား ဖြစ်ပါတယ်။ ဒီလိုလုပ်နိုင်ဖို့အတွက် နိုင်ငံတော်အပိုင်းကလည်းပဲ လိုအပ်တဲ့အရင်းအနှီး အထောက်အပံ့တွေကို ဆောင်ရွက်ပေးဖို့ စီမံဆောင်ရွက်နေပါတယ်။ လက်ရှိကန်ထရိုက်လယ်ယာစနစ်နဲ့ ထုတ်လုပ်နေတဲ့လုပ်ငန်းစဉ်တွေ၊ အကျိုးတူတောင်သူအချင်းချင်း ပူးပေါင်း ပြီး အစုအဖွဲ့နဲ့ မျိုးစေ့ထုတ်လုပ်သူများအသင်းအဖွဲ့တွေနဲ့ သမဝါယမပုံစံမျိုးတွေပေါ်ပေါက်လာဖို့လည်း မနှစ်ကစတင်ပြီး ဆောင်ရွက်တာ အောင်မြင်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

စပါးအပါအဝင် တခြားသီးနှံမျိုးစေ့များ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများကို နိုင်ငံတော်အပိုင်းဖြစ်သည့်ဌာနနှင့် တောင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးလိုအပ်သည့်အတွက်ကြောင့် အားလုံးပါဝင်ဆောင်ရွက်ရန်အရေးကြီးကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်းလိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကန်ထရိုက်လယ်ယာစနစ်ဖြင့် မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်လိုသည့် တောင်သူများအနေဖြင့် မိမိတို့ဒေသတွင်ရှိသည့် စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် အကူအညီတောင်းယူနိုင်ပြီး ကန်ထရိုက်လယ်ယာစနစ် ပြုလုပ်ချင်သည့် ကုမ္ပဏီများ၊ သီးနှံရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းရှင်များ အနေဖြင့် ဆောင်ရွက်လိုလျှင် နည်းပညာအကူအညီများကို စိုက်ပျိုးရေးဦးစီးဌာနမှပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ကျေးလက်နေတောင်သူတွေ ဝင်ငွေတိုးတက်ရရှိဖို့သည် သီးနှံထုတ်လုပ်တဲ့အခါမှာလည်း မျိုးကောင်းမျိုးသန့် မျိုးစေ့တွေ လွယ်လင့်တကူ ရရှိသုံးစွဲနိုင်ဖို့ လိုပါတယ်။ သီးနှံမျိုးကောင်းတွေ သုံးစွဲခြင်းအားဖြင့်လည်း အထွက်နှုန်းပိုကောင်းပြီး အရည်အသွေးကောင်းမွန်တဲ့ သီးနှံတွေထုတ်လုပ်နိုင်ပြီးတော့ Supply Change တစ်ခုလုံးမှာ တန်းဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်လုပ်နိုင်ကာ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူတွေဖွံ့ဖြိုးတိုးတက်ရေးဟာ အဓိကလုပ်ရမယ့် လုပ်ငန်းစဉ်တွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့ မျိုးစေ့ထုတ်လုပ်ခြင်းအပိုင်းက အခြေခံအကျဆုံးဖြစ်တဲ့အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဒီနှစ်ကစပြီး သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့တွေ ထုတ်လုပ်နိုင်ဖို့အတွက် အရှိန်အဟုန်မြှင့်ပြီး ပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။ တောင်သူတွေရော လုပ်ငန်းရှင်တွေပါ စိတ်ပါဝင်စားစွာ အားလုံးပူးပေါင်းဆောင်ရွက်ဖို့လည်း ဖိတ်ခေါ်ပါတယ်။ အကောင်အထည်ဖော် ဆောင်ရွက်တဲ့ အခါမှာလည်းပဲ စိုက်ပျိုးဖို့အတွက် မျိုးစေ့ထုတ်လုပ်တဲ့ နည်းပညာတွေ ကူညီပံ့ပိုးပေးဖို့လည်း သက်ဆိုင်ရာ စိုက်ပျိုးရေးဝန်ထမ်းတွေက အချိန်နဲ့တစ်ပြေးညီ ကွင်းဆင်းပြီးတော့ ကူညီပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ တောင်သူတွေရော လုပ်ငန်းရှင်တွေပါ မျိုးစေ့ထုတ်လုပ်ငန်းမှာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါလို့ တိုက်တွန်းလိုပါတယ်” ဟု စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုကပြောသည်။

# သီးနှံမျိုးစေ့များကို သုံးရာသီဆက်တိုက်စိုက်ပျိုးပြီးပါက မျိုးပြန်လည်သန့်စင်ပြီး သုံးသင့်

**ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မေမိုးသဲ**



မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင်စိုက် ဟူသည့် စိုက်ပျိုးရေးပညာရှင်များ အမြဲပြောကြားလေ့ရှိသည့် စကားသည် တောင်သူများအတွက် အင်မတန် တန်ဖိုးရှိလှသည့် ဆောင်ပုဒ်တစ်ခုဖြစ်သည်။ မိမိစိုက်ပျိုးသည့် မြေအမျိုးအစားသည် မိမိရွေးချယ်ထားသည့် သီးနှံအမျိုးအစားနှင့် ကိုက်ညီ၏၊ မကိုက်ညီ၏ကို သိရှိရန်လိုသလို မကိုက်ညီပါကလည်း မြေကိုမည်သို့ပြုပြင်ရမည်၊ မြေဆီဩဇာပိုမိုကောင်းမွန်လာအောင် မည်သို့ဆောင်ရွက်ရမည် စသည့်အခြေခံသဘောတရားများကိုအခြေခံကျကျ သိရှိနားလည်ထားကြမည်ဆိုလျှင် တောင်သူဦးကြီးများစိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်လာမည် ဖြစ်ပေသည်။

သို့ဖြစ်ရာမြေ၊ မျိုး၊ ပိုး၊ ရောဂါ၊ အာဟာရ၊ စိုက်နည်းစနစ်များနှင့်ပတ်သက်၍ တောင်သူဦးကြီးများ၏ အခြေခံအသိများကိုသိပွံနည်းကျ စဉ်းစားတွေးခေါ်မှုများနှင့် ပေါင်းစပ်ပြီးစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်တတ်လာစေရန်နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ အဓိကတာဝန်ကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သည့် တောင်သူပညာပေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရန်တို့အတွက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအဖွဲ့တို့ပူးပေါင်းကာ တောင်သူဦးကြီးများကို ဖိတ်ခေါ်၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် အခြေခံစိုက်ပျိုးရေးအသိပညာဆရာဖြစ် သင်တန်းကို မေလပထမပတ်က ၅ ရက်ကြာ ဖွင့်လှစ်ပို့ချသွားခဲ့ကြောင်း သိရသည်။

"ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအဖွဲ့(KMSS)က တောင်သူများအသိပညာဗဟုသုတတွေ တိုးပွားစေဖို့အတွက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှာ နွေရာသီကျောင်းပိတ်ရက်အတွင်း မျိုးကောင်း၊ မျိုးသန့်ထုတ်လုပ်ခြင်း နည်းပညာသင်တန်းတွေကို ဖွင့်ပေးဖို့ တောင်းဆိုမှုကြောင့် ဒီသင်တန်းကို ဖွင့်ဖြစ်သွားတာပါ။ မျိုးကောင်းမျိုးသန့်အရေးကြီးတယ်ဆိုတာကို တောင်သူတွေက သိသော်လည်း အဲဒီမျိုးတွေရဖို့ သူတို့လက်လှမ်းမမီကြဘူး။ သူတို့စိုက်နေတဲ့မျိုးတွေကလည်း နှစ်ကြာလာတော့ မျိုးရောများလာပြီး မျိုးဗီဇမှန်မှုမရှိ၊ အထွက်နှုန်း မကောင်းတော့ဘူး။ ကချင်ပြည်နယ်ဘက်က စပါးစိုက်တောင်သူတွေက သူတို့မှာတစ်ဧကကိုတင်း ၂၀ ထွက်တဲ့သူက အများဆုံးအထွက်နှုန်းရရှိသူတွေဖြစ်ပြီး သူတို့မှာ မျိုးကောင်း မျိုးသန့်ကို အသုံးပြုရင် အခုထက် အထွက်နှုန်းကောင်းလာမယ်ဆိုတာကို သိတယ်။ ဒါပေမယ့် အဲဒီမျိုးတွေကို ဘယ်မှာရမလဲ မသိကြဘူး။ နောက်ပြီးမျိုးကောင်း မျိုးသန့်တွေကို ကိုယ်တိုင်ထုတ်ဖို့အတွက်လည်း ဘယ်လိုနည်းလမ်းနဲ့ ထုတ်ရမလဲဆိုတာ မသိကြဘူး။ ဒါကြောင့် အဲဒီတောင်သူတွေက မျိုးသန့်ကိုယ်တိုင်ထုတ်လုပ်နိုင်မယ့်သင်တန်းကိုတက်ချင်တယ်ဆိုပြီး KMSS အသင်းကဦးဆောင်ကာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ ဌာနကြီးငါးခုက စပါး၊ ပဲမျိုးစုံနှင့် နှမ်းသီးနှံများ မျိုးကောင်းမျိုးသန့် ထုတ်လုပ်နိုင်ဖို့ရည်ရွယ်ပြီး သင်ကြားပို့ချပေးနေတာပါ"ဟု သင်တန်းကိုကြီးကြပ်ဆောင်ရွက်ပြီး ပို့ချပေးသည့် သင်တန်းမှူး ကထိကဒေါက်တာ ညိုမာထွေးက ပြောသည်။

အဆိုပါ သင်တန်းကို ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးများရှိ ကျေးရွာများမှ စပါး၊ ပြောင်း၊ ပဲအမျိုးမျိုးနှင့် နှမ်းသီးနှံစိုက်ပျိုးသော တောင်သူများတက်ရောက်ကြကြောင်း၊ သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်မှာ တောင်သူများကိုယ်တိုင် မျိုးကောင်းမျိုးသန့်များကို ထုတ်လုပ်လာနိုင်ရန်နှင့် ကိုယ်တိုင်မျိုးပြန်လည်သန့်စင်ပြီး အသုံးပြုတတ်စေရန်ဖြစ်ကြောင်း သိရသည်။

"ကချင်ပြည်နယ်ဘက်က တောင်သူတချို့ပြောပြတာက မျိုးမသန့်တာတွေစိုက်မိတဲ့အခါ သီးနှံရိတ်သိမ်းချိန်ရောက်လို့ ရိတ်တဲ့အခါမှာလည်း တစ်ကွက်တည်းမှာ ရင့်မှည့်မှု မတူညီတာကို တွေ့ရပြီး ရိတ်သိမ်းခြွေလှေ့ရာမှာ အခက်အခဲတွေ ဖြစ်တယ်။ အဲဒါကြောင့် ဘယ်သီးနှံမဆိုမျိုးကို သုံးရာသီထက်ပို မသုံးသင့်ဘူးလို့ အကြံပြု ပါရစေ။ မျိုးမသန့်ရင် ပန်းပွင့်တဲ့ရက်တွေ မတူတာ၊ အပင်အရပ်တွေမတူတာ၊ သီးနှံအမှည့်အရင့်တွေ မတူဘဲကွာသွားမှာဖြစ်ပြီး အဲလိုတွေကွာဟသွားရင် ကိုယ့်ဘာသာကိုယ် မျိုးပြန်သန့်ဖို့ တောင်သူများကို သင်တန်းမှာ သင်ကြားပေးပါတယ်။ နှစ်စဉ်မျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်း နည်းပညာ သင်တန်းများကို နှစ်ကြိမ်ဖွင့်ပြီး ကျောင်းဖွင့်ရက်မှာလည်း အပင်မျိုးမွေးမြူရေး၊ ဇီဝကမ္မဗေဒနှင့် ဂေဟဗေဒဌာနကနေပြီး မျိုးကောင်းမျိုးသန့် ရွေးချယ်တဲ့ သင်တန်းနဲ့အတူ တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ မျိုးရွေးချယ်တဲ့ သင်တန်းတွေကို လည်း သင်ကြားပေးပါတယ်။ အဲဒါကတော့ဌာနက မျိုးသစ်များအဖြစ် ထုတ်လုပ်ရန် လျာထားတဲ့မျိုးလိုင်းတွေထဲမှာ တောင်သူတွေက ဘယ်မျိုးလိုင်းကို ကြိုက်နှစ်သက်တာကို ရွေးချယ်ဆောင်ရွက်ပြီး စားသုံးသူအကြိုက် အရည်အသွေးကောင်းတဲ့ စပါးမျိုးများကို မျိုးသစ်များအဖြစ် မျိုးစေ့မှတ်ပုံတင်ပြီးတော့မှ မျိုးစေ့ထုတ်လုပ်တဲ့ နည်းလမ်းတွေလုပ်ပါတယ်" ဟု ၎င်းက ဆက်လက် ပြောသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ အပင်မျိုးမွေးမြူရေး၊ အပင်ဇီဝကမ္မဗေဒနှင့် ဂေဟဗေဒဌာနမှ တောင်သူများအတွက် နှစ်စဉ်သင်တန်းဖွင့်လှစ်ပို့ချပေးလျက်ရှိသကဲ့သို့ သင်တန်းတွင် ယခုလို မျိုးကောင်းမျိုးသန့်ထုတ်လုပ်သည့် နည်းလမ်းများကို ပို့ချပေးလျက်ရှိကြောင်း၊ ထို့ပြင် ကွင်းထဲ၌ လက်တွေ့ကွင်းဆင်းပြီး ခေါင်နှံရွေးချယ်ခြင်း၊ ပျိုးထောင်ခြင်းအစရှိသည့်လုပ်ငန်းများကို လက်တွေ့ဆောင်ရွက်ပို့ချပေးကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် နှစ်ကျပ်ခွဲကျေးရွာမှ ဆလိုင်းဗထူးက "ဒီသင်တန်းဟာ တောင်သူတွေအတွက် တကယ်တန်ဖိုးဖြတ်လို့ မရတဲ့သင်တန်းပါ။ အဓိကဖြစ်တဲ့ မျိုးနဲ့ပတ်သက်ပြီး မျိုးသန့်စင်ဖို့ အမြဲရှာနေရတာ။ တစ်နှစ်လောက် ရှာပြီးသူများဆီကမျိုးက ကိုယ့်ဆီရောက်လာပြီဆိုရင်လည်း မျိုးကမသန့်တော့ဘူး။ ကိုယ်ကလိုလို့ ဝယ်ရင်လည်း ဈေးကြီးပေးပြီး ဝယ်ရတဲ့အပြင် မျိုးကမသန့်တာတွေရှိတယ်။ ဈေးကွက်ထဲရောက်တဲ့အခါမှာလည်း ဈေးကမကောင်းဘူး။ အဲဒါက တောင်သူတိုင်းအတွက် နယ်တိုင်းမှာဖြစ်နေတဲ့အနေအထားကို တွေ့ရတယ်။ ဒီသင်တန်းက မျိုးသန့်ဖို့ မျိုးရိုးဗီဇပြောင်းတာတွေ၊ ပေါင်းသတ်ဆေး အသုံးပြုပုံတွေ၊ မြေဆီလွှာပျက်စီးရင် ဘယ်လိုပြုပြင်ရမလဲဆိုတာတွေကို ဂဃနဏ သိရတဲ့အတွက် လက်တွေ့အသုံးချတာနဲ့ ပေါင်းစပ်လိုက်မယ်ဆိုရင် အင်မတန်မှ တန်ဖိုးရှိပါတယ်။ ကိုယ်လုပ်နေတဲ့ လက်တွေ့အရာတွေနဲ့ ဒီသင်တန်းကအတွေ့အကြုံတွေကို ပေါင်းစပ်ပြီး စိတ်ကူးထဲမှာ ဘယ်လိုဆက် လုပ်မယ်ဆိုတာ အားလုံးပေါ်တယ်" ဟု သူ့ရဲ့သင်တန်းအတွေ့အကြုံနှင့် အကျိုးရှိပုံကို ပြောပြ သည်။

"မျိုးသန့်လိုအပ်မှုကို တောင်သူတွေသိရှိကြသော်လည်း မျိုးသန့်ရရှိဖို့ တောင်သူတိုင်း မလုပ်နိုင်ခဲ့ဘူး၊ ကိုယ်တိုင်မျိုးသန့်ထုတ်လုပ်လို့ရနိုင်တယ်ဆိုတဲ့နည်းလမ်းကိုလည်း မသိခဲ့ကြဘူး။ သင်တန်းမတက်ခင်အချိန်အထိ သူများဆီက မျိုးကိုပဲ မျှော်လင့်ခဲ့ကြရတယ်။ အခုချိန်အထိ အသုံးပြုလိုက်၊ မှားသွားရင်ခံလိုက်နဲ့ လုံးလည်လိုက်ခဲ့ရတယ်။ ခုတော့သင်တန်းက ပို့ချပေးလိုက်တဲ့ စာတွေနဲ့ လက်တွေ့ပေါင်းပြီး ကိုယ့်ဒေသမှာပြန်ပြီး ကိုယ်တိုင်မျိုးသန့်တွေထုတ်၊ တောင်သူတွေကိုလည်း အတွေ့အကြုံတွေ မျှဝေပြီးတော့ ပေါင်းစပ်ဆောင်ရွက်နိုင်မယ်။ တောင်သူတွေ အနေနဲ့ဝမ်းသာပီတိဖြစ်မိမှာပါ။ ကိုယ်ကိုယ်တိုင်လည်း မျိုးကောင်းမျိုးသန့်ကို လိုက်ရှာနေတဲ့သူဆိုတော့ ဒီသင်တန်းကရတဲ့အသိနဲ့ ကိုယ်ကိုယ်တိုင် မျိုးတွေထုတ်နိုင်မယ်လို့ယုံကြည်ပါတယ်။ ဒီလိုသင်တန်းမျိုးကို တောင်သူတိုင်း တက်သင့်တယ်လို့လည်း အကြံပြုလိုပါတယ်။ နိုင်ငံတော်ကမျိုးသစ်တွေ ထုတ်လုပ်ပေးလာတဲ့အပေါ်လည်း ကြိုဆိုပါတယ်။ ရောင်းရတဲ့အချိန်ကျတော့ မျိုးသစ်မျိုးသန့်ကို ဝယ်တဲ့သူက ဒါကိုပဲ လိုက်ဝယ်တယ်။ ဈေးနှုန်းကလည်းပေးတယ်။ ဟိုအရင်တုန်းကတော့ စပါးဆိုကောင်းကောင်း၊ မကောင်းကောင်း ဒီဈေးပဲရတယ်။ ခုတော့ အဲလိုမဟုတ်တော့ဘူး။ အမျိုးအစားကောင်းလာလေ ကွာဟမှုတွေရှိလာ လေပဲ"ဟု ၎င်းက ဆက်လက်ပြောပြသည်။

တောင်သူလယ်သမားများ၏ အဓိကအသက်မွေးဝမ်းကျောင်းမှာစိုက်ပျိုးရေးဖြစ်သည့်အတွက် စပါးအပါအဝင် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးမှာ တောင်သူများအတွက် အရေးပါသဖြင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်လိုအပ်လာသည်။ မြေဆီလွှာထိန်းသိမ်းပြုပြင်ခြင်းများလည်း ယခင်ကထက် ပိုလိုအပ်လာသဖြင့် ယခုအခါ နည်းပညာများမြင့်မားမှုအားကိုယူပြီး စိုက်ပျိုးရေးကဏ္ဍကို အလေးထားစိုက်ပျိုးနိုင်မည်ဆိုပါက အရည်အသွေးကောင်းပြီး စိုက်ပျိုးရေးကဏ္ဍတွင် သီးနှံများကို ပိုမိုထုတ်လုပ်လာနိုင်ကာ သီးနှံစိုက်ပျိုးသည့်တောင်သူများ လူမှုဘဝလည်း မြင့်တက်လာမည်ဖြစ်သည်။

# လာမည့်နှစ် နှမ်းပေါ်ရာသီ နှမ်းဈေးဆက်တိုက်ကျဆင်းမည်ကို တောင်သူများစိုးရိမ်

**သူဇာလင်း၊ ဓာတ်ပုံ- လင်းလင်း(AMIA)**

ပြီးခဲ့သည့် နှစ်များက နှမ်းဈေးကျဆင်းခဲ့ခြင်းကြောင့် လာမည့် နှမ်းပေါ်ရာသီတွင် နှမ်းဈေး ဆက်လက်ကျဆင်းမည်ကို စိုးရိမ်ကြောင်း နှမ်းစိုက်တောင်သူများက ပြောဆိုကြသည်။



၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်များတွင် နှမ်းဈေးဆက်တိုက် ကျဆင်းခဲ့ပြီး လာမည့် စက်တင်ဘာလဆန်းတွင် ထွက်မည့် နှမ်းဈေးများလည်း ဆက်လက်ကျဆင်းမည်ကို စိုးရိမ်နေကြောင်း တပ်ကုန်းမြို့နယ် ညောင်ငါးပင်ကျေးရွာမှ နှမ်းစိုက်တောင်သူ ဦးမောင်ငယ်က ပြောသည်။

ဦးမောင်ငယ်က "ကျွန်တော်တို့ နှမ်းဈေးမကောင်းတာ နှစ်နှစ်ဆက်တိုက်ရှိနေပါပြီ။ လာမယ့်နှမ်းပေါ်ချိန် ဈေးကျနေဦးမယ်ဆိုရင် တောင်သူတွေ အရှုံးပေါ်တော့မယ်။ ၂၀၁၄ ခုနှစ်တုန်းက ပျမ်းမျှနှမ်းဈေးတစ်တင်းကို ငွေကျပ် ၉၀၀၀၀ ကျော် ရောင်းချခဲ့ရတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်တွေကတော့ နှမ်းတစ်တင်းကို ပျမ်းမျှဈေး ငွေကျပ် ၄၀၀၀၀ က နေ ၅၀၀၀၀ ကြားသာ ရောင်းချခဲ့ရလို့ စိုးရိမ်နေရတာပါ" ဟု ပြောသည်။

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံများအနက် နှမ်းသည် စိုက်ဧကအများဆုံး ဖြစ်ပြီး စိုက်ဧက စုစုပေါင်း ၅၁ ဒသမ ၃ သန်းနှုန်းခန့်ရှိကြောင်း သိရသည်။

မန္တလေးမြို့ နှမ်းဧရီကုန်ရောင်းဝယ်ရေးဒိုင်မှ ကုန်သည် ဦးနေမိုးသွေးက "၂၀၁၄ တုန်းက ဈေးကောင်းခဲ့တာကလည်း အဓိကပို့နေတဲ့ တရုတ်ဘက်က တောင်သူတွေရဲ့ နှမ်းစိုက်ဧက လျော့ခဲ့သလို ရာသီဥတုပျက်စီးခဲ့လို့ မြန်မာဘက်က နှမ်းကို ဈေးကောင်းပေးဝယ်ခဲ့တာပါ။ အခုနောက်ပိုင်းတော့ တရုတ်ဘက်မှာလည်း ပုံမှန်ပြန်ဖြစ်ခဲ့လို့ နှမ်းအမှာနည်းခဲ့တာပါ"ဟု ပြောသည်။

နှမ်းကို အထွက်တိုးပါက ပြည်တွင်းစားသုံးဆီအတွက် အထောက်အပံ့ရနိုင်မည်ဖြစ်ကြောင်း နှမ်းကို နှမ်းကြီး၊ နှမ်းလျှင်ဟူ၍ ခွဲခြားစိုက်ပျိုးကြပြီး လက်ရှိ နှမ်းကို ပြည်ပနိုင်ငံ ၁၂ နိုင်ငံသို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

## ဖြူးမြို့နယ်၌ နွေစပါးများ ရိတ်သိမ်း

**ဖြူး မေ ၁၄**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျောက်စောင်းကျေးရွာ၊ ကင်ပွန်း ခြံရွာ၊ လှသင်းမောင်ရွာ၊ လိပ်ဥကွင်းရွာများမှ တောင်သူလယ်သမားများသည် ရေကြီးကွင်းများဖြစ်ကြသဖြင့် ရေကျမှ မိုးစပါးများကို စိုက်ပျိုးခဲ့ကြရာ ယခင်နှစ်များက မိုးစပါးတစ်သီးကိုသာ စိုက်ပျိုးခဲ့ကြရသည်။ မတ်လပထမပတ်မှ စတင်၍ ဖြူးချောင်းဘက်စုံရေလှောင်တမံမှ ရေပိုများကို လက်ယာမြောင်းတူးဖော်၍ ဖြူးမြို့နယ် ဇဟားချောင်းအတွင်းသို့ ပို့လွှတ်ပေးပြီး ရေများကို လိုအပ်သလို ပို့လွှတ်ပေးခဲ့ရာ မိုးစပါးတစ်သီးကိုသာ စိုက်ပျိုးခဲ့ကြ သောတောင်သူများအား နွေစပါးစိုက်ပျိုးကြရန် စည်းရုံးတိုက်တွန်း ပံ့ပိုးကူညီခဲ့သဖြင့် တောင်သူ ၁၈ ဦးတို့က နွေစပါး ၁၂၂ ဧကကို စတင်စိုက်ပျိုးခဲ့ကြပြီး အဆိုပါ နွေစပါးများကို ရိတ်သိမ်းလျက်ရှိကြရာ စပါးအခြောက်ပျမ်းမျှ ၈၅ တင်းမှ တင်း ၁၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

**(ဖြူးမြင့်ဦး)**

# ပြည်ပတင်ပို့သည့် ဆန်အပါအဝင် လယ်ယာထွက်ကုန်များတွင် မှိုသတ်ဆေးဓာတ်ကြွင်းပါဝင်မှု လျှော့ချရန်စီစဉ်

**ဖြိုးလွင်အောင်၊ ဓာတ်ပုံ- ကေဇူး(AMIA)**

ပြည်တွင်းဆန်ဈေးကွက်နှင့် ပြည်ပနိုင်ငံ ဈေးကွက်များကို တင်ပို့နေသည့် ဆန်အပါအဝင် လယ်ယာထွက်ကုန်များတွင် မှိုသတ်ဆေး (Tricyclazole) ဓာတ်ကြွင်းပါဝင်မှုကို လာမည့် ဇူလိုင် ၁ ရက်မှ စတင်ကာ (1 mg/kg) မှ (0.01 mg/kg-3ppm မှ 0.01 ppm) အထိ လျှော့ချသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ မေ ၁၂ ရက်တွင် ထုတ်ပြန်လိုက်သည်။

မြန်မာနိုင်ငံက ဥရောပသမဂ္ဂအဖွဲ့ဝင် (EU) နိုင်ငံများကို တင်ပို့နေသည့် လယ်ယာထွက်ကုန်များတွင် အဆိုပါ မှိုသတ်ဆေး ဓာတ်ကြွင်းပါဝင်နေသည့်အတွက် ၂၀၀၈ ခုနှစ်မှ စတင်ကာ ဥရောပသမဂ္ဂမှ သတိပေးခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ပြောသည်။

ဦးရဲမင်းအောင်က "ကျွန်တော်တို့ဆီက ဆန်အပါအဝင် လယ်ယာထွက်ကုန်တွေမှာ အဲ့ဒီဓာတ်ကြွင်းပါဝင်နေလို့ ပြည်ပနိုင်ငံတွေကိုပို့ရင် အခက်အခဲတွေ ရှိနေတယ်။ အခု ပြည်တွင်းဆန်တွေမှာ ဓာတ်ကြွင်းပါဝင်မှု ပမာဏကို ဓာတ်ခွဲစစ်ဆေးနေတယ်။ အဖြေကို သိရပြီဆိုရင် ထိန်းချုပ်နိုင်ဖို့ ကုန်သည်တွေရော၊ တောင်သူတွေကိုပါ အသိပညာပေးတာတွေ လုပ်သွားမယ်"ဟု ပြောသည်။

လက်ရှိ လယ်သမားများအနေဖြင့် အဆိုပါ မှိုသတ်ဆေးကို စပါးဂုတ်ကျိုး မှိုရောဂါအတွက် အများဆုံး အသုံးပြုကြပြီး ပျိုးပင်



များကို ဆေးရည်ဖြင့်စိမ်ကာ အသုံးပြုခြင်းအပြင် အပင်ဖျန်းဆေးအနေဖြင့်လည်း အသုံးပြုကြကြောင်း သိရသည်။

"ပြည်တွင်းမှာ အဲ့ဒီ မှိုသတ်ဆေးကို တံဆိပ် ၁၃ ခုလောက်နဲ့ မှတ်ပုံတင်ပြီး ရောင်းချနေတာကို တွေ့ရတယ်။ အဲ့ဒီဆေးအစား သဘာဝမှိုသတ်ဆေးတစ်မျိုးမျိုးကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီး တောင်သူတွေကို ဖြန့်ဝေပေးသွားဖို့ စီစဉ်နေပါတယ်" ဟု ၎င်းကပြောသည်။

ပြီးခဲ့သည့်နှစ်က ကမ္ဘောဒီးယားနိုင်ငံသို့ တင်ပို့ခဲ့သည့် မြန်မာ့ဆန်များတွင် အဆိုပါမှိုဓာတ်ကြွင်းကို တွေ့ရှိခဲ့သည့်အတွက် ကမ္ဘောဒီးယားအစိုးရမှ ပြည်တွင်းသို့ သယ်ယူခွင့်ပိတ်ပင်ခဲ့မှုကြောင့် ယင်းဆိပ်ကမ်းတွင် လချီသောင်တင်ခဲ့ရကြောင်း သိရသည်။

# သကြားတင်ပို့မှု တန်ချိန် လျော့ကျ

**ဖြိုးလွင်အောင်(AMIA)**

တရုတ်နိုင်ငံ ကုန်သည်များမှ မြန်မာ့သကြားကို ဝယ်ယူမှုလျော့ကျသွားသည့်အတွက် ပြီးခဲ့သည့် ဧပြီလက တန်ချိန် နှစ်သောင်းခန့် လျော့ကျသွားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

ယခုဘဏ္ဍာနှစ်မှ စတင်ကာ တရုတ်နိုင်ငံမှ သကြား တင်သွင်းမှုအပေါ် အခွန်ကောက်ခံရန် စီစဉ်နေသည့်အတွက် ယင်းကဲ့သို့ တင်ပို့မှု ကျဆင်းသွားခြင်း ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။

"ကျွန်တော်တို့ဆီက သကြား တစ်ဆင့်ခံပို့တာကို မနှစ်ကလည်း ခွင့်ပြုထားတယ်။ ဒီနှစ်လည်း ဆက်ခွင့်ပြုထားပါတယ်။ တရုတ်ဘက်က ပေါ်လစီအပြောင်းအလဲတွေကြောင့် ကုန်သည်တွေက စောင့်ကြည့်နေကြတာ"ဟု ၎င်းက ပြောသည်။

မြန်မာ့ကုန်သည်များအနေဖြင့် သကြားကို ပြည်ပနိုင်ငံများမှ တင်သွင်းကာ မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တစ်ဆင့်ခံ (Re- Export) စနစ်ဖြင့် တရုတ်နိုင်ငံသို့ ပြန်လည်ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

"တရုတ်နိုင်ငံက ကြံစိုက်ပြီး သကြားထုတ်ပေမယ့် သူတို့ ပြည်တွင်းဈေးမြင့်နေတော့ ပြည်ပက ပြန်တင်သွင်းရင် ဈေးသက်သာတယ်လေ။ အဲ့ဒီလို တင်သွင်းတာကို တန်ပြန်အခွန်ကောက်လို့ ဝယ်ယူမှုလျော့ကျသွားတာ" ဟု ၎င်းက ပြောသည်။

# တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲ


**ဝတ်ရည်မွန်၊ ဓာတ်ပုံ- ကိုတင့်**

ဒီတစ်ပတ်မှာတော့ မတ်ပဲနဲ့ ပဲစင်းငုံတို့က ဈေးအနည်းငယ်ပြန်တက်လာပါတယ်။နှမ်းမျိုးစုံကတော့ ဈေးအနည်းငယ်ကျဆင်းသွားပါတယ်။ ကုလားပဲလုံးကလည်း ဈေးတက်လာပါတယ်။

**မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံတို့ ဈေးအနည်းငယ်တက်**

**မတ်ပဲ**

ဧပြီလဆန်းပိုင်းကနေစပြီး ဈေးဆက်တိုက်ကျနေတဲ့ မတ်ပဲနဲ့ ပဲစင်းငုံက ဒီတစ်ပတ်မှာတော့ တစ်တန်ကို သောင်းဂဏန်းလောက်ဈေးတက်လာပါတယ်။ လက်ရှိပေါက်ဈေးကတော့ ငွေကျပ် ၉၇၄၀၀၀ ဖြစ်ပါတယ်။



မတ်ပဲက အိန္ဒိယနိုင်ငံကို အဓိကထား တင်ပို့နေတာဖြစ်ပြီး လက်ရှိ အိန္ဒိယနိုင်ငံမှာလည်း မတ်ပဲဈေးနှုန်းတွေ ကျဆင်းနေပါတယ်။ မေလအတွင်းမှာတော့ မတ်ပဲဈေးက ဆက်ပြီးဈေးကျဆင်းနိုင်ပေမယ့် လာမယ့်ဇွန်လမှာတော့ မတ်ပဲဈေးက ပြန်လည်ကောင်းမွန်မယ်လို့ အိန္ဒိယနိုင်ငံ ပဲဈေးကွက် စောင့်ကြည့်သူ Agriwatch က ပြောပါတယ်။

**ပဲစင်းငုံ**

ပဲစင်းငုံကလည်း ဈေးဆက်တိုက်ကျဆင်းနေပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးအနည်းငယ်ပြန်လည်တက်လာပါတယ်။ လက်ရှိပေါက်ဈေးကတော့ တစ်တန်ကို ငွေကျပ် ၆၇၁၅၀၀ ရှိနေပြီး ယခင်အပတ်နဲ့ နှိုင်းယှဉ်ရင် တစ်တန်ကို တစ်သောင်းကျော်လောက်ဈေးတက်လာပါတယ်။

အိန္ဒိယနိုင်ငံမှာ ပဲစင်းငုံသွင်းကုန်ခွန်ကို ၂၀ ရာခိုင်နှုန်း သတ်မှတ်ထားတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ပြည်တွင်း ပြည်ပ ပဲစင်းငုံဈေးက ဆက်တိုက် ကျဆင်းနေတာဖြစ်ပါတယ်။

**ကုလားပဲ $V_2$ ဈေးတက်**

ကုလားပဲ $V_2$ ကတော့ဈေးဆက်တိုက်တက်နေတာ လက်ရှိပေါက်ဈေးကတော့ တစ်အိတ် (၅၇ ဒသမ ၂၅ ပိဿာ) ကို ငွေကျပ် ၁၂၇၀၀၀ ရှိပါတယ်။ တစ်ပတ်အတွင်းငွေကျပ် ၂၀၀၀ လောက်ဈေးတက်လာတာကိုတွေ့ရပါတယ်။

ကုလားပဲကလည်း မတ်ပဲနဲ့ ပဲစင်းငုံတို့လို အိန္ဒိယနိုင်ငံကို အဓိကထားတင်ပို့နေတဲ့အတွက် လက်ရှိမှာ အိန္ဒိယနိုင်ငံက ကုလားပဲအထွက်နှုန်း လျော့နည်းနိုင်တယ်လို့ ခန့်မှန်းထားတဲ့အတွက် ဈေးကမာနေတာ ဖြစ်ပါတယ်။

၂၀၁၆ နှစ်လယ်ကနေ ဈေးဆက်တိုက်တက်ခဲ့တာဖြစ်ပြီး စံချိန်တင်ဈေးမြင့်နေတာ ဖြစ်ပါတယ်။

**နှမ်းမျိုးစုံ ဈေးအနည်းငယ်ကျဆင်း**

**နှမ်းနက်(စမုံ)**

နှမ်းနက်(စမုံ)ကတော့ မေလ ဆန်းပိုင်းကနေ စပြီး ဈေးက ဆက်တိုက်ကို ကျဆင်းနေပါတယ်။ လက်ရှိပေါက်ဈေးက တစ်အိတ်ကို ငွေကျပ် ၁၂၅၀၀၀ ပေါက်ဈေးရှိနေပြီး တစ်ပတ်အတွင်း ငွေကျပ် ၁၀၀၀၀ ကျော် ဈေးကျဆင်းသွားပါတယ်။

**နှမ်းနက်**

နှမ်းနက်ကတော့ တစ်အိတ်ကို ငွေကျပ် ၁၀၀၀၀ လောက်ထိ ဈေးကျဆင်းသွားပါတယ်။လက်ရှိ ပေါက်ဈေးကတော့ တစ်အိတ်ကို ငွေကျပ် ၉၀၀၀၀ ပေါက်ဈေးရှိနေပါတယ်။

**နှမ်းညို**

နှမ်းညိုက မေလ လဆန်းပိုင်းမှာ တစ်အိတ်ကို ငွေကျပ် ၈၈၀၀၀ နဲ့ ဈေးတက်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်အိတ်ကို ငွေကျပ် ၈၃၀၀၀ ပေါက်ဈေးရှိနေပြီး တစ်ပတ်အတွင်း ငွေကျပ် ၅၀၀၀ လောက် ဈေးကျဆင်းသွားပါတယ်။

**ပန်းနှမ်းဈေးတက်**

ပန်းနှမ်းကတော့ မေလဆန်းပိုင်း အကျဈေးနဲ့ ရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်အိတ်ကို ငွေကျပ် ၅၀၀၀ လောက်ဈေးတက်လာပါတယ်။လက်ရှိပေါက်ဈေးကတော့ တစ်အိတ်ကို ငွေကျပ် ၇၂၀၀၀ ရှိပါတယ်။

**ပဲပုပ် (ရှမ်း) ဈေးအနည်းငယ်တက်**

ပဲပုပ်(ရှမ်း)က ဈေးဆက်တိုက် ကျဆင်းခဲ့ပေမယ့် ဒီ



တစ်ပတ်မှာတော့ ဈေးအနည်းငယ်တက်လာပါတယ်။ လက်ရှိပေါက်ဈေးကတော့ တစ်အိတ်ကို ငွေကျပ် ၆၂၀၀၀ ပေါက်ဈေးရှိနေပါတယ်။

**စားအုန်းဆီဈေးတက်**

စားအုန်းဆီကတော့ ဈေးဆက်တိုက် တက်နေပါတယ်။ မလေးရှားနိုင်ငံမှာ စားအုန်းဆီထုတ်လုပ်မှု ကျဆင်းမယ်ဆိုတဲ့ သတင်းတွေကြောင့် မေလဆန်းပိုင်းကနေစပြီး ဈေးဆက်တိုက် တက်လာတာဖြစ်ပါတယ်။ လက်ရှိပေါက်ဈေးကတော့ စားအုန်းဆီ တစ်ပိဿာကို ငွေကျပ် ၁၉၂၀ ပေါက်ဈေးရှိနေပြီး တစ်ပတ်အတွင်း ငွေကျပ် ၅၀ ထပ်ပြီး ဈေးမြင့်တက်လာပါတယ်။ ၁၀ရက်ကျော် ကာလအတွင်း တစ်ပိဿာကို ငွေကျပ် ၁၀၀ ကျော် ဈေးမြင့်တက်လာပါတယ်။

# ရေကြီးနစ်မြုပ်သီးနှံများအတွက် ထောက်ပံ့ငွေပေးအပ်

**အင်္ဂပူ မေ ၁၄**

အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ ဗိုလ်အောင်ကျော်ခန်းမ၌ ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီးကေများအတွက် မေ ၁၂ ရက်က မျိုးစေ့ဖိုးငွေထောက်ပံ့ပေးအပ်ပွဲပြုလုပ်ရာ ထောက်ပံ့ ငွေများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူလယ်သမားကိုယ်စားလှယ်များက လက်ခံရယူခဲ့သည်။

အင်္ဂပူမြို့နယ်တွင် ၂၀၁၆ ခုနှစ် ဇူလိုင်လနှင့်ဩဂုတ်လအတွင်း ရေကြီးနစ်မြုပ်မှုကြောင့်ကျေးရွာအုပ်စု ၄၃အုပ်စုရှိ တောင်သူ ၆၂၈၅ ဦး၏ ပျက်စီးကေ ၂၁၀၅၁ ကေအတွက် စပါးနှင့်အခြားသီးနှံတစ်ကေလျှင် ငွေကျပ် ၁၀၀၀၀နှုန်း၊ ကွမ်းတစ်ကေလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် မျိုးစေ့ဖိုး စုစုပေါင်း ငွေကျပ် ၂၁၀၅၃၀၀၀၀ အား နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# မြန်မာ့ပဲကြီးဈေး ဝယ်လက်စုံ၍ အမြင့်ဆုံးဈေးသို့ ထိုးတက်

**မန္တလေး မေ ၁၄**


မြန်မာ့ပဲကြီးဈေးများ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ အပြိုင် ဝယ်ယူလာမှုကြောင့် ယခုရက်ပိုင်းအတွင်း မကြုံစဖူး အမြင့်ဆုံးဈေးသို့ ထိုးတက်သွားကြောင်း မန္တလေး ပဲဈေးကွက်မှ သိရသည်။

အဆိုပါ ပဲအမျိုးအစားမှာ ယခင်နှစ်များစွာက အမြင့်ဆုံးဈေးမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် တစ်သိန်း ဈေးအထိသာ ရောက်ရှိခဲ့ဖူးသော်လည်း ယခုနှစ်ပေါ်စ ဖေဖော်ဝါရီလဆန်း အဖွင့်ဈေးမှာ ငွေကျပ် ၉၀၀၀၀ ဈေးဖြင့် စဖွင့်ခဲ့ပြီး သင်္ကြန်ပြီးကာလတွင် ငွေကျပ် ၁၁၀၀၀၀ အထိ မြင့်တက်လာကာ ယခု မေ ၁၂ ရက်တွင် ငွေကျပ် ၁၄၀၀၀၀ အထိ ထိုးတက်သွားကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့် ပွဲရုံ) က ပြောသည်။

"ဒီနှစ် ပဲကြီးရာသီမှာ အထွက်ကလည်း အလွန်နည်းတဲ့အပြင် ဝယ်လက်ကလည်း စုံနေတော့ ပဲကြီးဈေးလောကမှာ မကြုံဖူးတဲ့ဈေးကို ရောက်သွားတယ်။ ဒီလိုအခြေအနေမှာ ဆက်ပြီးတက်နိုင်သေးတယ်။ ပြည်တွင်းမှာလည်း ပဲကြီးဈေးကောင်းတော့ လှော်မယ့်ဖိုတွေက အစားထိုးပဲတွေဖြစ်တဲ့ ပဲကြား၊ ပဲဇီးကွက်၊ ပဲလိပ်ပြာတွေကိုပဲ အများဆုံး လှော် ရောင်းနေကြတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာ့ပဲကြီးကို မြန်မာနိုင်ငံအလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် ဆောင်းသီးနှံအဖြစ် အများဆုံး စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလတွင် စတင်ထွက်ပေါ်လေ့ရှိကြောင်း သိရသည်။

လက်ရှိပဲဈေးကွက်တွင် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၅၆၀၀၀ အထိ ကျဆင်းနေခဲ့သည့် ပဲစင်းငုံ ဈေးနှုန်းများမှာ ယခုရက်ပိုင်းအတွင်း



ပြန်လည်ဦးမော့လာခဲ့ပြီး မေ ၁၂ ရက်တွင် ငွေကျပ် ၆၂၀၀၀ အထိ ရောက်ရှိလာခဲ့သည့်အတွက် လှောင်သမားများ ပြန်လည်အာရုံစိုက်မှုဖြစ်ပေါ်လာကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြေဆီဩဇာထက်သန်ဖို့ ပိုက်ဆံလျှော်ကို စိုက်ကြစို့

**ဆောင်းပါး - ခင်ခင်ကြီး(ဝါ/လျှော်မျှင်)**

ပိုက်ဆံလျှော်ပင်(Crotalaria juncea L.)သည် ကြီးထွားဖြစ်ထွန်းမှု လျင်မြန်သော သဘာဝသစ်စိမ်းမြေဩဇာအဖြစ် လူသိများသည်။ မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိများကို တိုးပွားစေရုံသာမက အပေါ်ယံမြေလွှာတိုက်စားမှုကို ကာကွယ်ပေးခြင်း၊ မြေအောက်ရေကို ထိန်းသိမ်းပေးခြင်းအပြင် root-knot nematodes ကိုလည်း ခံနိုင်ရည်ရှိပါသည်။ တောက်ပသောအဝါရောင်ပန်းပွင့်များပွင့်သည့် ထောင်မတ်ပြီးကိုင်းဖြာသော တစ်နှစ်ခံ cover crop ဖြစ်သည်။ အပင်ပိုင်းကြီးထွားမှုမြန်သလို အမြစ်ပိုင်းဆိုင်ရာ ကြီးထွားဖွံ့ဖြိုးမှုအားကောင်းသော အပင်မျိုးဖြစ်သည်။ အခြေအနေပေးပါက စိုက်ပျိုးပြီး ရက် ၆၀ ခန့်တွင် အပင်အမြင့်မှာ ၁ ဒသမ ၂ မီတာခန့်အထိမြင့်၍ ရက် ၉၀ ခန့်တွင် အမြင့် ၁ ဒသမ ၈ မီတာ ခန့်အထိ ရောက်ရှိနိုင်သည်။

မျိုးစေ့တင်ရှိမှုနည်းပါးသည့်အတွက် မျိုးစေ့ထုတ်မည်ဆိုပါက အပူပိုင်းနှင့် သမပိုင်း၊ ပူနွေးသော ညအပူချိန် (ဥပမာ- ၂၅ ဒီဂရီ စင်တီဂရိတ်)အထက်ရှိသော နေရာများတွင်သာ စိုက်ပျိုးထုတ်လုပ်သင့်ပါသည်။ အပင်ပေါက်နှုန်းကောင်းစေရန် မြေကြီးအပူချိန် ၁၄ ဒီဂရီစင်တီဂရိတ်ရှိသင့်ပြီး ၃၀-၄၀ ဒီဂရီစင်တီဂရိတ်ရှိပါက အပင်ဖြစ်ထွန်းစေရန် အသင့်တော်ဆုံးဖြစ်သည်။ အကယ်၍ မိမိစိုက်ပျိုးမည့်ဒေသသည် အဆိုပါရာသီဥတုမျိုး မဟုတ်ပါက မျိုးစေ့မထုတ်ဘဲ သစ်စိမ်းမြေဩဇာအတွက်သာ စိုက်ပျိုးသင့်ပါသည်။ ရေဆက်တိုက်မြုပ်ခြင်း၊ အကြီးအကျယ်ရေပေးသွင်းခြင်းကို ခံနိုင်ရည်မရှိပါ။

**မူရင်းဒေသ**

ပိုက်ဆံလျှော်၏ မူရင်းဒေသမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး သစ်စိမ်းမြေဩဇာ၊ ကျွဲ၊ နွား အစာနှင့် non-wood fiber crop အဖြစ် စိုက်ပျိုးလေ့ရှိကြသည်။ ဘရာဇီးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် မြေဆီလွှာထက်သန်ကောင်းမွန်စေရန် cover crop အဖြစ် စိုက်ပျိုးကြသည်။

**စိုက်ချိန်**

ရာသီအားလုံးတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။ မျိုးစေ့ထုတ်မည်ဆိုပါက မြန်မာနိုင်ငံ အထက်ပိုင်းဒေသတွင် မတ်လမှ ဧပြီလအတွင်း စိုက်ပျိုးသင့်ပြီး အောက်ပိုင်းဒေသများတွင် အောက်တိုဘာ၊ နိုဝင်ဘာလများတွင် စိုက်ပျိုးသင့်ပါသည်။

**မြေအမျိုးအစား**

မြေချဉ်ငံကိန်း ၅.၀- ၈.၅ ရှိသော မည်သည့်မြေအမျိုးအစားတွင်မဆို စိုက်ပျိုးနိုင်သည်။ နုန်းမြေတွင် အသင့်တော်ဆုံးဖြစ်သည်။ သို့ရာတွင် မြေဆီဩဇာညံ့ဖျင်းသည့် သဲဆန်သောမြေများတွင်လည်း အခြားသီးနှံများထက် ပိုက်ဆံလျှော်စိုက်ပျိုးခြင်းမှာ ပိုမိုသင့်တော်ပါသည်။

**မျိုးစေ့နှုန်းထား**

သစ်စိမ်းမြေဩဇာအတွက် စိုက်ပျိုးမည်ဆိုပါက တစ်ဧကလျှင် မျိုးစေ့ ၂ ကီလိုမှ ၄ ကီလိုဖြစ်ပြီး မျိုးစေ့ထုတ်ရန် ရည်ရွယ်ပါက တစ်ဧကလျှင် မျိုးစေ့ ၂ ကီလိုခန့်နှုန်း သုံးစွဲရမည်။ ကြဲပက်စိုက်ခင်းအတွက် တစ်ဧကလျှင် မျိုးစေ့ ၄၀ မှ ၆၀ ပေါင်အထိ အသုံးပြုကြပြီး အတန်းလိုက်စိုက်ပါက မျိုးစေ့ ၃၀ မှ ၅၀ပေါင်ခန့်သာ လိုအပ်မည်ဖြစ်ပါသည်။ မိမိစိုက်ပျိုးမည့်ဒေသသည် အအေးပိုင်းဒေသဖြစ်ပါက ကိုင်းဖြာထွက်မှုနည်းသောကြောင့် မျိုးစေ့နှုန်းကို ပိုမိုအသုံးပြုရန် လိုပါသည်။ မျိုးစေ့များကို မြေကြီးအနက် ၂ စင်တီမီတာမှ ၅ စင်တီမီတာခန့်အထိချ၍ စိုက်ပျိုးပါ။

**မျိုးစေ့လူးနယ်ခြင်း**

မျိုးစေ့များကို ရိုင်ဇိုဘီယမ် တစ်ဧကလျှင် နှစ်ထုပ်နှုန်းခန့် လူးနယ်၍ စိုက်ပါ။ ခါးရိမှု (Pythium sp)နှင့် အစောပိုင်းကာလ ပိုးမွှားကျရောက်မှုမှ ကာကွယ်နိုင်ရန် မျိုးစေ့များကို Cosmos (Fipronil) + Gaucho (Imidacloprid)တို့ဖြင့် လူးနယ်၍ စိုက်ပျိုးပါ။

**စိုက်စနစ်**

ကြဲပက်၍စိုက်ပျိုးနိုင်သလို အတန်းလိုက်လည်း စိုက်ပျိုးကြသည်။ တန်းကြား၊



ပင်ကြား အကွာအဝေးမှာ ၃၀ စင်တီမီတာမှ ၁၀ စင်တီမီတာဖြစ်ပြီး မျိုးစေ့ထုတ်ပါက တန်းကြား၊ ပင်ကြား အကွာအဝေးမှာ ၄၅-၂၀ စင်တီမီတာအကွာအဝေး စိုက်ပျိုးလေ့ရှိကြသည်။ စိုက်ပျိုးပြီးနောက် ရက် ၃၀ အတွင်း ရေတစ်ကြိမ်သာ ပေးသွင်းပါ။

**ရိတ်သိမ်းခြင်း**

သစ်စိမ်းမြေဩဇာအတွက် စိုက်ပျိုးပြီး ၄၅ ရက်မှ ၆၀ ရက်အတွင်း ထယ်ထိုး၍ ထွန်မွှေပါ။ မျိုးစေ့ထုတ်မည်ဆိုပါက စိုက်ပြီး ရက်ပေါင်း ၁၅၀ ခန့်မှ မျိုးစေ့ကို စုဆောင်းပါ။ သီးတောင့်လေးများသည် သားရေသားကဲ့သို့ဖြစ်လာပြီး ဖောင်းတင်းနေ၍ တက်ထရာဆိုက်ကလင်းကဲ့သို့သော ဆေးတောင့်အရွယ် ဖြစ်လာပါက ရိတ်သိမ်းချိန်ရောက်ရှိပြီဖြစ်ကြောင်း ခန့်မှန်းနိုင်သည်။ အလွယ်တကူသိနိုင်သောနည်းမှာ အပင်ကိုလှုပ်ကြည့်ပါက သီးတောင့်များမှ တတောက်တောက်မြည်သံကိုကြားရပါက မျိုးစေ့ယူရန် အကောင်းဆုံးအချိန်ဖြစ်ကြောင်း သိနိုင်ပါသည်။

ပိုက်ဆံလျှော်ပင်သည် ပန်းမပွင့်မီအချိန်ဖြစ်သည့် စိုက်ပျိုးပြီး(၄၀-၅၀) ရက်သားတွင် နိုက်ထရိုဂျင်ထုတ်လုပ်မှု အမြင့်ဆုံးဖြစ်ပြီး ပန်းပွင့်ပြီး မျိုးစေ့ဖွံ့ဖြိုးချိန်တွင် ထုတ်လုပ်မှုလျော့ကျစေပါသည်။ မှတ်တမ်းများအရ ပန်းစပွင့်ချိန်မှ ပန်းပွင့်ဖြိုင်ချိန်အတွင်း နိုက်ထရိုဂျင်ထုတ်လုပ်မှု အများဆုံးဖြစ်ကြောင်း သိရှိရသည်။ ပုံမှန်အားဖြင့်ဆိုရသော် မြေတစ်ဟက်တာတွင် ၁၀တန်ရှိသော ပိုက်ဆံလျှော် biomass သည် နိုက်ထရိုဂျင် ပမာဏ ၁၅၀ ကီလိုဂရမ်အထက်ထုတ်ပေးကြောင်း မှတ်တမ်းများအရ သိရှိရသည်။

**အထွက်နှုန်း**

သစ်စိမ်းမြေဩဇာပြုလုပ်ပါက တစ်ဟက်တာတွင် ၁၃ တန်မှ ၁၅ တန် (တစ်ဧကလျှင် ၅ တန်မှ ၆ တန်)အထိ ထွက်ရှိနိုင်ပြီး မျိုးစေ့ယူပါက တစ်ဟက်တာတွင် ၄၀၀ ကီလိုဂရမ် (တစ်ဧကတွင် ၁၆၂ ကီလိုဂရမ်) နှုန်းခန့် ထွက်ရှိနိုင်ပါသည်။ ရာသီဥတုအခြေအနေပေးပါက စိုက်ပျိုးပြီး ၈ ပတ်မှ ၁၂ ပတ်အတွင်း တစ်ဧကလျှင် နိုက်ထရိုဂျင်ပေါင် ၁၀၀ အထက်နှင့် biomass ပေါင် ၅၀၀၀ မှ ၆၀၀၀ ခန့် အထိ ထုတ်ပေးနိုင်သည်ဟုလည်း မှတ်တမ်းများအရ သိရှိရပါသည်။

ပုံမှန်အားဖြင့် ပိုက်ဆံလျှော်ပင်သည် ရောဂါ၊ ပိုးမွှား ကျရောက်မှုနည်းသည့်အတွက် ပိုးသတ်ဆေးပက်ဖျန်းရန် မလိုပါ။ တောက်ပသော အဝါရောင်ပန်းပွင့်များကြောင့် မိတ်ဆွေပိုးဖြစ်သည့် ပျား၊ နဂျီများကို ဆွဲဆောင်စေနိုင်သည့်အတွက် ပိုးမွှားများအန္တရာယ်ကို ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းပြီးသား ဖြစ်စေသည်။ အကယ်၍ ဆိုးရွားစွာ ပိုးကျပါက ကျရောက်သည့်ပိုးအမျိုးအစားအပေါ် မူတည်၍ ကလိုပိုင်ရီဖော့စ်၊ ဆိုက်ပါမီသရင်း၊ အိုမီသိုရိတ် အစရှိသည့် ပိုးသတ်ဆေးများကို ပက်ဖျန်းနိုင်ပါသည်။

စိုက်ပျိုးသည့်အပင်များကြီးထွားဖွံ့ဖြိုးစေရန် ဓာတ်မြေဩဇာများကို နှစ်စဉ်ဆက်တိုက် လွန်ကဲစွာအသုံးပြုပါက သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်ပေါ်လာခြင်း၊ မြေဆီလွှာ၏ ရုပ်ပိုင်း၊ ဓာတုပိုင်းနှင့် ဇီဝပိုင်းဆိုင်ရာ ဂုဏ်သတ္တိများ ထိခိုက်ပျက်စီးလာခြင်းတို့အပြင် ဓာတုဓာတ်ကြွင်းများကြောင့် စားနပ်ရိက္ခာလုံခြုံမှု (Food Safety)ကို ထိခိုက်လာခြင်းမှ လူသားနှင့် သက်ရှိသတ္တဝါများ အဆိပ်သင့်ခံရပြီး အသက်အန္တရာယ် ဆုံးရှုံးခြင်းတို့အထိ ဖြစ်ပေါ်စေနိုင်ပါသည်။ အဆိုပါပြဿနာများကို ကျော်လွှားနိုင်ရန် သက်တမ်းတိုတိုအတွင်း ကြီးထွားမှုမြန်ဆန်ပြီး နိုက်ထရိုဂျင်ပမာဏများစွာထုတ်ပေးနိုင်သော ပိုက်ဆံလျှော်ပင်ကို နှံစားနှင့် အခြားသီးနှံများ မစိုက်ပျိုးမီ သစ်စိမ်းမြေဩဇာအဖြစ် စိုက်ပျိုးပါက မိမိတို့စိုက်ပျိုးမည့် သီးနှံအတွက် လိုအပ်သော နိုက်ထရိုဂျင်ဓာတ်ကို လွယ်ကူလျင်မြန်စွာ ရရှိစေမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ဤကဲ့သို့ အကျိုးများလှသည့် ပိုက်ဆံလျှော်ပင်ကို တောင်သူများအနေဖြင့် မဖြစ်မနေ စိုက်ပျိုးကြပါရန် အကြံပြုတိုက်တွန်းလိုက်ရပေသည်။ ။

## စိုက်ပျိုးရေးသုတေသန ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**နေပြည်တော် မေ ၁၄**

စိုက်ပျိုးရေးသုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရေဆင်း)၌ မေ ၁၂ ရက်မှ ၁၄ ရက်အထိ သုံးရက်တိုင် ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အစိုးရသစ်လက်ထက်တွင် ချမှတ်ထားသည့် နိုင်ငံတော်၏စီးပွားရေးမူဝါဒများမှ ‘နိုင်ငံသားအားလုံးပါဝင်နိုင်ပြီး၊ တီထွင်ဆန်းသစ်မှုနှင့် ကြိုးပမ်းအားထုတ်မှုများဖြင့် တိုးတက်မှု ရလဒ်ကောင်းများကို အစဉ်အဆက်ရယူထိန်းသိမ်းနိုင်မည့် စီးပွားရေးစနစ် တစ်ခုအဖြစ်ထူထောင်ရန်’ ဆိုသည့် အချက်သည် နိုင်ငံတော်၏ရည်ရွယ်ချက်တစ်ခုအနေဖြင့် ပါဝင်နေသည့်အတွက်ကြောင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်မည့်အခြေခံအချက်တစ်ချက်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးက စိုက်ပျိုးရေးသုတေသန ရလဒ်များကို တောင်သူများ လက်တွေ့အသုံးချနိုင်ရေးနှင့် တောင်သူများအတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့် သုတေသနများဖြစ်ရန် အလွန်အရေးကြီးကြောင်း၊ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍနှင့် ပတ်သက်၍ အရေးပါသော သုတေသနလုပ်ငန်းများကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ဆောင်ရွက်ပေးရင်း ရရှိလာသည့် သုတေသနရလဒ်များကို တောင်သူလယ်သမားများ လက်တွေ့အသုံးချနိုင်စေရန် ဆက်စပ်ဌာနများဖြစ်သည့် စိုက်ပျိုးရေး ဦးစီးဌာနအပြင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့်အတူ တောင်သူနယ်ပယ်အထိ ရောက်အောင် ဆောင်ရွက်နိုင်မှသာ သုတေသနပြုခြင်းမှရရှိလာသည့် ရလဒ်များသည် အကျိုးရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့ တောင်သူများကြုံတွေ့နေရသည့် လိုအပ်ချက်များကို အခြေခံပြီး သုတေသနပြုလုပ်နိုင်ရန်အတွက် တောင်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် စိုက်ပျိုးပညာပေးရေးဝန်ထမ်းများကလည်း တောင်သူလယ်သမားများ၏ အခက်အခဲနှင့် စိန်ခေါ်မှုများကို သုတေသနနယ်ပယ်သို့ရောက်ရှိအောင် ပို့ဆောင်ပေးနိုင် ရေးသည်လည်း အလွန်အရေးကြီးကြောင်း၊ သုတေသနပညာရှင်များကလည်း တောင်သူများထံသွားပြီး မိမိတို့ သုတေသနပြု ရှာဖွေတွေ့ရှိထားသည့် ရလဒ်များကို တောင်သူများ ယုံယုံကြည်ကြည် လိုက်နာအောင် ဆောင်ရွက်ပေးသွားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက မျိုးသစ်ထုတ်လုပ်မှုတွင် သုတေသနစွမ်းဆောင်ရည်ဆုရရှိသော ရေမြုပ်ခံ(၃) စပါးမျိုး၊ ရေဆင်းဂျုံဖြူ(၁၁)၊ ရေဆင်းမတ်ပဲ(၇)နှင့် ဆင်းရတနာ(၁၄)နှမ်းနက်၊ စိုက်နည်းစနစ်တွင် သုတေသနစွမ်းဆောင်ရည်ဆုရရှိသော ရေစိုတစ်လှည့် ခြောက်တစ်ခါ၊ ရေထိန်းစနစ် စသည့် သုတေသနရလဒ်များအတွက် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## တပ်ကုန်းမြို့နယ်မှ ရေသွင်းငရုတ်စိုက်ပျိုးသူများ ယခုနှစ်ဈေးကောင်းရရှိရန် မျှော်လင့်နေ

**နေပြည်တော် မေ ၁၄**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ယခုနှစ် ရေသွင်းငရုတ်စိုက်ပျိုးထားသူများ အပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ အစောပိုင်းဈေးကွက်မိပြီး ဈေးကောင်းရရှိရန် မျှော်လင့်လျက်ရှိကြောင်း ငရုတ်စိုက်တောင်သူအချို့ထံမှ သိရသည်။

ပုံမှန်အားဖြင့် ငရုတ်ကို မိုးဖြိုင်ဖြိုင်ကျသည့်အချိန်မှသာ အဓိက စိုက်ပျိုးကြခြင်းဖြစ်ရာ ပုံမှန်အချိန်ထက်စောပြီး ရေသွင်းစိုက်ပျိုးခြင်းဖြင့် ဈေးကွက်သို့ အချိန်စော၍ တင်ပို့နိုင်မည့်အပြင် ဈေးကောင်းလည်းရလေ့ရှိကြောင်း သိရသည်။

ရေသွင်းငရုတ်စိုက်ပျိုးသူတစ်ဦးဖြစ်သည့် နေပြည်တော်တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာမှ ဦးခင်မောင်ညွန့်က “ကျွန်တော်တို့အနေနဲ့ ငရုတ်ကို ပုံမှန်အားဖြင့် မိုးတွင်းကာလဖြစ်တဲ့ ကဆုန်၊ နယုန်လလောက်မှာ စိုက်ပျိုးလေ့ရှိပါတယ်။ အခုကတော့ ကျွန်တော်တို့ဒီဘက်မှာ ငရုတ်တွေကို တန်ခူးလလောက်ကတည်းကစပြီးတော့ ကိုယ်ပိုင် တစ်နိုင်တစ်ပိုင်ရေတွင်းတွေတူးပြီး ရေသွင်းစိုက်ပျိုးလာတာ ပိုပြီးကျယ်ပြန့်လာတယ်။ အခုလို စောစောရေသွင်းစိုက်ပျိုးလိုက်ခြင်းဖြင့် ဈေးကွက်လည်း စောစောမိပြီး ဈေးကောင်းလည်းရရှိပါတယ်။ အဓိကကတော့ ရာသီပေါ် ရာသီအမီ စိုက်တာဖြစ်တယ်။ ကျွန်တော်တို့အနေနဲ့ ဈေးကွက်ကို စောစောမီချင်တော့ အခုလို အပင်ပန်းခံပြီး ရေတင်စနစ်နဲ့ စိုက်ပျိုးလိုက်တာပါ။ အခုနှစ်တော့ ဈေးနှုန်းလည်း ယခင်နှစ်ကထက် ပိုကောင်းလိမ့်မယ်လို့ မျှော်လင့်ပါတယ်”ဟု ပြောသည်။

ရေသွင်းငရုတ်စိုက်ပျိုးရာတွင် ထယ်ရေးညက်ညက်ပြုလုပ်ထားသည့် မြေကွက်လပ်ပေါ်၌ အကျယ် နှစ်တောင်ထွာထားကာ လေးကွက်ထွန်စမ်းပေးပြီး စိုက်ပျိုးရကြောင်း၊ ငရုတ်မစိုက်မီ တစ်လခန့် အချိန်ယူပြီး ကြိုတင်ပျိုးထောင်ထားရကြောင်း၊ တစ်လသား အရွယ်အပင် အနည်းငယ်ကြီးလာသည့်အချိန်တွင် အသင့်ပြုလုပ်ထားသည့် လေးကွက်ကျားထွန်စမ်းပေါ်တွင် ရေသွင်းစိုက်ပျိုးရခြင်းဖြစ်ကြောင်း သိရသည်။

“မျိုးဖောက်တဲ့အချိန်မှာ အထုပ်ကလေးနဲ့ဖောက်ပြီး တစ်လသားအရွယ်ကြီးလာတော့ အထုပ်ကလေးတွေကို ရွှေ့စိုက်ပြီး ရေတင်ပေးလိုက်တယ်။ ငရုတ်မျိုးကတော့ စိုက်ပျိုးရေးကုမ္ပဏီတွေဆီကနေ တစ်ထုပ်ကို ငွေကျပ် ၃၀၀၀ လောက် ပေးဝယ်ရတယ်။ မျိုးစေ့ကတော့ တစ်ထုပ်ကို ၅၀၀၊ ၆၀၀ လောက်အထိတော့ ပါတယ်။ ကျွန်တော့်အနေနဲ့ တစ်ဧကကျော်လောက် စိုက်ပျိုးထားတယ်။ အခု ရေသွင်းစိုက်ပျိုးတဲ့ငရုတ်က အစိမ်းစားရတဲ့အသီး ဖြစ်တဲ့အတွက် တန်ခူးလက စတင်စိုက်ပျိုးတော့ လေးလလောက်ကြာပြီဆိုရင် ကျွန်တော်တို့ စတင်ဆွတ်လို့ရပါပြီ။ နှစ်ရက်တစ်ခါလောက် ဆွတ်ရပါတယ်။ စိုက်ပျိုးတဲ့အခါမှာ တစ်ဧကို ကျင်းရေ ၄၀၀၀ လောက် စိုက်ပျိုးတယ်။ မျိုးစေ့အထုပ်ရေကတော့ တစ်ဧကဆို ရှစ်ထုပ်ကနေ ကိုးထုပ်လောက်အထိ ကုန်တယ်။ ရေသွင်းတာကတော့ စိုက်ပျိုးပြီးတဲ့အချိန်ကနေ မိုးဖြိုင်ဖြိုင်မရွာမချင်း ရေလောင်းပေးရတယ်။ တကယ်တော့ ငရုတ်ကလည်း အရင်းကတော့ မသေးပါဘူး။ အမြတ်ရချင်တော့ ဒီလိုပဲ ရင်းနှီးမြှုပ်နှံပြီး စိုက်ပျိုးရတယ်”ဟု ငရုတ်စိုက်ပျိုးပုံကို ဦးခင်မောင်ညွန့်က ရှင်းပြသည်။

ယခုအခါတွင် ဈေးကွက်အလိုအရ ရေသွင်းငရုတ်ကို သပြေချောင်းကျေးရွာ အုပ်စုအပြင် တပ်ကုန်းမြို့နယ်အတွင်း ကျေးရွာအုပ်စု အတော်များများတွင် ပို၍ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာသည့်အတွက် စိုက်ပျိုးသည့်လူဦးရေ တစ်နှစ်ထက်တစ်နှစ် တိုးလာသလို ငရုတ်ဆွတ်ခူးရာတွင် လုပ်အားခအရင်းများကလည်း တက်လာသည့်အတွက် ဈေးကောင်းရမှသာ ပိုပြီးတွက်ခြေကိုက်ကြောင်း သိရသည်။

တပ်ကုန်းမြို့နယ်မှ ငရုတ်စိုက်တောင်သူတစ်ဦးဖြစ်သူ ဦးအောင်မြင့်က “ဒီနှစ်တော့ စိုက်ပျိုးသူဦးရေ အရင်နှစ်ကထက် ပိုများလာတယ်။ လုပ်အားခေါ်ရတယ်။ လုပ်အားခကလည်း နည်းရင် ခေါ်မရဘူး။ အရင်ကတော့ လုပ်အားခက တစ်နေကုန်မှ ငွေကျပ် ၂၀၀၀ ပဲပေးရတာ။ အခုဆို လူတစ်ဦးကို တစ်နေ့ခေါ်ရင် ငွေကျပ် ၃၀၀၀ အထိ ပေးရတယ်။ အသီးဆွတ်တဲ့အခါမှာလည်း တစ်ဦးကို တစ်နေကုန် ပိဿာချိန် ၂၀ ဝန်းကျင်ရတယ်။ တစ်ဧကဆိုရင် လုပ်အားခအနေနဲ့ လူဦးရေ ၂၀ လောက်အထိ ခေါ်ယူရတော့ လုပ်အားခတင် ငါးသောင်းကျော် ခြောက်သောင်းဝန်းကျင်အထိ ကုန်ကျတော့ ကုန်ကျစရိတ်က တစ်ဧကကို အရင်းအနှီးတင် သုံး၊ လေးသိန်း ရင်းရတယ်”ဟု ပြောသည်။

ငရုတ်ဈေးကွက်အခြေအနေနှင့်ပတ်သက်ပြီး ဦးခင်မောင်ညွန့်က ဈေးကွက်ကတော့ ပုံမှန်တော့မရှိဘူး။ အထွက်ဖြိုင်လာရင်တော့ ဈေးကကျသွားတယ်။ ဈေးကွက်ကလည်း အရင်နှစ်ကတော့ တစ်ပိဿာကို ကျပ် ၁၁၀၀ မှ ၁၂၀၀ အထိ ဈေးရတယ်။ ပြီးခဲ့တဲ့နှစ်က အစောပိုင်းမှာ ကျပ် ၁၁၀၀ မှ ၁၂၀၀ အထိ ရောင်းချခဲ့ရတယ်။ နောက်ပိုင်း ငရုတ်သီးကတော့ ဖြိုင်ဖြိုင်ပေါ်လာတော့ ကျပ် ၃၀၀ မှ ၅၀၀ ဝန်းကျင်လောက်ပဲ ရောင်းရတယ်။ အဲ့ဒီဈေးအထိ ရောင်းရပြီဆိုရင် လုပ်အားနဲ့ အရင်းအနှီးတွေ ဆုံးရှုံးတယ်။ ပုံမှန်ဈေးကွက်အရဆိုရင် နောက်ပိုင်းမှစိုက်ပျိုးတဲ့သူတွေကတော့ အရှုံးပေါ်တာများတယ်။ ကျွန်တော်တို့အနေနဲ့ အခုလို ရေနဲ့တင်ပြီး အပင်ပန်းခံစိုက်တယ်ဆိုတာက အဓိကကတော့ ဈေးကွက်ကလေးကိုမျှော်မှန်းပြီး စောစောစိုက်ပျိုးထားတာဖြစ်တဲ့အတွက် ဒီနှစ်မှာလည်း ငရုတ်တစ်ပိဿာကို ကျပ် ၁၅၀၀ ဝန်းကျင်အထိ ရောင်းချရရင် တွက်ခြေကိုက်တဲ့အတွက် အပင်ပန်းခံရကျိုးနပ်ပါပြီဟု ဆိုသည်။

**သတင်း- မောင်လွင်(တပ်ကုန်း)၊ ဓာတ်ပုံ-မောင်မွှေး**



# အိုင်းယက်စ်၊ မန်ယူနှင့် ဒေါလ်ဘတ်တို့သည် . . .

**— မိုးမြင့်လင်းလက် —**



၂၀၁၆-၂၀၁၇ ဘောလုံးရာသီကုန်ဆုံးချိန်မှာ ဥရောပဖလားရော ပြည်တွင်းလိဂ်တွေမှာပါ ဖလားရယူဆွတ်ခူးနိုင်ရေး ထိပ်တန်းအသင်းတွေ အပြိုင်အဆိုင်ကြိုးစားနေချိန်မှာ တစ်ဖက်မှာလည်း လာမယ့်ဘောလုံးရာသီအတွက် ဘောလုံးသမားအသစ်တွေ ဝယ်ယူဖြည့်တင်းရေးကို အခုကတည်းက ဇယားချပြီး ပြင်ဆင်နေကြပြီဖြစ်ပါတယ်။ ထိပ်တန်းအသင်းကြီးတွေဟာ အထူးသဖြင့် ငယ်ရွယ်ပြီး ခြေစွမ်းထက်မြက်တဲ့ လူငယ်ဘောလုံးသမားတွေကို ငွေပုံအောပြီး ဝယ်ယူဖြည့်ဆည်းလာကြတာမို့ အခုဆိုရင် ဥရောပတစ်လွှားက လူငယ်ခြေတက်တွေကို ခေါ်ယူဖို့ စတင်ကြိုးစားနေကြပြီဖြစ်ပါတယ်။ အဲဒီ လူငယ်ခြေတက်တွေထဲမှာ အတောက်ပဆုံးဖြစ်နေတာကတော့ အိုင်းယက်စ်အသင်းက လူငယ်တိုက်စစ်မှူး ကတ်စပါဒေါလ်ဘတ်ပဲ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ နယ်သာလန်ကလပ် အိုင်းယက်စ်အသင်းမှာ ကစားနေတဲ့ ကတ်စပါ ဒေါလ်ဘတ်ဟာ ၁၉၉၇ ခုနှစ် အောက်တိုဘာ ၆ ရက်မှာ မွေးဖွားခဲ့တာမို့ အခုဆိုရင် အသက် ၁၉ နှစ်ပဲ ရှိပါသေးတယ်။ လူငယ်ရှေ့တန်းတိုက်စစ်မှူးဖြစ်တဲ့ ဒေါလ်ဘတ်ဟာ ဒိန်းမတ်နိုင်ငံသားတစ်ဦးဖြစ်ပြီး ဘောလုံးစတင် ကစားကတည်းက ထူးခြားတဲ့ခြေစွမ်းကို ပြသနိုင်ခဲ့သူဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်မှာ ဒိန်းမတ် ယူ-၁၆ အသင်းမှာ ပါဝင်ကစားခဲ့ပြီး ခုနစ်ပွဲကစားခဲ့ရာမှာ တစ်ဂိုးသာသွင်းယူနိုင်ခဲ့ပေမယ့် ၂၀၁၃-၂၀၁၄ မှာတော့ ဒိန်းမတ် ယူ-၁၇ အသင်းနဲ့အတူ ရှစ်ပွဲကစားခဲ့ရာမှာ ငါးဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် ၂၀၁၅ ခုနှစ်မှာ ဒိန်းမတ် ယူ-၁၉ အသင်းမှာ ပါဝင်ကစားခဲ့ပြီး ရှစ်ပွဲမှာ နှစ်ဂိုးသွင်းယူနိုင်ခဲ့သလို ၂၀၁၆ ခုနှစ်မှာ ယူ-၁၆ အသင်းနဲ့ တစ်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။

ဒေါလ်ဘတ်ဟာ ၂၀၁၅ ခုနှစ် မေ ၁၇ ရက်မှာ ဒိန်းမတ် စူပါလီဂါကလပ်ဖြစ်တဲ့ ဆိုက်ဘတ်အိုင်ဘက်ဖ်အသင်းမှာ ကစားခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၅ ရက်မှာတော့ အိုင်းယက်စ်အသင်းကို ပြောင်းရွှေ့လာခဲ့တာ ဖြစ်ပါတယ်။ ဒေါလ်ဘတ်ရဲ့ပထမဆုံး ဥရောပပွဲစဉ် ဂိုးသွင်းယူမှုအဖြစ် ၂၀၁၆ ဇူလိုင် ၂၆ ရက်မှာ အိုင်းယက်စ်နဲ့ PAOKတို့ရဲ့ချန်ပီယံလိဂ် ခြေစစ်ပွဲမှာ အိုင်းယက်စ်အတွက် ဂိုးစတင်သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် အိုင်းယက်စ်နဲ့ NECအသင်းတို့ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှာ ကစားခဲ့တဲ့ပွဲမှာ ဒေါလ်ဘတ်က သူ့ရဲ့ပထမဆုံးဟက်ထရစ်ကို အိုင်းယက်စ်အတွက် သွင်းယူပေးနိုင်ခဲ့ပါတယ်။

ဒေါလ်ဘတ်ဟာ အိုင်းယက်စ်နဲ့ ကိုပင်ဟေဂင်တို့ ကစားခဲ့တဲ့ ဒီနှစ်ယူရိုပါလိဂ် ၁၆ သင်းအဆင့်ပွဲစဉ်မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနေချိန်မှာ ပွဲပြီးခါနီးမှာ တစ်ဂိုးသွင်းယူနိုင်ခဲ့တာမို့ သရေပွဲဖြစ်ပြီး တစ်မှတ်ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အိုင်းယက်စ်ရဲ့ ဒီနှစ်အောင်မြင်မှုတွေမှာ ဒေါလ်ဘတ်ရဲ့ အားထုတ်မှုတွေကလည်း အထောက်အကူပြုနိုင်ခဲ့ပါတယ်။

ဒေါလ်ဘတ်ဟာ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီမှာ အိုင်းယက်စ်အသင်းနဲ့အတူ အခုအချိန်အထိ စုစုပေါင်း ၂၈ ပွဲ ကစားခဲ့ရာမှာ ၁၅ ဂိုးသွင်းယူနိုင်ခဲ့ပြီး ကစားဖော်တွေ ဂိုးသွင်းနိုင်အောင် ဖန်တီးပေးမှု ခုနစ်ကြိမ် ကူညီပေးနိုင်ခဲ့ပါတယ်။ အခုဆိုရင် ဒိန်းမတ်ရဲ့ ၂၀၁၆ ခုနှစ် တစ်နှစ်တာ အထူးချွန်ဆုံး ကစားသမားဆု ရရှိခဲ့ပြီးဖြစ်သလို အိုင်းယက်စ်အသင်းရဲ့ ၂၀၁၇ ခုနှစ် အထူးချွန်ဆုံး ကစားသမားဆုလည်း ရရှိထားပါတယ်။

အခုဆိုရင် မန်ယူနည်းပြ မော်ရင်ဟိုဟာ ဒေါလ်ဘတ်ကို ခေါ်ယူဖို့အတွက် အိုင်းယက်စ်အသင်းကို ကမ်းလှမ်းနေပြီဖြစ်ပါတယ်။ လာမယ့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလမှာ ဒေါလ်ဘတ်ကို အိုးထရက်ဖို့ဒ် အရောက်ခေါ်ယူနိုင်ရေး စတင်ကြိုးစားနေပြီလို့ ဆိုပါတယ်။ ဒါပေမယ့် ဒေါလ်ဘတ်ကတော့ ပရီမီယာလိဂ်မှာ ကစားဖို့ အသင့်အနေအထားမရှိသေးဘူးလို့ဆိုထားပြီး သူ့ရဲ့အိပ်မက်ဟာဘာစီလိုနာဖြစ်တယ်လို့လည်း ပြောထားပါတယ်။

ဒ့ါအပြင် မန်စီးတီးအသင်းကလည်း လာမယ့်အပြောင်းအရွှေ့ကာလမှာ ဒေါလ်ဘတ်ကို ခေါ်ယူနိုင်ရေး အစီအစဉ်ရှိနေတာမို့ တာဝန်ရှိသူတွေ စတင်ကြိုးစားနေတယ်လို့ ဆိုပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီနှစ်ယူရိုပါလိဂ်ဖလား နောက်ဆုံးဗိုလ်လုပွဲမှာ မန်ယူနဲ့ အိုင်းယက်စ်တို့ ဆုံတွေ့ကြမှာမို့ ဒေါလ်ဘတ် ပါဝင်ကစားမှု ရှိမရှိနဲ့ ပါဝင်ကစားခဲ့ရင် သူ့ရဲ့ခြေစွမ်းကို စောင့်ကြည့်ရတော့မှာပဲ ဖြစ်ပါတယ်။



## ယူရိုပါလိဂ်ဖလားမရရင် ကျရှုံးမှုကို လက်ခံမယ်ဆိုတဲ့ မော်ရင်ဟို

ဆဲလ်တာဗီဂိုအသင်းကိုနိုင်ပြီး ယူရိုပါလိဂ် ဗိုလ်လုပွဲတက်သွားတဲ့ မန်ယူအသင်းအနေနဲ့ ယူရိုပါလိဂ်ဖလားကို မရခဲ့ဘူးဆိုရင် ဒီနှစ်ရာသီအတွက် ကျရှုံးတဲ့အသင်းအဖြစ် လက်ခံသွားမယ်လို့ နည်းပြမော်ရင်ဟိုက ပြောဆိုလိုက်ပါတယ်။ မန်ယူအသင်းဟာ အိုင်းယက်စ်အသင်းနဲ့ ယူရိုပါလိဂ်ဗိုလ်လုပွဲကို စတော့ဟုမ်းမြို့မှာ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ မန်ယူအသင်းဟာ ဒီနှစ်ရာသီမှာ ပရီမီယာလိဂ်ဖလားနဲ့ လွဲချော်ခဲ့ရပေမယ့် ကွန်မြူနတီဒိုင်း၊ EFL ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ သို့ပေမယ့် ယူရိုပါလိဂ်ဖလားအနိုင်ရမှုကိုသာ လိုလားတယ်လို့ မော်ရင်ဟိုက ဆိုပါတယ်။ မန်ယူကို သူကိုင်တွယ်တဲ့ ပထမနှစ်အတွင်းမှာ ယူရိုပါလိဂ်ဖလားရဖို့ဟာ အဓိကရည်မှန်းချက်တစ်ခု ဖြစ်တယ်လို့ ဆိုပါတယ်။ ယူရိုပါလိဂ်ဖလားဆွတ်ခူးနိုင်မှသာ ဒီနှစ်ရာသီမှာ အောင်မြင်တဲ့အသင်းအဖြစ် သတ်မှတ်ချင်တယ်လို့ သူက ဆိုပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## ချယ်လ်ဆီးအတွက် ဖလားယူ ဂိုးသွင်းပေးခဲ့တဲ့ ဘတ်ရှူအာရီ

မီချူးဘတ်ရှူအာရီဟာ ချယ်လ်ဆီးအသင်းအတွက် တစ်လုံးတည်းသော ဖလားယူတဲ့ဂိုးကို သွင်းယူပေးခဲ့ပါတယ်။ ဝက်စ်ဘရွန်းနဲ့ ကစားခဲ့တဲ့ပွဲမှာ တစ်လုံးတည်းသော အနိုင်ဂိုးကို ဘတ်ရှူအာရီက အရန်လူအဖြစ် ဝင်ရောက်ကစားပြီး ခြောက်မိနစ်အတွင်းမှာ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ သူ့ကို ချယ်လ်ဆီးက ပြီးခဲ့တဲ့ နွေရာသီက ပြင်သစ်ကလပ် မာဆေးမှ ပေါင်သန်း ၃၀ နဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းက ဒီအနိုင်ပွဲကြောင့် ပွဲမကုန်မီ နှစ်ပွဲအလိုမှာ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးသွားခဲ့ပါတယ်။ ဘယ်လ်ဂျီယံနိုင်ငံသား ဘတ်ရှူအာရီဟာ ချယ်လ်ဆီးအသင်းအတွက် တောက်ပလာမယ့် ကြယ်တစ်ပွင့်အဖြစ် တွေ့ရပါမယ်။ ဒီနှစ် ချယ်လ်ဆီးအသင်းကို ဖလားရအောင် အဓိကစွမ်းဆောင်ခဲ့သူတွေကတော့ ဟာဇတ်၊ ကန်တီနဲ့ ကော်စတာတို့ဖြစ်တယ်လို့ ဆိုပါတယ်။ ဝါရင့် နောက်တန်းကစားသမားကြီး ဂျွန်တယ်ရီကတော့ ပရီမီယာလိဂ်ဖလားနဲ့အတူ နှုတ်ဆက်ခဲ့ပါတယ်။ သူဟာ ဒီနှစ်ရာသီအကုန်မှာ ချယ်လ်ဆီးမှ ထွက်ခွာသွားတော့မှာ ဖြစ်ပါတယ်။







## တစ်လတာအကောင်းဆုံးဆု ဒုတိယအကြိမ်ရခဲ့တဲ့ မက်ဆီ

ပြီးခဲ့တဲ့ ဧပြီလအတွင်းမှာ ဘာစီလိုနာအတွက် ခြောက်ပွဲကစားပြီး ရှစ်ဂိုးသွင်းယူခဲ့တဲ့ တိုက်စစ်မှူး မက်ဆီကို စပိန်လာလီဂါရဲ့တစ်လတာအကောင်းဆုံးဆု ချီးမြှင့်ခဲ့ပါတယ်။ မက်ဆီဟာ ရီးရဲမက်ဒရစ်ကို အနိုင်ရတဲ့ပွဲအပါအဝင် လွန်ခဲ့တဲ့ ခြောက်ပွဲမှာ ရှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ဒီရလဒ်တွေကြောင့် ဘာစီလိုနာဟာ လာလီဂါဖလားမျှော်လင့်ချက်ကို ဆက်လက်ထိန်းထားနိုင်ဆဲဖြစ်ပါတယ်။

၂၀၁၃ ခုနှစ်ကတည်းက ဒီတစ်လတာအကောင်းဆုံးဆုတွေကို ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်ကစားသမားတွေက တစ်လှည့်စီ ဆွတ်ခူးခဲ့ကြတာဖြစ်ပါတယ်။ မက်ဆီဟာ ဒီတစ်လတာအကောင်းဆုံးဆုကို သူ့ရဲ့ဘောလုံးသမားသက်တမ်းတစ်လျှောက် နှစ်ကြိမ်သာ ဆွတ်ခူးခဲ့ဖူးတယ်လို့ ဆိုပါတယ်။ ပထမဆုံးအကြိမ် တစ်လတာ အကောင်းဆုံးဆုကိုတော့ ၂၀၁၆ ဇန်နဝါရီလက ဆွတ်ခူးခဲ့တာဖြစ်ပါတယ်။ သူဟာ အခုတစ်ကြိမ်ဆုထပ်ရတဲ့အတွက် ရီးရဲမက်ဒရစ်က စီရိုနယ်ဒိုနဲ့ ဆုရတဲ့အကြိမ်ချင်း တူသွားခဲ့ပါတယ်။

# ကမ်းနားလမ်း ညဈေးတန်းတွင် ဆိုင်မဖွင့်လျှင် ဆိုင်ခန်းနေရာပြန်သိမ်းမည်ဟု သတင်းထွက်ပေါ်နေ

**ရန်ကုန် မေ ၁၄**

ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၂၃ ရက် ညမှစ၍ ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့သော ကမ်းနားလမ်းညဈေးတန်းတွင် ဆိုင်ခန်းနေရာရထားပြီး ဆိုင်မဖွင့်သည့်ဈေးသည်များအား ဆိုင်ခန်းနေရာများကို ပြန်လည်သိမ်းမည်ဟု စည်ပင်ဝန်ထမ်းများထံမှ သိရကြောင်း ဈေးရောင်းချနေသည့် ဈေးသည်များက ဆိုသည်။

မေ ၁၁ ရက် ညပိုင်းက ဈေးသည်များထံမှ သန့်ရှင်းရေး၊ ရေနှင့် လျှပ်စစ်မီးဝန်ဆောင်ခများ လာရောက်ကောက်ခံသည့် စည်ပင်ဝန်ထမ်းများက ဈေးသည်များအား အသိပေးသွားခြင်းဖြစ်ကြောင်း ညဈေးတန်း ဆိုင်ခန်းနေရာ ၅၆၇(ခ) တွင် ဈေးရောင်းသူ ကိုနေဝင်းက ပြောသည်။

ညဈေးတန်းရှိ ဆိုင်ခန်းများ၏ မေလအတွက် သန့်ရှင်းရေးနှင့် ရေဝန်ဆောင်ခ၊ လျှပ်စစ်မီးသုံးခများကို မေ ၁၀ ရက်တွင် ကောက်ခံပြီးနောက် ဆိုင်မဖွင့်၊ ငွေမသွင်းသည့် ဆိုင်ရှင်များကို ဆိုင်နေရာပြန်သိမ်းမည်ဟု ကြိုတင်အသိပေးထားသော်လည်း မေ ၁၀ ရက်မှာ ကဆုန်လပြည့် ပိတ်ရက်ဖြစ်၍ မေ ၁၁ ရက်တွင်မှ ငွေလာရောက်ကောက်ခံခဲ့ပြီး အရေးယူရန်အတွက်လည်း ဖြေလျှော့မှုအနေဖြင့် ရက်တိုးကာ မေ ၁၇ ရက်တွင်မှ ညဈေးတန်းနေရာရပြီး ရောင်းချခြင်းမပြုသည့် ဈေးသည်များကို ဆိုင်ခန်းပြန်သိမ်းမည်ဟု သိရသည်။ ယင်းနေ့အထိ ရောင်းချခြင်းမရှိပါက ဈေးရောင်းချခွင့်ရုပ်သိမ်းမည်ဟု ရေးသားအသိပေးထားသော ဗီနိုင်းကိုလည်း မော်တင်ခုံးကျော်တံတားဘေး လမ်းမီးတိုင်တွင် ချိတ်ဆွဲထားသည်ကို မြင်တွေ့ရသည်။

ဆိုင်ခန်းနေရာရပြီး ဈေးရောင်းချခြင်း မရှိသူများကို ဆိုင်ခန်းပြန်သိမ်းမည်ဖြစ်၍ ကတ်ပြားရှိပြီး ဆိုင်ဖွင့်ရောင်းချခြင်းမရှိသည့် ဈေးဆိုင်များအနေဖြင့် ဧပြီ ၂၈ ရက် နောက်ဆုံးထား ဖွင့်လှစ်ရန် စတင်အသိပေး အကြောင်းကြားထားပြီး ထိုမှ လူမှုရေးငဲ့ညှာသောအားဖြင့် မေ ၁၀ ရက်အထိ ထပ်မံတိုးမြှင့်သတ်မှတ်ပေးခဲ့ကာ မေ ၁၀ ရက်တွင် ထပ်မံ၍ မေ ၁၇ ရက်အထိ တိုးမြှင့်သတ်မှတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကမ်းနားလမ်း ညဈေးတန်း စတင်ဖွင့်လှစ်ချိန်က ရန်ကုန်မြို့လယ် မြို့နယ်လေးခုအတွင်း လမ်းဘေးနေရာများတွင် ရောင်းချနေကြသည့် စာရင်းကောက်ယူထားသော ဈေးသည်ပေါင်း ၆၀၀၀ ကျော်မှ သစ်သီးဆိုင်နှင့် စားသောက်ဆိုင်ပေါင်း ၁၆၀၀ ဝန်းကျင်ကို နေရာချ ရောင်းချခွင့်ပြုခဲ့ခြင်းဖြစ်သည်။ စတင်ဖွင့်လှစ်ချိန်က ဈေးသည်ပေါင်း ၁၈၀၀ ဝန်းကျင်အား တရားဝင်ဈေးရောင်းချခွင့် ကတ်ပြားများ ထုတ်ပေးခဲ့သော်လည်း လက်ရှိအချိန်တွင် ညဈေးတန်း၌ ဈေးသည် ၁၀၀၀ ခန့်သာ ရောင်းချနေကြပြီး ၈၀၀ ဝန်းကျင် ခန့်မှာ ဈေးရောင်းချခြင်း မရှိဟု သိရသည်။

ကမ်းနားလမ်း ညဈေးတန်းတွင် လသာမြို့နယ်အတွင်း လမ်းပိုင်းတွင်သာ အရောင်းအဝယ်ကောင်းပြီး လမ်းမတော်မြို့နယ်အတွင်း ရောင်းချရမှုမှာ အသင့်အတင့်သာရှိကြောင်း ဈေးသည်များကပြောသည်။



ယခင်ကထက် အရောင်းအဝယ်ပါးလာနေသော ညဈေးတစ်နေရာ

လက်ရှိအချိန်တွင်မူ ဆိုင်နေရာပြန်သိမ်း၍ အရေးယူမည်ဆိုသော သတင်းကြောင့် မေ ၁၁ ရက် ညမှစ၍ ဆိုင်ခန်းမဖွင့်ခဲ့သော နေရာအချို့တွင် စတိအသွင် ပစ္စည်းအနည်းငယ်ချ၍ ဈေးခင်းကာ အခွန်အခများပေးဆောင်ရန် စောင့်နေကြသည့် ဆိုင်ရှင်အချို့ကို မြင်ရသည်။ သို့သော် ဆိုင်ခန်းနေရာ အများအပြားတွင်လည်း ဆိုင်မဖွင့်ထားသော နေရာလွတ်များကို မြင်ရဆဲဖြစ်သည်။

ညဈေးတန်းတွင် ဈေးသည်များအနေဖြင့် ဆိုင်ဖွင့်မှုနည်းလာခြင်းမှာ ရောင်းအားကျလာ၍ဖြစ်ကြောင်း သိရသည်။ ညဈေးတန်းတွင် ဆိုင်ခန်းနေရာမရသော ဈေးသည်များအနေဖြင့် တရားဝင် ဈေးရောင်းချခွင့်မပြုတော့သော ကားလမ်းမများပေါ်ရှိ ယခင်ရောင်းချသော နေရာဟောင်းများ ဝန်းကျင်တွင် ညစဉ် ပြန်လည်ရောင်းချနေခြင်းများကြောင့် ညဈေးတန်းနေရာတွင် ရောင်းအားလျော့ကျလာကာ အရှုံးနှင့်တွေ့ကြုံနေရကြောင်း ညဈေးတန်း နံပါတ် ၆၀၀ ကျော်နေရာတွင် ရောင်းချနေသည့် စားသောက်ဆိုင်ဖွင့်သူ ကိုကျော်က ပြောလာသည်။

ညဈေးတန်းဖွင့်ခါစအချိန်က မြန်မာမုန့်လုပ်ရောင်းခဲ့သူ အမျိုးသမီးတစ်ဦးကလည်း လက်ရှိအချိန်တွင် ဆိုင်မဖွင့်တော့သော်လည်း ပေးဆောင်ရမည့် အခွန်ငွေကြေးများကိုမူ ပေးသွင်းနိုင်ရန် ကြိုးစားနေရကြောင်း ပြောသည်။

ညဈေးတန်းကို စတင်ဖွင့်လှစ်ချိန်က သစ်သီးနှင့် စားသောက်ဆိုင်များဟုသာ သတ်မှတ်ထားသော်လည်း ယခုအခါ ပန်း၊ အဝတ်အထည်စသည့်ပစ္စည်းများကို ရောင်းချနေကြသည်ကိုလည်း ညဈေးတန်းနေရာတွင် မြင်တွေ့ရသည်။ အမှိုက်စွန့်ပစ်ရာတွင်လည်း စည်းကမ်းမဲ့ အမှိုက်စွန့်ခြင်း၊ သတ်မှတ်ထားသည့် ဆိုင်သိမ်း ပစ္စည်းပြောင် စနစ်အတိုင်းမဟုတ်ဘဲ ဆိုင်နေရာတွင် ပစ္စည်းများထားခဲ့ခြင်း၊ သတ်မှတ်ချိန်အတိုင်း မဟုတ်ဘဲ အချိန်ပြည့်ဈေးရောင်းနေခြင်းစသည့် စည်းကမ်းပိုင်းဆိုင်ရာ အားနည်းချက် အချို့ကိုလည်း ညဈေးတန်းတွင် မြင်တွေ့နေရသည်။

ကမ်းနားလမ်း ညဈေးတန်းသည် ပန်းဆိုးတန်းကမ်းနား ဒလကူးတို့ဆိပ် ဝင်ပေါက်အနီးမှ လမ်းမတော် ရွာသစ်ချောင်းအထိ ကမ်းနားလမ်းမတစ်လျှောက် ကမ်းနားဘက်ခြမ်းတွင်ရှိပြီး ဆိုင်ခန်းနံပါတ်ပေါင်း ၇၅၀ ဝန်းကျင်အပြင် လမ်းမတော်မြို့နယ်အတွင်း၌ ကမ်းနားလမ်းမ၏ ညောင်ပင်လေးဈေးဘက်ခြမ်းတွင်လည်း Mအက္ခရာတပ် ဆိုင်ခန်းနံပါတ် ၉၀ ဝန်းကျင်အထိကို မြင်တွေ့နေရသည်။ သို့ရာတွင် လမ်းမတော်မြို့နယ်အတွင်း ဈေးတန်းတစ်လျှောက်တွင်လည်း မော်တင်ခုံးကျော်တံတားမှ ဝါးတန်းအထိ အပိုင်းတွင်သာ ဈေးရောင်းချသူများကြောင်း၊ ဈေးရောင်းသူများသည့် ထိုအပိုင်းတွင်ပင် ဆိုင်မဖွင့်သောနေရာလွတ်များရှိကြောင်း သိရသည်။

ညဈေးတန်းဖွင့်စချိန်က ရန်ကုန်မြို့တွင်း လူစည်ကားသည့် လမ်းမကြီးများဖြစ်သော ဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းမကြီးများပေါ်တွင် ဈေးဆိုင်များ ရောင်းချခြင်းမရှိတော့၍ ညဈေးတန်း၌ ရောင်းအားကောင်းခဲ့သော်လည်း ယခုအခါ ထိုလမ်းမကြီးများတွင် ဈေးပြန်ရောင်းနေသူများရှိလာ၍ ညဈေးတန်းနေရာတွင် အရောင်းအဝယ်မကောင်းတော့သောကြောင့် ညဈေးတန်းတွင် ဆိုင်ခန်းဖွင့်ရောင်းချသူ လျော့နည်းလာခြင်းဖြစ်ကြောင်း၊ ညဈေးတန်းမှ ဆိုင်ရှင်များ အရောင်းအဝယ်ကောင်းလာစေရန်အတွက် ယခင်ရောင်းချခဲ့သော ကားလမ်းမကြီးများဘေးမှ နေရာဟောင်းများတွင် ဆိုင်ပြန်ဖွင့်ဈေးရောင်းနေကြသည့် စားသောက်ဆိုင်များ အပါအဝင် ဈေးဆိုင်များကို အရေးယူပေးမှသာ ကမ်းနားလမ်းညဈေးတန်းတွင် အရောင်းအဝယ်ပြန်ကောင်းလာနိုင်မည်ဖြစ်ကြောင်း ညဈေးတန်းဖွင့်ချိန်မှစ၍ ယခုအချိန်အထိ နေ့စဉ်နီးပါး လာရောက်ဈေးရောင်းချနေသည့် ဈေးသည်တစ်ဦးက ပြောသည်။

**သတင်းဆောင်းပါး-ခင်ဆိုင်**



## စေတီတော်သစ် ၁၁ ဆူကို ထီးတော်တင်လှူပူဇော်

**မော်လမြိုင် မေ ၁၄**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုတောင်ဝိုင်းရပ် မော်လမြိုင်တက္ကသိုလ်နှင့် လေဆိပ်အနီးရှိ ဗုဒ္ဓဝင်ဘုရားအတွင်း၊ တောင်ညိုတောင်တန်းပေါ်တွင် အသစ်တည်ထားကိုးကွယ်သည့် စေတီတော်သစ် ၁၁ ဆူ ထီးတော်တင်လှူပူဇော်ပွဲကို ဘုရားပရိဝုဏ်အတွင်း မေ ၁၀ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

စေတီတော်အသစ်များမှာ မာန်ငါးပါးအောင်တော်မူ ငါးဆူ၊ မဟာအောင်သိဒ္ဓိလေးဆူ၊ ဝဠ်ကြွေးတော်ပြေစေတီတစ်ဆူနှင့် အကျွတ်အလွတ်စေတီတစ်ဆူတို့ဖြစ်ပြီး ယင်းစေတီတော်များကို မတည်အလှူရှင်ဖြစ်သည့် တောင်ညိုတောင်တန်းသာသနိကကြီးကြပ်မှုကော်မတီအဖွဲ့ ဘဏ္ဍာရေးမှူး မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်မင်းထွန်း ဇနီးဒေါ်စီစီစိုး မိသားစုနှင့် အလှူရှင် ဒါယကာ ဒါယိကာမများ၊ စေတနာရှင်များ၏ စုပေါင်းလှူဒါန်းမှုများနှင့် လုပ်အားအလှူရှင် အင်အား ၇၀ ကျော်ဖြင့် နေ့ဆိုင်း၊ ညဆိုင်း စုပေါင်းတည်ထားခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓဝင်ဘုရားအတွင်း တောင်ညိုတောင်တန်းပေါ်တွင် ဆက်လက်၍လည်း စေတီတော်သစ်ငါးဆူကို မတည်အလှူရှင်နှင့် အလှူရှင်များ၊ လုပ်အားဒါနရှင်များ ပူးပေါင်း၍ နေ့ဆိုင်း၊ ညဆိုင်းဖြင့် တည်ထားလျက်ရှိကာ မေလ စတုတ္ထပတ်အတွင်း ပြီးစီးမည်ဖြစ်ကြောင်းနှင့် ပြီးစီးပါက ထီးတော်များကို လှည့်လည်အပူဇော်ခံပြီး ထီးတော်သစ်တင်လှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## ဆိပ်ကမ်းသာယာလှပရေးအတွက် စုပေါင်းလုပ်အားပေး

**ဇန်းမော် မေ ၁၄**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ ဆိပ်ကမ်းများ သာယာလှပပြီး မြို့ပြအင်္ဂါနှင့် ညီညွတ်စေရေး၊ ရေစီးရေလာကောင်းမွန်ပြီး ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်စေရေး ရည်ရွယ်ချက်ဖြင့် စုပေါင်းသန့်ရှင်းလုပ်အားပေးပွဲကို မေ ၁၃ ရက်က ပြုလုပ်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သင်းတို့ ဦးဆောင်ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမိုးနှင့် စည်ပင်ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖြူစင်နှလုံးသား ပရဟိတလူငယ်အဖွဲ့မှ အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ စုပေါင်းပါဝင်၍ မြို့မရပ် ရုပ်ပြေးဆိပ်ကမ်းမှ အလယ်ရပ်ကွက် ရွှေဗန်းမော်ဆိပ်ကမ်း၊ ခွန်သာမြေနုရပ် မြေနုဆိပ်ကမ်းအထိ မီတာ ၆၀၀ ကျော်၌ အမှိုက်သရိုက်များ ကောက်ယူရှင်းလင်းခြင်း၊ ပိတ်ဆို့နေသော ရေနုတ်မြောင်းများကို ပြန်လည်တူးဖော်ဆယ်ယူခြင်း စသည့် လုပ်ငန်းများကို လုပ်အားပေးဆောင်ရွက်ခဲ့ကြသည်။ **ဆီမီးခုံ - နန်းရီ**



## လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းဖွင့်လှစ်

**ကျောက်ထု မေ ၁၄**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ မင်းကြည့်ကျေးရွာအုပ်စု ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို မေ ၁၀ ရက်နှင့် ၁၁ ရက် နှစ်ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မင်းကြည့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇာက အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက်ရုံး စီမံကိန်းအရာရှိ ဦးရောင်ချိန်နှင့် လူငယ်ကွန်ရက်မှ ဦးရဲကျော်ထက်တို့က လူငယ်တွေ့ဆုံပွဲပြုလုပ်ခြင်းနှင့် သင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များ၊ ဒီမိုကရေစီ မြှင့်တင်ရေး၊ ဒေသန္တရအုပ်ချုပ်မှုဆိုင်ရာများကို ရှင်းလင်းဆွေးနွေး ပို့ချပေးခဲ့ကြသည်။ အဆိုပါသင်တန်းသို့ မင်းကြည့်၊ အကြည်ပန်းပလွန်း၊ လက်ပန်းကျေးရွာများနှင့် ကျောက်ထုမြို့ပေါ် ရပ်ကွက်များမှ လူငယ် ၅၀ တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။ (၁၀၁)

# ကျောင်းလှူတတ်ပူဇော် ရေစက်ချအလှူတော်မင်္ဂလာကျင်းပ



**နတ်မောက် မေ ၁၄**
မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပေါက်ကန်ကျေးရွာ ဥတ္တမဝံသ ကျောင်းတိုက် (မြောက်ကျောင်း)တွင် ဆောက်လုပ်ထားသော ရေးဟောင်း ကျောင်းတော်ကြီးအား အလျားပေ ၈၀၊ အနံပေ ၅၀၊ နှစ်ထပ်အုတ်ပတ်ကျောင်းတော် အသစ်ဆောက်လုပ်လှူဒါန်းနိုင်ရန်အတွက် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ညောင်ကုန်းကျောင်းတိုက် ပြဿဒ်ကျောင်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တသြဘာသက မတည်ဦးဆောင်၍ မတည်အလှူရှင် ကျောင်းဒါယကာ ကျောင်းဒါယိကာမများ ဖြစ်ကြသော ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ်(၄၂/င) နေ ဦးကိုကိုစိုး-ဒေါ်စန္ဒာမော် မိသားစု၊ စင်ကာပူနိုင်ငံနေ ဦးအောင်ဇင်မင်း-ဒေါ်ခင်ကျော့ရည် မိသားစု၊ သီးခြားအလှူရှင်များ စုပေါင်းလှူ၍ ငွေကျပ်သိန်းပေါင်း ၁၃၀၀ ခန့် အကုန်အကျခံ တည်ဆောက်ခဲ့သည်။ အဆိုပါ ကျောင်းလှူတတ်ပူဇော် ရေစက်ချအလှူတော်မင်္ဂလာကို ကဆုန်လပြည့် နံနက် ၉ နာရီ မင်္ဂလာအချိန်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။
**အောင်သန်းထွန်း(နတ်မောက်)**

# ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆင့်ပွားသင်တန်းဖွင့်

**တောင်ငူ မေ ၁၄**
တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာအုပ်စု ငါးဖယ်အင်းကျေးရွာ၌ ကျေးလက်ဒေသနေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ဆင့်ပွားသင်တန်းကို မေ ၁၂ ရက်နှင့် ၁၃ ရက်က ကျေးရွာဓမ္မာရုံ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်တင်ဝင်းက အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမိုး၊ တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မာလာတို့က သင်တန်းဖွင့်လှစ်သည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးနှင့် ပတ်သက်သည့်အချက်များကို မြို့နယ်သစ်တောဦးစီးဌာနမှူးက ဟောပြောပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် မြစိမ်းရောင်စီမံကိန်းအကြောင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးက ဟောပြောပို့ချပေးခဲ့သည်။ သင်တန်းသို့ ကျေးရွာမှ ဒေသခံသင်တန်းသူ ၂၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။
**သူရတောင်ငူ**



# မူးယစ်ဆေးဝါးဆန့်ကျင်ရေးဆိုင်ရာ ပြိုင်ပွဲများ ဒသမအကြိမ်မြောက် ကျင်းပမည်

**ရန်ကုန် မေ ၁၄**
ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)(ဗဟို)က ကြီးမှူး၍ မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် ပတ်သက်သော ပြိုင်ပွဲများကို ဒသမအကြိမ်မြောက်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲများအနေဖြင့် သက်လတ်တန်း ( မြန်မာ / အင်္ဂလိပ် ) နှစ်ဘာသာဖြင့် ကျပန်းစကားပြောပြိုင်ပွဲ၊ သက်ငယ်တန်း ( မြန်မာ / အင်္ဂလိပ် ) နှစ်ဘာသာဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲများအပြင် အများပြည်သူအားလုံး ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် အလွတ်တန်း ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာရေးစပ်ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် စာမူများကို ဇွန် ၇ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)ရုံးချုပ်သို့ ပေးပို့ရမည်ဖြစ်သည်။

သက်လတ်တန်း(မြန်မာ / အင်္ဂလိပ်) ကျပန်းစကားပြောပြိုင်ပွဲနှင့် သက်ငယ်တန်း (မြန်မာ / အင်္ဂလိပ်) ကဗျာရွတ်ဆိုပြိုင်ပွဲများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ခရိုင်အလိုက် ဇွန် ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲများကို ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်းရှိ ကျောက်ဆည်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ပြီး နောက်ဆုံးအဆင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဆုပေးပွဲအခမ်းအနားတို့ကို ဇွန် ၂၉ ရက်တွင် ကမာရွတ်မြို့နယ်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲများနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)ရုံးချုပ် ရုံးအဖွဲ့မှူး ဖုန်းနံပါတ် ၀၁-၅၀၂၉၉၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။
**မောင်ရွှေဝင်း(ပြည်)**

# ဖမ်းမိထားသော စားသုံးရန်မသင့်သည့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများကို မီးရှို့ဖျက်ဆီး

**မူဆယ် မေ ၁၄**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ (၁၀၅)မိုင်ကုန်သွယ်ရေးဇုန် တာဝန်ရှိသူများက ဖမ်းဆီးရမိထားသည့် အများပြည်သူများ စားသုံးရန် / သုံးစွဲရန်မသင့်လျော်သည့် ကုန်ပစ္စည်းမျိုးစုံကို မူဆယ်မြို့ စွမ်စော်ရပ်ကွက် စွမ်စော်(၇)လမ်းရှိ ဖျက်ဆီးကွင်း၌ မေ ၁၂ ရက်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိကုန်ပစ္စည်းများ မီးရှို့ဖျက်ဆီးရာတွင် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဇော်၊ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ မူဆယ်မြို့နယ် အုပ်ချုပ်ရေးမှူးဦးသူရိန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဇင်နှင့် တာဝန်ရှိသူများ၊ သတင်း




ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ ရှေ့မှောက်၌ အကောက်ခွန်အမှု ၁၁ မှုမှ ဖမ်းဆီးရမိထားသော တန်ဖိုးငွေကျပ် ၁၉၉ သိန်းခန့်ရှိ ကုန်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **သန့်ဇင်(မူဆယ်)**

# နွေရာသီ ကွန်ပျူတာသင်တန်းဆင်း

**ဖြူး မေ ၁၄**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည့် နွေရာသီကျောင်းပိတ်ရက် ကွန်ပျူတာသင်တန်းဆင်းပွဲကို မေ ၁၃ ရက်က အဆိုပါကျောင်း စံပယ်ဆောင်၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်လှ၊ မြို့နယ်ဒုတိယပညာရေးမှူး ဦးမောင်မောင်ရွှေနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းတင့်တို့က သင်တန်းဆင်းအမှာစကားပြောကြားကြပြီး Light For Phyu team ကွန်ပျူတာသင်တန်း၏ လုပ်ငန်းအတွေ့အကြုံများကို သင်တန်းဆရာတစ်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်များကို သင်တန်းနည်းပြ ဆရာ / ဆရာမများက သင်တန်းသား သင်တန်းသူများအား ပေးအပ်ခဲ့သည်။ အဆိုပါ နွေရာသီကျောင်းပိတ်ရက် ကွန်ပျူတာသင်တန်းကို ဧပြီ ၁ ရက်မှ မေ ၁၃ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၃၉ ဦး တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။
**ဖြူးမြင့်ဦး**

## သတင်းတိုများ

### နယ်လှည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့ ကွီးလေးကျေးရွာအုပ်စု ကွမ်းတောကျေးရွာ ပညာ့အလင်းစာကြည့်တိုက်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီတို့ပူးပေါင်းပြီး ကျောင်းသား ကျောင်းသူများ စာကြည့်တိုက်တွင် စာဖတ်သည့် အလေ့အထကောင်းများ ရရှိစေရန် ရည်ရွယ်၍ အသိပညာပေး နယ်လှည့်ဟောပြောပွဲကို မေ ၁၂ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ရှမ်းရွာသစ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်လဲ့လဲ့စံက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူတိုင်းပါဝင်ကူညီပေး ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကာ နောက်တစ်ရက် မေ ၁၃ ရက်တွင်လည်း ဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲ စသည့် နယ်လှည့်အသိပညာပေးလုပ်ငန်းများကို ကွီးလေးကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**ရှမ်းရွာသစ်(ပြန် / ဆက်)**

### အီတလီဓာတ်ပုံပညာရှင်က ဓာတ်ပုံပညာရပ်အကြောင်းဟောပြော

မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ စီစဉ်မှုဖြင့် အီတလီနိုင်ငံမှ ဓာတ်ပုံပညာရှင်တစ်ဦး၏ ဓာတ်ပုံပညာရပ်အကြောင်း ဟောပြောပွဲကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၅) လမ်းရှိ မြန်မာနိုင်ငံဓာတ်ပုံအသင်းခန်းမ၌ မေ ၁၃ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် အီတလီနိုင်ငံသား ဓာတ်ပုံပညာရှင် Mr.Luca Bracali က ဘက်စုံဓာတ်ပုံရိုက်ကူးရေး ခရီးသွားရင်း ကြုံခဲ့ရသော အတွေ့အကြုံများကို ဟောပြောခဲ့ပြီး ခရီးသွားဓာတ်ပုံဆရာများ သိရှိလိုသော ရှုချင်စဖွယ် တောရိုင်းတိရစ္ဆာန်များ၏ ဓာတ်ပုံများ၊ ရေခဲတောင် ပိုလာဝက်ဝံများ၏ ဓာတ်ပုံများစသည့် နိုင်ငံတကာဓာတ်ပုံများဖြင့် ပြသ၍ ရှင်းလင်းဟောပြောခဲ့ကြောင်း၊ ဟောပြောပွဲသို့ ပြည်တွင်းဓာတ်ပုံဝါသနာရှင်နှင့် ဓာတ်ပုံပညာရှင်များ ခန်းလုံးပြည့် တက်ရောက်ခဲ့ကြောင်း သိရသည်။
**အေးဇော်မျိုး**

### စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ (ကြည့်မြင်တိုင်မြို့နယ်)၏ ၂၀၁၆-၂၀၁၇ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် အဖွဲ့အမှုဆောင်များ ပြန်လည်ရွေးချယ်ပွဲကို အိုးဘိုရပ်ကွက် ကျောင်းကြီးလမ်းရှိ ဓမ္မာရုံ၌ မေ ၁၁ ရက်က ကျင်းပခဲ့သည်။ အစည်းအဝေးတွင် သဘာပတိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးစိန်သန်း(ငြိမ်း)က အမှာစကားပြောကြားပြီး အမှုဆောင်အဖွဲ့ဝင်များကို ပြန်လည်ရွေးချယ်ခဲ့ကြောင်း သိရသည်။
**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

### ကျေးရွာချင်းဆက်ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး ကွင်းဆင်းဆွေးနွေး

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း မဲဒီကျေးရွာအုပ်စုရှိ ကံနီ-ကျွဲသလင်း-ပွဲခင်း-ပေါက်စံ ကျေးရွာချင်းဆက် ကုန်ထုတ်လမ်း ဖောက်လုပ်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများအား ပေါက်စံကျေးရွာရှိ ရွာဦးဘုန်းတော်ကြီးကျောင်း၌ မေ ၁၂ ရက်က တွေ့ဆုံကာ လမ်းဖောက်လုပ်မည့်နေရာကိုလည်း ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကိုနှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်မြင့်ဝင်းတို့က ဒေသခံပြည်သူများအား လမ်းဖြစ်မြောက်၊ အကောင်အထည်ပေါ်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းနှင့် လမ်းအတွက် လိုအပ်မည့် နယ်နိမိတ်အကျယ်၊ လမ်းသားအကျယ် စသည့် လိုအပ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် လက်ရှိအခြေအနေမှာ အရှည်သုံးမိုင်ရှိ လှည်းလမ်းဖြစ်ပြီး ဒေသတွင်းကျေးရွာများ ဖွံ့ဖြိုးရေး အထောက်အကူဖြစ်စေရန်အတွက် တိုင်းဒေသကြီးအစိုးရထံမှ ရန်ပုံငွေတောင်းခံ၍ မြေနီဂျင်းလမ်းအဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်ကာ လမ်းအဆင့်မြှင့်တင်နိုင်ပါက မဲဒီကျေးရွာအုပ်စုအတွင်းရှိ ရွှေဘို၊ ပေါက်စံ၊ ကျွဲသလင်း(တောင်)၊ ကျွဲသလင်း(မြောက်)၊ ပွဲခင်းတောင်၊ ပွဲခင်းမြောက်၊ ပွဲခင်းအရှေ့ စသည့် ကျေးရွာများမှ လူဦးရေ ၂၃၀၀ ကျော်အား လမ်းပန်းဆက်သွယ်ရေး လွယ်ကူစေပြီး ကုန်စည်စီးဆင်းမှုများလည်း ပိုမိုမြန်ဆန်လာစေမည်ဖြစ်ကြောင်း သိရသည်။
**နေအောင်(ပြန် / ဆက်)**

## အောင်ပွဲရ ကြက်တောင်အားကစားအသင်းမှ အားကစားသမားများအား ဂုဏ်ပြုပွဲကျင်းပ

**မန္တလေး မေ ၁၄**

၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် အောင်ပွဲရရှိသော မန္တလေးတိုင်းဒေသကြီး ကြက်တောင်အသင်းအား ဂုဏ်ပြုပွဲကို မေ ၁၀ ရက်က ချမ်းမြသာစည်မြို့နယ်ရှိ Colala Kitchen Restaurant ၌ ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုစကားပြောကြားပြီး အောင်ပွဲရ ကြက်တောင်အားကစားအသင်းမှ အုပ်ချုပ်သူ နည်းပြများ၊ အားကစားသမားများက ပထမတံခွန်စိုက်ဒိုင်းဆုကို ဝန်ကြီးချုပ်ထံသို့ အပ်နှံခဲ့ကြသည်။

"၂၀၁၇-၂၀၁၈ အတွင်း ပထမဆုံးဆုရတဲ့အတွက် ဂုဏ်ယူပါတယ်။ ကြက်တောင်အားကစားသမားတွေကို ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ အားကစား ဖွံ့ဖြိုးတိုးတက်မှုဟာ နိုင်ငံရဲ့ပုံရိပ်လည်းဖြစ်ပါတယ်။ ထူးချွန်အားကစားသမားတွေ ပေါ်ထွက်လာပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်တယ်၊ နိုင်ငံတကာပြိုင်ပွဲတွေမှာ ပထမဆုရလို့ နိုင်ငံတော်အလံ လွှင့်တက်သွားတယ်ဆိုရင် အားလုံး အားတက်ရပါတယ်၊ ဒီလို မျှော်လင့်ချက်တွေကို စွမ်းဆောင်ပေးနိုင်တဲ့ အားကစားသမားတွေက ပြည်နယ်၊ တိုင်းတွေကစပြီးတော့ နိုင်ငံတော်အဆင့်၊ အမျိုးသားအဆင့်၊ နိုင်ငံတကာအဆင့် တက်ရောက်မှာဆိုတော့ ကျွန်တော်တို့ အားပေးပါတယ်၊ မန္တလေးတိုင်းဒေသကြီးကိုယ်စား ချီးမြှောက်ချင်ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

ဆက်လက်၍ ကြက်တောင်ဆပ်ကော်မတီ ဥက္ကဋ္ဌကလည်း ဂုဏ်ပြုစကားပြောကြားပြီး ကြက်တောင်အသင်း အဖွဲ့ခေါင်းဆောင်က ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် နှစ်နှစ်ဆက်တိုက် ပထမဆုရရှိသော တိုင်းဒေသကြီး အမျိုးသားကြက်တောင်အသင်းအား ကြက်တောင်ဆပ်ကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုငွေ ကျပ် ၁၀ သိန်း၊ ကြက်တောင်ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌက ကျပ် ၁၀ သိန်း၊ တိုင်းဒေသကြီး အစိုးရက ကျပ်ငါးသိန်းတို့ အပါအဝင် အလှူရှင်များ၏ ဂုဏ်ပြုငွေ စုစုပေါင်း ကျပ် ၃၅ သိန်းကို အောင်ပွဲရ ကြက်တောင်အားကစားအသင်းအား ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**



## စည်းကမ်းမဲ့ယာဉ်များဖမ်းဆီးစဉ် လိုင်စင်မဲ့ယာဉ် ခုနစ်စီးကိုပါ သိမ်းဆည်းရမိ

**ဘားအံ မေ ၁၄**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ပြည်သူများ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာကာ ယာဉ်အန္တရာယ် လျော့နည်းကျဆင်းရေးအတွက် စည်းကမ်းပျက်ယာဉ်များအား ဖမ်းဆီးအရေးယူမှုများကို ပူးပေါင်းအဖွဲ့စုံဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိရာတွင် စည်းကမ်းမဲ့ယာဉ်များကိုဖမ်းဆီးစဉ် လိုင်စင်မဲ့ယာဉ် ခုနစ်စီးကိုပါ မေ ၁၀ ရက်နှင့် ၁၁ ရက် နှစ်ရက်အတွင်း ဖမ်းမိထားကြောင်း သိရသည်။



သံလွင်တံတားအနီးတွင် ပိုင်ရှင်မဲ့ရပ်တန့်ထားသဖြင့် သိမ်းဆည်းခဲ့သောယာဉ်

ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြာညို ဦးစီးသည့် ပူးပေါင်းအဖွဲ့များက ဘားအံမြို့အမှတ်(၂)ရပ်ကွက်၊ သစ္စာလမ်းနှင့် ဈေးတန်းလမ်းတို့၌ စည်းကမ်းမဲ့ယာဉ်များအား စစ်ဆေးမှုများ မေ ၁၁ ရက်က ဆောင်ရွက်စဉ် စည်းကမ်းမဲ့ယာဉ် သုံးစီးကို မော်တော်ယာဉ်ဥပဒေဖြင့် ဖမ်းဆီးအရေးယူနိုင်ခဲ့သည့်အပြင် လိုင်စင်မရှိသည့် Hijet အမျိုးအစားကားတစ်စီး၊ Chail Rock အမျိုးအစားကားတစ်စီး၊ Toyota Wish ကားတစ်စီး၊ ဟိုင်းလက်စ်ကားတစ်စီးနှင့် Air Way ကားတစ်စီး စုစုပေါင်း လိုင်စင်မဲ့ယာဉ် ငါးစီးတို့ကိုပါ ပိုင်ရှင်မဲ့သိမ်းဆည်းနိုင်ခဲ့၍ ကရင်ပြည်နယ် မှုခင်းအကူဌာနစိတ်သို့ အပ်နှံခဲ့ကြောင်း သိရသည်။

ထို့အတူ သံလွင်တံတားလုံခြုံရေးနှင့် စစ်ဆေးရေး ရဲတပ်ဖွဲ့ဝင်များနှင့် မှုခင်းအကူဌာနစုမှ ဒုရဲအုပ်အောင်ကျော်သူတို့ ဦးစီးသည့် ပူးပေါင်းအဖွဲ့များက မေ ၁၁ ရက် နံနက်ပိုင်းက တံတားလုံခြုံရေးနှင့် စစ်ဆေးရေးတာဝန်များ ဆောင်ရွက်နေစဉ် သံလွင်တံတားအနီး လမ်းဆုံ၌ ယာဉ်တစ်စီး အချိန်ကြာမြင့်စွာရပ်ထားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ VOXY အမျိုးအစား ကားတစ်စီးကို တွေ့ရှိရပြီး ပိုင်ရှင်ကို စုံစမ်းရှာဖွေ၍မရသဖြင့် ပိုင်ရှင်မဲ့အဖြစ်သိမ်းဆည်းကာ ပြည်နယ် မှုခင်းအကူဌာနစုရုံးသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ထို့အတူ ဘားအံမြို့နယ်အတွင်းရှိ ဇာသပြင်တံတားတွင်လည်း မေ ၁၀ ရက် ညနေပိုင်းက လုံခြုံရေးနှင့်စစ်ဆေးရေးတာဝန်ကျ ဒုတိယရဲမှူးဝင်းနိုင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက တာဝန်ဆောင်ရွက်နေစဉ် တံတားအနီး ထမင်းဆိုင်ရှေ့တွင် အချိန်ကြာမြင့်စွာရပ်ထားသော Majesta Crown ကားတစ်စီးကိုတွေ့၍ ပိုင်ရှင်ကို ရှာဖွေစုံစမ်းသော်လည်း စုံစမ်းမရသောကြောင့် ပိုင်ရှင်မဲ့အဖြစ်သိမ်းဆည်းကာ ကရင်ပြည်နယ် ရဲတပ်ဖွဲ့ မှုခင်းအကူဌာနစိတ်သို့ အပ်နှံခဲ့ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## အမှိုက်စွန့်ပစ်မှုနှင့်ပတ်သက်၍ မြို့တော်စည်ပင်၏ သရုပ်ပြယာဉ်ဖြင့် ရှင်းလင်းသရုပ်ပြ

**ရန်ကုန် မေ ၁၄**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက်မှ ဒေသခံပြည်သူများအား အမှိုက်စွန့်ပစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းသရုပ်ပြမှုများကို မြို့တော်စည်ပင်သာယာရေးကော်မတီ၏ သရုပ်ပြမော်တော်ယာဉ်ဖြင့် မေ ၁၂ ရက်က အလုံဈေးရှေ့၌ လာရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သရုပ်ပြရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဌာနမှူး ဒေါက်တာအောင်မြင့်မော်နှင့် လက်ထောက်ဌာနမှူး ဒေါက်တာဒေါ်ခင်နှင်းအေးတို့ ဦးဆောင်သော မြို့တော်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များက စနစ်တကျ အမှိုက်စွန့်ပစ်မှုများနှင့်ပတ်သက်ပြီး သရုပ်ပြရှင်းလင်းကာ 'အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းဖြင့် သန့်ရှင်းသပ်ရပ် သာယာလှပစိမ်းလန်းသော ရန်ကုန်မြို့တော်ကြီး တည်ဆောက်ကြပါစို့'ဟူသော လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သရုပ်ပြမှု အစီအစဉ်ကို အလုံမြို့နယ် အမှတ်(၁)မဲဆန္ဒနယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်မြင့်၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တာဝန်ရှိသူများက လာရောက်သရုပ်ပြ ပြုလုပ်ပေးခြင်းဖြစ်ပြီး သရုပ်ပြပွဲသို့ အလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်မြင့်တို့နှင့်အတူ ခရိုင်သန့်ရှင်းရေးဌာနနှင့် မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**



## မှုခင်းသတင်းတိုများ

### စိတ်ကြွဆေးပြား ၁၄၀၀ ကျော်နှင့် လက်ပစ်ဗုံးတစ်လုံး ဖမ်းဆီးရမိ

ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာအုပ်စုအတွင်း၌ မူးယစ်ဆေးဝါးရောင်းချသူတစ်ဦးအား သက်သေခံ WY စိတ်ကြွဆေးပြားများနှင့်အတူ မေ ၁၀ ရက်က ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများအပြင် ၉၁ အမျိုးအစား လက်ပစ်ဗုံးတစ်လုံးကိုပါ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဘားအံမြို့နယ် မူးယစ်တပ်ဖွဲ့စု(၃၁)မှ ရဲအုပ်စိုးနိုင်နှင့် ပူးပေါင်းအဖွဲ့များက မူးယစ်ဆေးဝါးသတင်းအရ လှာကဒေါင်ကျေးရွာအုပ်စု လှိုင်းပုံကျေးရွာအနီး၌ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချနေသူ ခွန်နိုင်ဝင်း(၂၁ နှစ်)အား ပိတ်ဆို့ဖမ်းဆီးရာ WY စာတန်းပါ စိတ်ကြွဆေးပြား ၄၅၈ ပြားနှင့်အတူ ဖမ်းမိခဲ့ပြီး ၎င်းအား စစ်ဆေးချက်အရ လှိုင်းပုံကျေးရွာနေ ဦးဘချစ်(ခ)ဦးကချင်(ခ)စောဘသန်းထံမှ ဝယ်ယူပြီး တစ်ဆင့်ပြန်လည်ရောင်းချ သုံးစွဲရာမှ ကျန်ရှိသောပစ္စည်းများဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် ဦးဘချစ်(၅၇ နှစ်)၏ နေအိမ်သို့ ဆက်လက်ရှာဖွေစစ်ဆေးရာ ဦးဘချစ်ထံမှ WY စာတန်းပါ စိတ်ကြွဆေးပြား ၉၅၉ ပြား၊ ၉၁ အမျိုးအစား လက်ပစ်ဗုံးတစ်လုံးနှင့် ၎င်းအမည်ပါ ငြိမ်းချမ်းရေးအဖွဲ့အစည်းကတ်တစ်ခုတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ခွန်နိုင်ဝင်းနှင့် ဦးဘချစ်တို့အား အိန္ဒုနယ်မြေရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

### အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိမ်းမှောက်၍ လူတစ်ဦးသေဆုံး

ရခိုင်ပြည်နယ် အမ်းမြို့နယ် သံပရာကျေးရွာအနီး အမ်း-မအီကားလမ်းပေါ်၌ ယာဉ်အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်၍ လူတစ်ဦးသေဆုံးမှု မေ ၁၂ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်နှင့် တာဝန်ရှိသူများ၊ အမ်းမြို့မရဲစခန်းမှ ဒုရဲအုပ်ကံမြင့်နှင့် ရဲတပ်ဖွဲ့ဝင်များ၏ သွားရောက်စစ်ဆေးချက်အရ ရမ်းဗြဲမြို့နယ်မှ အမ်းမြို့နယ်ဘက်သို့ ယာဉ်မောင်း ဦးမိုးကျော်သိန်း (၄၄ နှစ်) မောင်းနှင်လာသော လင့်ခရူဆာယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်မှောက်မှုကြောင့် ယာဉ်မောင်း ဦးမိုးကျော်သိန်းမှာ နေရာတွင် သေဆုံးခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ အမ်းမြို့မရဲစခန်းမှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## တောင်ကလေးအကျဉ်းထောင်သို့ သောက်သုံးရေများသွားရောက်လှူဒါန်း



**ဘားအံ မေ ၁၄**

ပူပြင်းခြောက်သွေ့ပြီး သောက်သုံးရေရှားပါးသည့် နွေရာသီကာလ ရောက်ရှိနေပြီဖြစ်၍ ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ဒေသအချို့တွင် ရေရှားပါးပြီး သောက်ရေ၊ သုံးရေ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိရာ လတ်တလော ရေအခက်အခဲဖြစ်နေသည့် တောင်ကလေး အကျဉ်းထောင်သို့ သောက်သုံးရေများကို ရဲတပ်ဖွဲ့ဝင်များက မေ ၁၂ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဘားအံမြို့မရဲစခန်းမှူး ဒုရဲမှူး တင်မောင်ဦးနှင့် တပ်ဖွဲ့ဝင်များက လေယာဉ်ကွင်းရဲစခန်းမှ ရဲအုပ်မျိုးကျော်ညွန့်နှင့် အဖွဲ့များနှင့်အတူ ဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ် နှစ်စီး၊ ဂါလန် ၁၈၀၀ ဆံ့ ဘောက်ဆာကားတစ်စီးတို့ဖြင့် စုစုပေါင်း သုံးရေဂါလန် ၄၂၀၀ နှင့် UT သောက်ရေ သန့်ဘူးကြီး ၂၀၀ တို့ကို တောင်ကလေးအကျဉ်းထောင်မှ ဦးစီးအရာရှိနှင့် အကျဉ်းဦးစီးဌာန ဝန်ထမ်းများထံ သွားရောက်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မိုးညှင်းမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မိုးညှင်း မေ ၁၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ ကွက်သစ်ရပ်ကွက်၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ မေ ၁၀ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ ရဲအုပ်နိုင်စိုး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ မော်ဟန်ကျေးရွာ ကွက်သစ်ရပ်နေ သန်းလှိုင်စိုး(ခ)ဖိုးထိန်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ ၈၈/၁ စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၆၄ ပြားနှင့် ကော်ဘူးဖြင့်ထည့်ထားသော ဘိန်းဖြူ ၂ ဒသမ ၅ ဂရမ်ခန့်ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သန်းလှိုင်စိုး(ခ)ဖိုးထိန် (၄၀ နှစ်)အား မိုးညှင်းမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

(၀၆၇)

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ
## ဝင်ငွေကြေညာလွှာတင်သွင်းရန်နှိုးဆော်ခြင်း

၁။ ၂၀၁၆ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၇ခုနှစ် မတ် ၃၁ရက်အထိဖြစ်သည့် ဝင်ငွေနှစ်အတွင်း ရရှိသောဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေအရ အခွန်စည်းကြပ်မှုခံယူရမည့် ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်း၊ သမဝါယမအသင်း၊ ယင်းအသင်းနှင့် စုပေါင်းလယ်ယာအဖွဲ့များ၊ တစ်ဦးချင်းပုဂ္ဂိုလ် (လစာခေါင်းစဉ်မှ ဝင်ငွေသာရရှိသူမပါ)၊ တစ်ဦးချင်းပုဂ္ဂိုလ်တို့ စုပေါင်းထားသည့်အဖွဲ့အစည်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်၍ဖွဲ့စည်းထားသည့် အဖွဲ့အစည်း(သို့မဟုတ်)အသင်းအဖွဲ့တို့သည် ထိုဝင်ငွေနှစ်အတွက် မြတ်စွန်းငွေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဝင်ငွေကြေညာလွှာကို ပြည့်စုံစွာဖြည့်စွက်၍ ဝင်ငွေကြေညာလွှာ၏ မှတ်ချက်တွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း လက်မှတ်ရေးထိုးခွင့်ရှိသူမှ လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၂)၊ (၃) သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်ထောက်ခံထားရန် အသိပေးနှိုးဆော်အပ်ပါသည်။

၂။ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)ရှိ အခွန်ထမ်းများအနေဖြင့် ကိုယ်တိုင်အခွန်တွက်ချက် စည်းကြပ်၍ ဝင်ငွေကြေညာလွှာများကို အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့်အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁) သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ ဝင်ငွေကြေညာလွှာတင်သွင်းရာတွင် ကြေညာလွှာတွင်ပူးတွဲပါရှိသော ညွှန်ကြားချက်များကို သေချာစွာဖတ်ရှုလိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး နှစ်ချုပ်ရှင်းတမ်းတင်သွင်းရန်မလိုအပ်ပါ။

၃။ ဝင်ငွေနှစ်အတွင်း လစာခေါင်းစဉ်မှသာ ဝင်ငွေရရှိသူများသည် ဝင်ငွေကြေညာလွှာပေးပို့ရန် မလိုအပ်ပါ။ သို့ရာတွင် အလုပ်ရှင်သည် ထိုသူများအတွက် လစာနှစ်ချုပ်စာရင်းကို သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးပို့ရန်လိုအပ်ပါသည်။

၄။ ကြေညာလွှာနှင့်အတူ ပူးတွဲတင်ပြရန် အခွန်ထမ်း၏ စီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်စည်းမျဉ်းများအရ ထားရှိရမည့်စာရင်းများအပါအဝင်ဖြစ်သော သက်ဆိုင်ရာဝင်ငွေနှစ်အတွက် စာရင်းရှင်းတမ်းတစ်စောင်ကို ဝင်ငွေကြေညာလွှာနှင့်ပူးတွဲ တင်ပြရန်လိုအပ်ပါသည်။

၅။ ပေးပို့ရမည့် နောက်ဆုံးရက် ၂၀၁၇ခုနှစ် ဇွန် ၃၀ရက် (သောကြာနေ့)

၆။ ဝင်ငွေကြေညာလွှာတင်သွင်းရန် ပျက်ကွက်မှုအတွက်ပြစ်ဒဏ်ပေးဆောင်ရမည့် အခွန်အပြင် ယင်းအခွန်၏ တစ်ဆယ်ရာခိုင်နှုန်းထက်မပိုသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေနိုင်ပါသည်။

၇။ ကြေညာလွှာပုံစံနှင့် လစာနှစ်ချုပ်ပုံစံရယူရန် ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများ ဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)(သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးတို့တွင် အခမဲ့ရယူနိုင်သည့်အပြင် ပြည်တွင်းအခွန်များဦးစီးဌာန၏ website ဖြစ်သည့် http//www.irdmyanmar.gov.mm မှလည်းရယူနိုင်ပါသည်။

၈။ စုံစမ်းရန် မရှင်းလင်းသည့်အချက်များကို ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများ ဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)(သို့မဟုတ်)အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit) (ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်(သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit)(မန္တလေး)၊ ၆၅လမ်း၊ ၂၂×၂၃လမ်းကြား၊ မန္တလေးတိုင်းဒေသကြီးတို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး**
**အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ
## ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက်ကုန်သွယ်လုပ်ငန်းခွန် နှစ်ချုပ်ကြေညာလွှာတင်သွင်းရန် နှိုးဆော်ခြင်း

၁။ ၂၀၁၆ခုနှစ် ဧပြီ (၁)ရက်မှ ၂၀၁၇ခုနှစ် မတ် (၃၁)ရက်အထိဖြစ်သည့် ဘဏ္ဍာရေးနှစ်အတွင်းကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသည့် ပြည်ထောင်စုအစိုးရ၏စီးပွားရေးအဖွဲ့အစည်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စည်ပင်သာယာရေးအဖွဲ့၊ သမဝါယမအသင်း၊ တစ်ဦးချင်းပုဂ္ဂိုလ်၊ တစ်ဦးချင်းပုဂ္ဂိုလ်များစုပေါင်းထားသည့် အဖွဲ့အစည်း (သို့မဟုတ်) အသင်း၊ ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်းများအပါအဝင် မည်သူမဆို အောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် နှစ်ချုပ်ကုန်ရောင်း၊ ကြေညာလွှာ(သို့မဟုတ်)နှစ်ချုပ်ဝန်ဆောင်မှု ကြေညာလွှာကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်၍ ကြေညာလွှာတွင် ဖော်ပြထားသည့်ရှင်းလင်းချက်ပါအတိုင်း လက်မှတ်ရေးထိုးခွင့်ရှိသူက လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီး ဌာနမှူးရုံး (သို့မဟုတ်)အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)၊ (သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေပေးပို့နိုင်ပါသည်။လူကိုယ်တိုင် ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်း ဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်တောင်းခံထားရန် အသိပေးနှိုးဆော်အပ်ပါသည်။

(က) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း
(ခ) ကုန်စည်တင်သွင်းခြင်း
(ဂ) ကုန်သွယ်မှုဆောင်ရွက်ခြင်း
(ဃ) ဝန်ဆောင်မှုဆောင်ရွက်ခြင်း

၂။ ၂၀၁၆ခုနှစ် ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်အမျိုးအစားများနှင့်ဝန်ဆောင်မှုလုပ်ငန်းများမှအပ၊ သမဝါယမကဏ္ဍနှင့်ပုဂ္ဂလိကကဏ္ဍများအတွက် အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေသို့မဟုတ် ဝန်ဆောင်မှုရငွေပမာဏ သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာ နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ
(ခ) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀တိတိ
(ဂ) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၂၀၀တိတိ

၃။ တင်သွင်းရမည့်နောက်ဆုံးရက်။ ၂၀၁၇ခုနှစ် ဇွန် ၃၀ရက် (သောကြာနေ့)

၄။ ပျက်ကွက်မှုအတွက်ပြစ်ဒဏ်။ လုံလောက်သောအကြောင်းမရှိဘဲ သတ်မှတ်ထားသော အချိန်အတွင်း ကြေညာလွှာတင်သွင်းရန် ပျက်ကွက်ပါက စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရပါမည်။

၅။ ကြေညာလွှာပုံစံရယူရန်။ ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၁)၊ (၂)၊ (၃)၊ (သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးတို့တွင် အခမဲ့ရယူနိုင်သည့်အပြင် ပြည်တွင်းအခွန်များ ဦးစီးဌာန၏ website ဖြစ်သည့် http//www.irdmyanmar.gov.mm မှလည်း ရယူနိုင်ပါသည်။

၆။ စုံစမ်းရန်။ မရှင်းလင်းသည့်အချက်များကို ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူး ရုံး(သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)၊ (သို့ မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင် မှုရုံး၊(Tax Srevice Unit) (ရန်ကုန်)၊ အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်(သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(Tax Service Unit) (မန္တလေး)၊ ၆၅လမ်း၊ ၂၂×၂၃လမ်းကြား၊ မန္တလေးတိုင်းဒေသကြီးတို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး**
**အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးအားချာ၏သမီး ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်ဌာနခွဲ၊ နောက်ဆုံးနှစ် (မြန်မာစာ)မှ မမီဂါ(၄မ-၄၇)(၀၂၃)နှင့် မမီကာ ၁၃/ကတန(နိုင်)၁၄၄၂၅၃မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မမီဂါ(ခ)မမီကာ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်မြို့၊ အထက(သုခဝတီ)မှ စတုတ္ထတန်းအောင်မြင်ထားသည့် မောင်လမင်းထွန်း၏ဖခင် ဦးထက်လင်းနှင့် စောဖားကော်လယ် ၃/လဘန(နိုင်) ၂၀၁၅၉၃မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထက်လင်း(ခ)စောဖားကော်လယ်**

### အမည်ပြောင်းလဲခေါ်ဆိုပါရန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့ ဦးကိုကိုနိုင် ၉/ညဥန(နိုင်)၁၃၅၀၁၆၏သမီး အမှတ်(၂) မူလွန်ကျောင်းမှ မသန့်ယွန်းအိမ်(ပဥ္စမတန်း)အားမခွာညိုအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မခွာညိုအောင်**

### အမည်ပြောင်း

ဦးမင်းအောင်ဖြိုး ၉/တကန(နိုင်) ၁၀၃၈၄၄၏သား အထက တောင်ညို ပဥ္စမတန်းမှ မောင်စွမ်းပြည့်အောင်(ခ) မောင်စွမ်းပြည့်ထက်အား ယနေ့မှစ၍ မောင်ထွန်းအောင်ရဲလင်းဟုပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ထွန်းအောင်ရဲလင်း**

### အမည်မှန်

မြဝတီမြို့နယ် ဦးခင်မောင်မြင့် ၃/မဝတ(နိုင်)၀၀၇၂၂၇၏ သမီး မပန်းဥဖြူ (အထက-၁)တတိယတန်း၏အမည်မှန်မှာ မကြယ်စင်သစ်ဖြစ်ပါကြောင်း။

### အမည်မှန်

မြဝတီမြို့နယ်၊ အမှတ်(၃) ဗန္ဓုလလမ်းနေ ဦးသန်းနိုင်ဦး ၃/မဝတ(နိုင်)၀၂၀၉၄၆ ၏သမီး မခင်မြင့်မြတ်၏ အမည်မှန်မှာ မခင်မြတ်မြတ်ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်သူလှိုင် ၈/မကန(နိုင်)၁၇၆၈၈၈၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၃၀၀၃၁၁၅**

### ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ခင်စိုး ၈/နမန(နိုင်) ၁၉၁၇၂၅၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၈၈၈၇၉၁၆**

## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
## (ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | ကွန်ကရစ်လမ်း | (၉မိုင်၊ ၄.၀၄ဖာလုံ) |
| (ခ) | ကျောက်ချောလမ်း | (၈မိုင်၊ ၅.၃၂၄ဖာလုံ) |
| (ဂ) | ကွန်ကရစ်တံတား | (၄)စင်း |

၂။ တင်ဒါလျှောက်လွှာပုံစံများကို ၃၁-၅-၂၀၁၇ရက်မှ ၁၆-၆-၂၀၁၇ရက်အထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ၃၀-၆-၂၀၁၇ရက် နံနက် ၀၉:၀၀နာရီ နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလုပ်ငန်းစဉ်နှင့်ပတ်သက်သည့် ရှင်းလင်းပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ၃၁-၅-၂၀၁၇ရက် နံနက် ၉:၀၀နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို (ဖိတ်စာသီးခြားမပို့ပါ) တက်ရောက်နိုင်ပါသည်။

၄။ တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်ဒါပေးသွင်းရမည့်လိပ်စာမှာ ဧရာဝတီတိုင်းဒေသကြီးကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြတ်တိုစုပေါင်းရုံးလမ်း၊ အမှတ်(၁၃)ရပ်ကွက်၊ ပုသိမ်မြို့ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသော အချက်အလက်များအား ၁-၆-၂၀၁၇ရက် မှစ၍ တိုင်းဒေသကြီးရုံး ဖုန်း-၀၄၂-၂၉၂၀၇နှင့် ၀၄၂-၂၉၂၀၉သို့လည်းကောင်း၊ ခရိုင်နှင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများသို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## ၀၂/၂၀၁၇-၂၀၁၈ ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း ကျွန်း/သစ်မာ သစ်လုံး/သစ်ခွဲသားများ (၁၂၉၄၅)တန်ခန့်ကို မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (အထူး)အိတ်ဖွင့်တင်ဒါ | - | ၆/၇-၆-၂၀၁၇ရက်နံနက် ၈း၀၀နာရီမှစတင်မည် |
| | - | စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့/အနောက်)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) |

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါကမြန်မာ့သစ်လုပ်ငန်း web-siteဖြစ်သော www.myanmatimber.com. mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၇၁များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2A/2749 Hino Bm401/Bus(4x2) ယာဉ်လက်ဝယ်ရှိသူဒေါ်သီဂီစိုးသိမ်း ၁၃/မဆန(နိုင်)၀၀၂၉၆၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ် ၁၆၊ ငါးလွှာ (ခြေရင်းခန်း)၊ အကျယ် ၁၂½'×၅၀'အခန်း တစ်ခန်းအား ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်လင်း ၁၂/ကမတ(နိုင်)၀၄၅၉၄၅ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ မည်သူမဆို ဖော်ပြပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက စာချုပ်စာတမ်း(မူရင်း) အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဝါဝါထွန်း** | **တွံတေး ဦးသိန်းဝင်း** |
| **အထက်တန်းရှေ့နေ(စဉ်-၃၄၁၇၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၅၈)** |

**အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၄၀၆၅၈၉၀**

### တရားဝင်ဇနီးဖြစ်ကြောင်း

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ထိန်စမ်းကျေးရွာအုပ်စု၊ ထိန်စမ်းကျေးရွာနေ ဦးမြင့်ဦး(ဘ)ဦးမြဒင် ၈/ခမန(နိုင်)၁၁၄၀၄၀ နှင့် ကျွန်မ ဒေါ်သန်းသန်းငွေ (သားဖွားဆရာမ) (ဘ)ဦးခင်မောင်ဝင်း ၈/ခမန(နိုင်)၀၀၃၅၂၃ တို့သည် ၂၂-၆-၁၉၉၉ရက်တွင် လက်ထပ်မင်္ဂလာပွဲ ကျင်းပပေးခဲ့ပြီး သားမောင်စိုးသူရဦး၊ သမီး မဆုကဗျာချိုတို့အား မွေးဖွားခဲ့၍ ယနေ့အထိ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လျက်ရှိပါသဖြင့် ကျွန်မဒေါ်သန်းသန်းငွေသာလျှင် တရားဝင်ဇနီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းငွေ**
**၈/ခမန(နိုင်)၀၀၃၅၂၃**

### အမွေစားအမွေခံအဖြစ် မွေးစားပြီးဖြစ်ကြောင်း အသိပေးကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ ဝါဇီ(လ.န.စ) စက်ရုံနယ်မြေနေ ဦးသိန်းငွေ-ဒေါ်ယဉ်ယဉ်မြတ်တို့သည် ဒေါ်အေးအေးမြတ်၏သား၊ ဒေါ်တင်တင်ဝင်း၏မြေးဖြစ်သူ မောင်ပိုင်ပြည့်ဖြိုးအား အမွေစားအမွေခံသားအဖြစ် မွေးစားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းငွေ ၈/ပခက(နိုင်)၀၇၅၃၂၈**
**ဒေါ်ယဉ်ယဉ်မြတ် ၈/ပခက(နိုင်)၀၀၅၁၇၇**








## ဖခင်အမည်မှန်

ပြည်ခရိုင် ရွှေတောင်မြို့၊ အထက ရွှေတောင်၊ န၀မတန်း(စ)မှ မောင်အောင်မျိုးကျော်၏ဖခင်အမည်မှန်မှာ ဦးလှဦး ၇/ရတန(နိုင်)၀၅၀၃၅၁ ဖြစ်ပါသည်။ **ဦးလှဦး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၇၄၁၃၃ Honda Dream 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးဌေးဝင်း ၁၀/မဒန(နိုင်)၀၈၁၉၈၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ဝန်ထမ်းအလိုရှိသည်

၁။ **အရောင်းဝန်ထမ်း** မ ၆ ဦး

ဘွဲ့ရ၊ ရုပ်ရည်သန့်ပြန့်ပြီး စကားအပြောအဆိုချိုသာရမည်။

၂။ **အထွေထွေဝန်ထမ်း** ကျား ၂ ဦး

အမှတ်(၁)အတွက် လျှောက်ထားလိုသူများသည် CV Form၊ ဓာတ်ပုံ(၁)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာမိတ္တူ၊ ရဲစခန်းထောက်ခံစာမိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူနှင့် လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**နယ်မှလာသူများအတွက် နေထိုင်စားသောက်ရေး စီစဉ်ပေးသည်။**

### United Vision မျက်မှန်ဆိုင်

အမှတ် ၆၆/၆၈၊ စံရိပ်ငြိမ် ၆ လမ်းထိပ်၊ လှည်းတန်းမီးပွိုင့်အနီး၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
အမှတ် ၂၆၂၊ ရွှေဘုံသာ(အလယ်)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
အမှတ် ၃၈/ဃ၊ လေးထောင့်ကန်လမ်းမကြီး၊ သဃ်န်းကျွန်းဈေးရှေ့၊ ဗ၀န။

**ပျောက်ဆုံးကြောင်း**

ကျွန်မ မကောင်းရင် ၉/တပတ(နိုင်)၁၈၆၀၅၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၆၅၅၇၈၀၉၉**

## ဦးစိုးကိုကိုအောင် (KTDA/၀၀၉၁၄၂)နှင့် အများသိစေရန်

ဒေါ်သီတာဝင်း (ဘ)ဦးအောင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးစိုးကိုကိုအောင်(KTDA/၀၀၉၁၄၂)နှင့်အများသိစေရန်ကြေညာအပ်ပါသည်။ ဦးစိုးကိုကိုအောင်နှင့် ဒေါ်သီတာဝင်းတို့သည် ၁၉-၈-၂၀၀၄ ခုနှစ်တွင် အစ္စလာမ်တရားဥပဒေအရ (နိကာဟ်) (နှစ်ဦးသဘောတူလက်ထပ်)ခဲ့ကြပြီး သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ ယခုအခါ နှစ်ဦးစိတ်သဘောထားမတိုက်ဆိုင်၍ ၃-၅-၂၀၁၇ ရက်တွင် အစ္စလာမ်တရားဥပဒေအရ (မူဘာရတ်) (နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲစာချုပ်) လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးစိုးကိုကိုအောင်သည် ဒေါ်သီတာဝင်းနှင့် ၃-၅-၂၀၁၇ ရက်မှစ၍ တရားဝင်ခင်ပွန်းတစ်ဦးမဟုတ်တော့ပါသဖြင့် ဒေါ်သီတာဝင်းအပေါ် ကိုယ်စိတ်နှစ်ပါးဆင်းရဲစေရန်မည်သည့်ကိစ္စကိုမျှ မပြုလုပ်ရန်နှင့် လိုက်နာခြင်းမရှိပါက ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဦးအေးဇော်ဝင်း LL.B (တရားလွှတ်တော်ရှေ့နေ)**
**တိုက် ၆/ခ၊ သစ္စာလမ်း၊ (၈) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၅၇၀၉၂**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မဏိစန္ဒာ ၈/တတက(နိုင်)၁၅၀၇၈၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၀၉၀၉၂၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် ၁၀၃၀၊ မနော်ဟရီလမ်း၊ အကျယ်အဝန်း (၄၀'× ၆၀')ရှိ နှစ် ၆၀ ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြတ်ထွန်း B.Sc, R.L** **စဉ်-၃၆၉၀**
**ဒေါ်သဲစုထွေး LL.B, D.B.L.,D.M.L.,D.I.L** **စဉ်-၁၂၁၇၃**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၅၅၊ ၁၄ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၀၇၂၂၂၁၊ ၀၉-၇၃၁၄၄၀၅၅၊ ၀၉-၂၅၉၃၅၃၇၉၀**

မောင်တောခရိုင် ပြည်သူ့ဆေးရုံ၌ ခေတ်မီခွဲစိတ်ခန်းသစ်ကြီး မကြာမီဖွင့်လှစ်မည် စာ » ၈

အရင်းအနှီးများပြီး အထွက်နှုန်း လျော့နည်းလာသဖြင့် ရေနံလုပ်ငန်းကို မှီခိုနေသူများ မျှော်သစ်မျှော်နေ စာ » ၉

ခေတ်သစ်ပိုးလမ်းမကြီးတစ်လျှောက် လွတ်လပ်သောကုန်သွယ်ရေး ဖော်ဆောင်နိုင်ရန် တရုတ်က ကန်ဒေါ်လာ ၁၂၄ ဘီလီယံ မတည် စာ » ၁၀

အမြန်ရေယာဉ်၏ လှိုင်းဒဏ်ကြောင့် စစ်တွေမြို့၌ ပဲ့ချိတ်စက်လှေတစ်စင်း နစ်မြုပ် စာ » ၁၂

ရိုက်ပုတ်နှိပ်စက်သော ခင်ပွန်းအား ဇနီးသည်က သံတူရွင်းနှင့် ရိုက်သတ် စာ » ၁၃



ပလက်ဝ-ကျီခါးလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်

# ချင်းပြည်နယ် တောင်နှင့်မြောက်ကို ချိတ်ဆက်ပေးမည့် ပလက်ဝ-ကျီခါးလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေ

**သတင်းနှင့်ဓာတ်ပုံ- CL ထန်းငါ**

**ဟားခါး မေ ၁၄**

ချင်းပြည်နယ်၏ တောင်ပိုင်းနှင့် မြောက်ပိုင်းကို တိုက်ရိုက်ဆက်သွယ်ပေးမည့် ပလက်ဝ-ကျီခါးလမ်းမကြီးကို ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ ဦးစားပေးအဆင့်အနေဖြင့် စီမံချက်ချ၍ လမ်းအဆင့်မြှင့်တင်ခြင်းနှင့် အသစ်ဖောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ်မှာ ပြည်နယ်အစိုးရအနေနဲ့ အဓိကလုပ်မယ့်လုပ်ငန်းထဲမှာ ပလက်ဝနဲ့ ကျီခါးလမ်းကို အဓိက ဦးစားပေးမယ်။ လမ်းဟောင်းအတိုင်းပဲ လုပ်ဆောင်သွားမယ်။ စီမံကိန်းမှာ အဓိကပါဝင်မယ့် လုပ်ငန်းကတော့ ကတ္တရာခင်းတာပါမယ်။ ကျောက်ခင်းတာပါမယ်။ လမ်းတာခဲ့တာပါမယ်။ နောက်ဆုံးကတော့ လမ်းသစ်တူးဖော်တာလည်းပါမယ်"ဟု ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးက ပြောသည်။

ချင်းပြည်နယ်အတွင်းရှိ တောင်ဘက်စွန်း ပလက်ဝမြို့နယ်မှစ၍ ပြည်ထောင်စုလမ်းမကြီးများဖြစ်သည့် မတူပီ-ဟားခါး-ဖလမ်း-သိုင်းငင်း-တီးတိန်-တွန်းဇံလမ်းမှတစ်ဆင့် မြောက်ဘက်စွန်း ကျီခါးမြို့နယ်အထိ စုစုပေါင်းလမ်းအရှည် ၅၀၈ မိုင်ကို အသုံးပြုရန် လျာထားခြင်းဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၃ ✻



မကွေးအသင်းနှင့် ရောဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်

# MNL ပြိုင်ပွဲတွင် အသင်းကြီးအများစု အနိုင်ရ

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

ရန်ကုန် မေ ၁၄

**၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၃) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ကွင်းငါးကွင်း၌ ကျင်းပရာ ရောဝတီ၊ ရန်ကုန်၊ ရတနာပုံ၊ Southern နှင့် ဟံသာဝတီအသင်းတို့ နိုင်ပွဲများ ရရှိခဲ့သည်။**

သုဝဏ္ဏကွင်း၌ ကျင်းပသော ပွဲတွင် ရောဝတီအသင်းက မကွေးအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ ပထမအကျော့ပြီးခါနီးကတည်းက ရလဒ်ကောင်းများ ရယူနေသည့် ရောဝတီအသင်းသည် မကွေးအသင်းကို ထပ်မံအနိုင်ယူပြီး စတုတ္ထနေရာ၌ ဆက်လက်ရပ်တည်လျက်ရှိသည်။ မကွေးအသင်းမှာမူ နိုင်ပွဲထပ်မံပျောက်ဆုံးခဲ့သောကြောင့် လက်ကျန်ပွဲများတွင် ရုန်းကန်ရတော့မည်ဖြစ်သည်။

ပုံစံကောင်းရနေသည့် ရောဝတီအသင်းသည် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာပြီး မကွေးအသင်းမှာလည်း အသစ်ခေါ်ထားသည့် အဗ္ဗဒူ အပါအဝင် လူစုံအသုံးပြုခဲ့သည်။ ပထမပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး အတွဲမိနေသည့် ဆီဘန်စတန်နှင့် မာတူနာတို့၏ ရောဝတီတိုက်စစ်တွဲ လုံးမှာ မကွေးခံစစ်ပိုင်းကို အခက်တွေ့အောင်ကစားနိုင်ခဲ့သည်။ ၃၆ မိနစ်တွင် ရောဝတီအသင်း ဂိုးရခဲ့ပြီး ဆီဘန်စတန်ပေးသောဘောလုံးကို မာတူနာက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် မကွေးအသင်းက ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး အခွင့်အရေးအချို့ပြန်ရခဲ့သော်လည်း ထူးထူးအောင်နှင့် အောင်စိုးမိုးတို့ အသုံးမချနိုင်ခဲ့ပေ။ ရောဝတီအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၇၆ မိနစ်တွင်

စာမျက်နှာ ၁၄ ကော်လံ ၅ ✪

